
ISP CHINA STUDIES

ဇွန်လ၊ ၂၀၂၅ ခုနှစ်

# တရုတ်-မြန်မာဆက်ဆံရေးအပေါ်

## မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း (၂၀၂၄)



PROMOTING LEADERSHIP AND
STRENGTHENING CIVIC PARTICIPATION

**မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု**

၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာပြည်ဖွား Think Tank အဖွဲ့ဖြစ်ပါသည်။

---

**တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း (၂၀၂၄)** ကို ၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက်တွင် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISP-Myanmar) က ထုတ်ဝေပါသည်။ ယခုစစ်တမ်းသည် ISP-Myanmar ၏ တရုတ်ရေးရာလေ့လာမှု (China Studies) က လုပ်ဆောင်နေသော သုတေသနပြု လေ့လာမှုများထဲက တစိတ်တပိုင်းဖြစ်ပါသည်။ ISP-Myanmar အနေနှင့် 'တရုတ်-မြန်မာ ဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း'ကို ၂၀၂၂ ခုနှစ်ကစ၍ နှစ်စဉ်ထုတ်ဝေခဲ့ပြီး ယခုအကြိမ်သည် တတိယမြောက်ဖြစ်ပါသည်။

+၆၆ ၈၀၇ ၇၄၇ ၉၇၁၂

စာတိုက်သေတ္တာအမှတ် ၁၄၉၊ ချင်းမိုင်တက္ကသိုလ်စာတိုက်၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ။

info@ISPMyanmar.com | www.ISPMyanmar.com

# မာတိကာ


- စစ်တမ်းအကြောင်း ၄
- စစ်တမ်းအကျဉ်းချုပ် ၇
- ထူးခြားတွေ့ရှိချက် ငါးရပ် ၈
- စစ်တမ်းမေးခွန်းနှင့် ရလဒ်များ
    - ၁။ တရုတ်နိုင်ငံအပေါ် ယေဘုယျသဘောထားအမြင်များ ၁၁
    - ၂။ မြန်မာ့နိုင်ငံရေးအကျပ်အတည်းတွင် တရုတ်နိုင်ငံ၏ပါဝင်မှုအပေါ် အမြင်များ ၂၉
    - ၃။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ပါဝင်မှုအပေါ် အမြင်များ ၆၁
    - ၄။ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးအရ ဆက်ဆံရေးအပေါ် အမြင်များ ၇၉
    - ၅။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) အပေါ် အမြင်များ ၉၃
    - ၆။ မြန်မာကတဆင့် တရုတ်၏ ဒေသတွင်းအစီအမံအပေါ် အမြင်များ ၁၁၉
    - ၇။ တရုတ်နိုင်ငံ၏ ဆွဲဆောင်မှုကိုအသုံးပြုသော အာဏာသြဇာအပေါ် အမြင်များ ၁၃၁
    - ၈။ တရုတ်နည်းပညာသုံး မိုဘိုင်းဖုန်းများ၊ အက်ပလီကေးရှင်းများနှင့် လုံခြုံရေးဆိုင်ရာ အီလက်ထရောနစ်ပစ္စည်းများ သုံးစွဲမှုအပေါ် အမြင်များ ၁၄၃
- နောက်ဆက်တွဲ
    - စစ်တမ်းကောက်ယူမှု သုတေသနနည်းနာ ၁၅၆
    - တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာရွေးချယ်သရုပ်ခွဲခြင်း ၁၆၀
- ISP-Myanmar အကြောင်း ၁၆၃


# စစ်တမ်းအကြောင်း


မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISP-Myanmar) သည် တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်းကို ၂၀၂၂ ခုနှစ်ကစတင်၍ နှစ်စဉ်ပြုလုပ်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် ပြုလုပ်ခဲ့သော ယခုစစ်တမ်းသည် တတိယအကြိမ်မြောက် ဖြစ်ပါသည်။ စစ်တမ်းပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ကဏ္ဍအမျိုးမျိုးတွင် ပါဝင်လုပ်ကိုင်နေကြသော မြန်မာ့မူဝါဒအသိုက်အဝန်းက လူကျော်လူမော်များအနေနှင့် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို အဓိကပုံဖော်နေသည့် အခြေခံအကြောင်းအရာများအပေါ် မည်သို့နားလည်ရှုမြင်နေကြသနည်း ဆိုသည်တို့ကို ဆန်းစစ်ပိုင်းခြားရန်ဖြစ်သည်။ ထို့အပြင် ISP-Myanmar ၏ သုတေသနအချက်အလက်များအပေါ် အခြေခံ၍ လက်တွေ့မျက်တွေ့ကွာဟချက်များနှင့် အပြန်အလှန်ဆက်နွယ်မှုများကို ဆန်းစစ်လေ့လာနိုင်ရန်ဖြစ်ပါသည်။ ယခုထုတ်ဝေလိုက်သည့် စစ်တမ်းတွင် မေးခွန်း ၉၂ ခုပါဝင်ကာ (၁) တရုတ်နိုင်ငံအပေါ် ယေဘုယျသဘောထား၊ (၂) မြန်မာ့အကျပ်အတည်းတွင် တရုတ်နိုင်ငံပါဝင်မှု၊ (၃) ငြိမ်းချမ်းရေး၊ (၄) စီးပွားရေးအရ ဆက်ဆံရေး၊ (၅) စီးပွားရေးစကြံ့စီမံကိန်း၊ (၆) မြန်မာကတဆင့် တရုတ်နိုင်ငံ၏ ဒေသတွင်းပေါင်းစည်းရေးအစီအမံများ၊ (၇) တရုတ်နိုင်ငံ၏ ဆွဲဆောင်မှုကိုအသုံးပြုသော အာဏာသြဇာနှင့် (၈) တရုတ်ကုမ္ပဏီများက ထုတ်လုပ်သော အီလက်ထရောနစ်ပစ္စည်းများ၊ ဆက်သွယ်ရေးကွန်ရက်များကို အသုံးပြုမှုနှင့် ယုံကြည်မှုဟူ၍ အခန်းရှစ်ခန်း ပိုင်းခြားထားပါသည်။

မြန်မာ့မူဝါဒအသိုက်အဝန်းဟုဆိုရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ ထင်ရှားကျော်ကြားသူများ (မြန်မာနိုင်ငံတွင် တရုတ်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေး ကဏ္ဍအသီးသီးတွင် အရေးပါသောအခန်းကဏ္ဍက ပါဝင်နေသည့် တတ်သိပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ၊ ထင်ရှားသောပုဂ္ဂိုလ်များ)၊ တိုင်းရင်းသားလက်နက်ကိုင်များအဖွဲ့ဝင်များနှင့် နွေဦးတော်လှန်ရေးတွင်အသစ်ပေါ်ပေါက်လာပြီး တရုတ်စီမံကိန်းများရှိရာ ဒေသများတွင် အခြေစိုက်သည့် လက်နက်ကိုင်တပ်ဖွဲ့ခေါင်းဆောင်များ ပါဝင်ပါသည်။ ယခုနှစ်တွင် ထူးခြားချက်အနေဖြင့် မြန်မာ့ပဋိပက္ခဖြေရှင်းရေးတွင် တရုတ်နိုင်ငံ၏ သဘောထားများ၊ ရပ်တည်ချက်များ၊ မူဝါဒများအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်းက မည်သို့သဘောထားသည်ကို မေးမြန်းထားသည့် မေးခွန်းများ ပါဝင်ပါသည်။ စစ်တမ်းအတွက် **အသိုက်အဝန်းခြောက်ခုက လူပုဂ္ဂိုလ် ၃၀၀ ဦးကို ကနဦးလျာထားခဲ့ပြီး ၂၆၀ ဦးကို**

■ တွေ့ဆုံမေးမြန်းခွင့်ရခဲ့သော အသိုက်အဝန်းခြောက်ခုက လူဦးရေနှင့် ရာခိုင်နှုန်း

| အသိုက်အဝန်း | လူဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| အရပ်ဘက်အဖွဲ့အစည်းများ | ၁၀၅ | ၄၀% |
| နိုင်ငံရေးနယ်ပယ် | ၁၆ | ၆% |
| စီးပွားရေးအသင်းအဖွဲ့များ | ၄၂ | ၁၆% |
| ထင်ရှားကျော်ကြားသူများ | ၆၆ | ၂၅% |
| EAOs | ၁၅ | ၆% |
| PDFs/LDFs | ၁၆ | ၆% |
| စုစုပေါင်း | ၂၆၀ | ၁၀၀% |




မေးမြန်းနိုင်ခဲ့ပါသည်။ ဖြေဆိုသူများတွင် **အမျိုးသား ၁၉၃ ဦး၊ အမျိုးသမီး ၆၄ ဦးနှင့် အခြား သုံးဦး** ပါဝင်သည်။ ယခုအရေအတွက်သည် ၂၀၂၃ ခုနှစ်စစ်တမ်းထက် ၁၀ ဦး၊ ၂၀၂၂ ခုနှစ်စစ်တမ်းထက် ၄၅ ဦး ပိုများခဲ့ပါသည်။ အမျိုးသမီးပါဝင်မှုလည်း နှစ်စဉ် ပိုတိုးလာပါသည်။ ယခုစစ်တမ်းပါ ကိန်းဂဏန်းများတွင် အချို့သော ရာခိုင်နှုန်းများသည် ၁၀၀ ထက်ကျော်လွန်ခြင်း သို့မဟုတ် လျော့နည်းခြင်းများ ရှိနိုင်ပါသည်။ ၎င်းသည် စာရင်းအင်းအချက်အလက်များ ပြန်လည်ရေးသားရာတွင် အသုံးပြုလေ့ရှိသော စံနှုန်းတခုဖြစ်ပြီး စစ်တမ်းရလဒ်၏ အလုံးစုံ ခိုင်မာမှု သို့မဟုတ် တရားဝင်မှု၊ အချက်အလက်၏ တိကျမှုနှင့် ယုံကြည်စိတ်ချရမှုအပေါ် သက်ရောက်မှုမရှိပါ။ ယခုစစ်တမ်းကို ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လုပ်ရှားမှုအဖွဲ့ (PACE) က နည်းပညာပိုင်း ကူညီပေးထားပါသည်။ စစ်တမ်းကောက်ယူသည့်နည်းနာနှင့် အကြောင်းအရာများကို နောက်ဆက်တွဲစာမျက်နှာတွင် အသေးစိတ် ဖတ်ရှုလေ့လာနိုင်ပါသည်။

စစ်တမ်းကာလအတွင်း နောက်ခံအကြောင်းခြင်းရာများကို ထည့်သွင်းစဉ်းစားမည်ဆိုပါက စစ်တမ်းဖြေကြသူ မြန်မာ့အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို ပို၍နားလည်နိုင်ပါမည်။ စစ်တမ်းမကောက်ယူခင် လများသည် ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) ၏ 'စစ်ဆင်ရေး ၁၀၂၇' ဒုတိယပိုင်းကာလဖြစ်သည်။ ထို့မတိုင်မီတွင်လည်း စစ်ကောင်စီ၏ တပ်စခန်း ၂၄၀ ထက်မနည်းအပြင် အရေးကြီးသောနယ်စပ်ကုန်သွယ်ရေးစခန်းများကို 3BHA က တိုက်ခိုက်သိမ်းယူထားသည်။ မြန်မာစစ်တပ်အနေနှင့် မရှုမလှ ရှုံးနိမ့်မှုကို ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ထို့နောက်တွင် 3BHA နှင့် စစ်ကောင်စီအကြား ဆွေးနွေးပွဲများကို ယူနန်ပြည်နယ် ကူမင်းမြို့တွင် တရုတ်နိုင်ငံ၏ ကမကထပြုမှုဖြင့် ကျင်းပနိုင်ခဲ့ပြီး ဆွေးနွေးသည့်ဟိုတယ်အမည်ကို အစွဲပြု၍ခေါ်ဆိုခဲ့ကြသော 'ဟိုင်ဂင်ဆွေးနွေးပွဲများ' ပေါ်ပေါက်လာခဲ့သည်။ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးအတွက် တရုတ်နိုင်ငံ၏ ချဉ်းကပ်မှုကို 'စီးပွားမက်လုံးအပေါ် အခြေခံသော ပဋိပက္ခအရှိန်လျှော့ချခြင်းမျိုး'ဟု ယူဆနိုင်ပါသည်။ ဟိုင်ဂင်သဘောတူညီချက်ဖြင့် ရှမ်းမြောက်ဒေသတွင် ယာယီအပစ်ရပ်ရန် သဘောတူလိုက်ကြပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ယာယီအပစ်ရပ်ခဲ့ကြသည်။ ဩဂုတ်လတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ နေပြည်တော်သို့ ရောက်ရှိလာပြီး လက်ရှိမြန်မာစစ်ခေါင်းဆောင်များအပြင် ယခင် စစ်ခေါင်းဆောင်ဟောင်းများဖြစ်သော ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် သမ္မတဟောင်း ဦးသိန်းစိန်တို့နှင့်လည်း တွေ့ဆုံခဲ့သည်။

ထိုကာလသည် မြန်မာနိုင်ငံ သံတမန်ရေးနှင့်ပတ်သက်သော တရုတ်နိုင်ငံ၏ မဟာဗျူဟာအလှည့်အပြောင်းဟု ယူဆနိုင်ပါသည်။ တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံ မတည်ငြိမ်မှုနှင့် စစ်ပွဲဖြစ်ပွားနေမှုများကို ဆန့်ကျင်ကြောင်း၊ ပြည်ပအင်အားစုများက မြန်မာ့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နေသည်ကို ဆန့်ကျင်ကြောင်းနှင့် မြန်မာ့အရေး ကျော်လွန်မရသည့် စည်းသုံးစည်းကိုလည်း မစ္စတာဝမ်ယိက ပြောခဲ့သည်။ ထို့အပြင် မြန်မာ့နိုင်ငံရေးအကျပ်အတည်း၏ ထွက်ရပ်လမ်းအဖြစ် ရွေးကောက်ပွဲများ ကျင်းပရေးကိုလည်း တရုတ်နိုင်ငံက တိုက်တွန်းခဲ့သည်။ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) နှင့် စစ်ကောင်စီတို့ အပစ်ရပ်စဲရေးကိုလည်း တရုတ်နိုင်ငံက ဖိအားသုံးကာ ကြားဝင်ဖျန်ဖြေခဲ့ပြီး လားရှိုးမြို့ကို စစ်ကောင်စီထံ ပြန်ပေးစေခဲ့သည်။ စစ်တမ်းစတင်မေးမြန်းနေချိန် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင်လည်း တရုတ်အထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွန်းနှင့် 'ဝ' တို့၏ အစည်းအဝေးမှတ်တမ်း ပေါက်ကြားခဲ့သည်။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး-စစ်ကိုင်း ငလျင်ကြီးအတွက်လည်း ကူညီကယ်ဆယ်မှုများကို တရုတ်နိုင်ငံက အစောဆုံးနှင့် အများဆုံး ပို့ဆောင်ခဲ့သည်။ မြန်မာ့မူဝါဒအသိုက်အဝန်း၏ ထင်ဟပ်ဖြေဆိုချက်များကို အဆိုပါအခြေအနေများနှင့် ချိန်ထိုးသုံးသပ်ကြည့်ရန် လိုပါသည်။ ■

# စစ်တမ်းအကျဉ်းချုပ်


ယခုနှစ်စစ်တမ်းရလဒ်အရ မြန်မာ့မူဝါဒအသိုက်အဝန်းတွင် ယေဘုယျအားဖြင့် တရုတ်နိုင်ငံအပေါ် အပြုသဘောမဆောင်သည့်အမြင်များ သိသိသာသာများလာသည်ကို တွေ့ရပါသည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် အိမ်နီးချင်းကောင်းမဟုတ်ဟုယူဆသူ သိသိသာသာတိုးလာပါသည်။ ထူးခြားချက်တခုမှာ တရုတ်နိုင်ငံနှင့်ဆက်ဆံရေးတွင် မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် အကြီးမားဆုံးစိန်ခေါ်မှုအဖြစ် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် လုံခြုံရေးကဏ္ဍတွင် တရုတ်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှုကို အများစုက ဖြေဆိုခဲ့ခြင်းပင်ဖြစ်သည်။ ယခင်နှစ်များက စီးပွားရေးအရလွှမ်းမိုးမှုဟု ဖြေဆိုခဲ့ကြပါသည်။

တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံကို ဩဇာခံနိုင်ငံဖြစ်စေလိုသည်ဟု တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) များအကြား ယူဆနေမှုမှာလည်း အများဆုံးဖြစ်သည်။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ပါဝင်မှုနှင့် ငြိမ်းချမ်းရေးရလဒ်များအပေါ် အဆိုးမြင်မှုများလည်း မြင့်တက်လာပါသည်။ မြန်မာ့အကျပ်အတည်းဖြေရှင်းရေးနှင့်ပတ်သက်သောတရုတ်နိုင်ငံ၏မူဝါဒများကိုလည်း လက်တွေ့မကျဟု အများစုက ရှုမြင်ကြပါသည်။ မြန်မာ့အရေးတွင် တရုတ်နိုင်ငံက ဝင်ရောက်စွက်ဖက်နေသည်ဟု ယူဆသူ ပိုမိုများပြားလာသကဲ့သို့ တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံကို အာဏာရှင်စနစ်ဖြစ်စေလိုသည်ဟု မြင်သူများလည်း ပိုများလာပါသည်။

ထို့အပြင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံစီမံကိန်း အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ သဘောမတူသူ များပြားပါသည်။ စီမံကိန်းများ ဆက်လက်လည်ပတ်နိုင်ရန် EAOs များကို တရုတ်ကုမ္ပဏီများက ဆက်သွယ်ခဲ့ကြောင်းလည်း တွေ့ရပါသည်။ ထို့အပြင် တရုတ်စီမံကိန်းများကို မထိခိုက်စေရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs)၊ ပြည်သူ့ကာကွယ်ရေးတပ်များနှင့် ဒေသခံကာကွယ်ရေးတပ်များ (PDFs/LDFs) သို့ တရုတ်ဘက်က ဆက်သွယ်ခဲ့သည်ကိုလည်း တွေ့ရပါသည်။ ဒေသတွင်းပေါင်းစည်းရေး အစီအစဉ်များနှင့်ပတ်သက်လျှင်လည်း လန်ချန်း-မဲခေါင်အစီအစဉ်ကလွဲ၍ ကျန်အစီအစဉ်များကို မသိရှိသူ အလွန်များနေသေးသည်။ တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုပုံစံ၊ တရုတ်နည်းတရုတ်ဟန်ဒီမိုကရေစီ၊ အုပ်ချုပ်ရေးပုံစံနှင့် စနစ်များကို မနှစ်ခြိုက်သူ ပိုမိုများလာသည်ကိုလည်း တွေ့ရပါသည်။ ■


# ထူးခြားတွေ့ရှိချက် ငါးရပ်

## ၁။ ရွေးကောက်ပွဲသည် ရေရှည်ပဋိပက္ခ ဖြေရှင်းရေးကို အထောက်အကူမပြုနိုင်





မြန်မာ့နိုင်ငံရေးအကျပ်အတည်းကို ရွေးကောက်ပွဲလမ်းကြောင်းကတဆင့် ထွက်ပေါက်ရှာရန် စစ်ကောင်စီကို တရုတ်နိုင်ငံက တွန်းအားပေးခြင်းသည် ရေရှည်ပဋိပက္ခ ဖြေရှင်းရေးအတွက် အထောက်အကူ မဖြစ်နိုင်ကြောင်း စစ်တမ်းဖြေဆိုသူအားလုံး၏ **၈၁ ရာခိုင်နှုန်း**က ရှုမြင်ကြသည်။ အထောက်အကူဖြစ်ကြောင်း ဖြေဆိုသူမှာ **၁၆ ရာခိုင်နှုန်း**ရှိသည်။ ယခင်နှစ်စစ်တမ်းတွင် အထောက်အကူမဖြစ်ကြောင်း ဖြေသူ **၇၃ ရာခိုင်နှုန်း**ရှိသဖြင့် **ရှစ်ရာခိုင်နှုန်း** ပိုများလာသည်။

## ၂။ တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီကို မကြိုက်သူများပြား





တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီစနစ်မျိုးသည် မြန်မာနိုင်ငံအတွက် အတုယူကျင့်သုံးသင့်သည်ဆိုသော ပြောဆိုရေးသားမှုများကို သဘောမတူကြောင်း ဖြေဆိုသူ **၉၀ ရာခိုင်နှုန်း**ရှိပါသည်။ **ခုနစ်ရာခိုင်နှုန်း**က သဘောတူကြောင်း ဖြေဆိုခဲ့သည်။ ယခင်နှစ်စစ်တမ်းများနှင့် နှိုင်းယှဉ်ပါက သဘောမတူသူမှာ ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်ကထက် **သုံးရာခိုင်နှုန်း**တိုးလာပြီး သဘောတူသူမှာ ၂၀၂၂ ခုနှစ်ကထက် **တစ်ရာခိုင်နှုန်း**နှင့် ၂၀၂၃ ခုနှစ်ကထက် **နှစ်ရာခိုင်နှုန်း** လျော့သွားသည်။

## ၃။ စီမံကိန်းများ တိုက်ခိုက်ခံရသဖြင့် တရုတ်က မြန်မာ့အရေး အားပိုစိုက်လာဟု ယူဆကြ





မြန်မာနိုင်ငံတွင်ရှိသော တရုတ်နိုင်ငံ၏ ဗျူဟာမြောက် စီမံကိန်းများ တိုက်ခိုက်သိမ်းပိုက်ခံရသဖြင့် မြန်မာ့နိုင်ငံရေးအကျပ်အတည်းဖြေရှင်းရေးတွင် တရုတ်နိုင်ငံက ဖိဖိစီးစီးပါဝင်လာခြင်းဖြစ်ကြောင်း ယူဆသူ **၆၃ ရာခိုင်နှုန်း**ရှိသည်။ ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) ၏ စစ်ရေးအောင်မြင်မှုကြောင့်ဖြစ်သည်ဟု ယူဆသူ **၅၈ ရာခိုင်နှုန်း** ရှိသည်။ အတိုက်အခံအင်အားစုများ စည်းလုံးလာခြင်းကြောင့်ဖြစ်သည်ဟု ယူဆသူ **၃၇ ရာခိုင်နှုန်း**ရှိပါသည်။

## ၄။ တရုတ်နိုင်ငံကို အဆိုးမြင်သူ ဆက်များနေ




စစ်တမ်းဖြေသူအားလုံး၏ **၇၅ ရာခိုင်နှုန်း**က အာဏာသိမ်းမှုအလွန်တွင် တရုတ်နိုင်ငံအပေါ် ပို၍အဆိုးမြင်လာကြောင်း ဖြေဆိုခဲ့ကြသည်။ ယခင်နှစ်က စစ်တမ်းများနှင့် နှိုင်းယှဉ်ပါက 'ပို၍အဆိုးမြင်ပါသည်' ဟု ဖြေသူ ရာခိုင်နှုန်း နှစ်စဉ်တိုးလာသည်ကို တွေ့ရပါသည်။

## ၅။ စီမံကိန်းများ ဆက်လက်လည်ပတ်နိုင်ရေး ပူးပေါင်းရန် ကမ်းလှမ်း





တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) တွင် ပါဝင်သည့် တရုတ်ကုမ္ပဏီများက ဆက်သွယ်ဆွေးနွေးရာ၌ စီမံကိန်းများ ဆက်လက်လည်ပတ်နိုင်ရေး ပူးပေါင်းရန် ကမ်းလှမ်းခဲ့ကြောင်း **(ဆက်သွယ်ခြင်းခံခဲ့ရသူများ၏) ၅၀ ရာခိုင်နှုန်း**က ဆိုပါသည်။ စီမံကိန်းများ မထိခိုက်စေရန် သတိပေးခဲ့ခြင်းများလည်း ရှိခဲ့သည်။

# ၁

# တရုတ်နိုင်ငံအပေါ်
ယေဘုယျသဘောထားအမြင်များ

**မေးခွန်း-၁**

## တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အိမ်နီးချင်းကောင်း ဖြစ်၊ မဖြစ်




မြန်မာ့မူဝါဒအသိုက်အဝန်းတွင် တရုတ်နိုင်ငံကို အိမ်နီးချင်းကောင်းမဟုတ်ဟု ယူဆသူ **၆၈ ရာခိုင်နှုန်း** ရှိပြီး အိမ်နီးချင်းကောင်းဟုယူဆသူမှာ **၃၀ ရာခိုင်နှုန်း**ရှိသည်။ အိမ်နီးချင်းကောင်းမဟုတ်ဟု ယူဆသူမှာ ၂၀၂၃ ခုနှစ် စစ်တမ်းထက် **၁၄ ရာခိုင်နှုန်း**၊ ၂၀၂၂ ခုနှစ် စစ်တမ်းထက် **၁၃ ရာခိုင်နှုန်း** ပိုတိုးလာခြင်း ဖြစ်သည်။ အိမ်နီးချင်းကောင်းဟု ယူဆသူမှာ ၂၀၂၃ ခုနှစ်ထက် **၁၂ ရာခိုင်နှုန်း**နှင့် ၂၀၂၂ ခုနှစ်ထက် **၁၀ ရာခိုင်နှုန်း** လျော့ကျသွားပါသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၁ ကို မေးမြန်းရာတွင် **“ယေဘုယျအနေနဲ့ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံအတွက် ဘယ်လောက်အတိုင်းအတာအထိ အိမ်နီးချင်းကောင်း ဖြစ်ပါသလဲ”**ဟု မေးမြန်းခဲ့ပါသည်။ ကောင်း၊ မကောင်း အတိုင်းအတာကို ‘၁’ ကနေ ‘၄’ အထိ သတ်မှတ်ထားကာ ‘၁’ သည် ‘လုံးဝမကောင်းပါ’ ဖြစ်ပြီး ‘၄’ သည် ‘အလွန်ကောင်းပါသည်’ ဖြစ်ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းတွင် ဖြေဆိုခဲ့သည့် မူဝါဒအသိုက်အဝန်းတခုချင်းစီ၏ ရလဒ်များကို နှိုင်းယှဉ်ပါက တရုတ်နိုင်ငံကို အိမ်နီးချင်းကောင်းဟု မယူဆသူများတွင် **အရပ်ဘက်အဖွဲ့အစည်းများက** အများဆုံးဖြစ်ပြီး ၈၃ ရာခိုင်နှုန်းရှိသည်။ **ထင်ရှားကျော်ကြားသူများ၏** ၇၃ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၆၃ ရာခိုင်နှုန်းနှင့် EAOs များ၏ ၅၃ ရာခိုင်နှုန်းကလည်း ထိုသို့ယူဆကြသည်။ သို့သော် **နိုင်ငံရေးအသိုက်အဝန်း၏** ၆၃ ရာခိုင်နှုန်းနှင့် **စီးပွားရေးအသိုက်အဝန်း၏** ၆၀ ရာခိုင်နှုန်းတို့က အိမ်နီးချင်းကောင်းဖြစ်သည်ဟု ဖြေဆိုကြပါသည်။

မေးခွန်း-၁


‘တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အိမ်နီးချင်းကောင်း ဖြစ်၊ မဖြစ်’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၁၈% | ၂၄% | ၆% | ၇% | ၁၅% | ၂၀% | ၂၅% |
| မကောင်းပါ | ၅၀% | ၅၉% | ၂၅% | ၃၃% | ၅၈% | ၃၃% | ၃၈% |
| ကောင်းပါသည် | ၂၉% | ၁၅% | ၅၀% | ၆၀% | ၂၁% | ၄၇% | ၃၁% |
| အလွန်ကောင်းပါသည် | ၁% | ၀% | ၁၃% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၃% | ၂% | ၀% | ၀% | ၆% | ၀% | ၆% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝမကောင်းပါ’နှင့် ‘မကောင်းပါ’ နှစ်ရပ်ပေါင်းကို ‘မကောင်းပါ’ဟုလည်းကောင်း၊ ‘ကောင်းပါသည်’နှင့် ‘အလွန်ကောင်းပါသည်’ နှစ်ရပ်ပေါင်းကို ‘ကောင်းပါသည်’ဟုလည်းကောင်း ကောက်ယူပါသည်။

မေးခွန်း-၂

## တရုတ်-မြန်မာဆက်ဆံရေးတွင် မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှု




တရုတ်-မြန်မာဆက်ဆံရေးတွင် မြန်မာနိုင်ငံရင်ဆိုင်နေရသည့် အကြီးမားဆုံးစိန်ခေါ်မှုမှာ 'ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် လုံခြုံရေးကဏ္ဍများတွင် တရုတ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှု' ဖြစ်ကြောင်း ၄၆ ရာခိုင်နှုန်းက ဖြေဆိုကြသည်။ ယခင်နှစ်စစ်တမ်းများ၌ 'ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများတွင် တရုတ်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှု'နှင့် 'လုံခြုံရေးကဏ္ဍတွင် တရုတ်၏လွှမ်းမိုးမှု' ဟူ၍ သီးခြားခွဲပြီး မေးမြန်းခဲ့ပါသည်။ ၂၀၂၃ ခုနှစ် စစ်တမ်းတွင်မူ 'ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများတွင် တရုတ်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှု'ဖြစ်ကြောင်း ဖြေဆိုသူ ၂၂ ရာခိုင်နှုန်းရှိပြီး 'လုံခြုံရေးကဏ္ဍတွင် တရုတ်၏လွှမ်းမိုးမှု'ဟု ဖြေဆိုသူ ခြောက်ရာခိုင်နှုန်းရှိပါသည်။ ၂၀၂၂ ခုနှစ်စစ်တမ်း၌ 'ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများတွင် တရုတ်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှု'ဟု ဖြေဆိုသူမှာ ၁၉ ရာခိုင်နှုန်းရှိပြီး 'လုံခြုံရေးကဏ္ဍတွင် တရုတ်၏လွှမ်းမိုးမှု'ဟု ဖြေဆိုသူ လေးရာခိုင်နှုန်းရှိပါသည်။ ယခုစစ်တမ်းတွင် ၃၂ ရာခိုင်နှုန်းက 'ပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမှု'ဟုလည်းကောင်း၊ ၁၇ ရာခိုင်နှုန်းက 'စီးပွားရေးအရလွှမ်းမိုးခံရမှု'ဟုလည်းကောင်း ဖြေဆိုခဲ့သည်။ ထိုသို့ဖြေဆိုမှုမှာ ၂၀၂၃ နှင့် ၂၀၂၂ ခုနှစ်တို့ထက် ၂၁ ရာခိုင်နှုန်းနှင့် ၂၂ ရာခိုင်နှုန်း လျော့ကျသွားသည်။

မေးခွန်း-၂ ကို မေးမြန်းရာတွင် 'တရုတ်-မြန်မာဆက်ဆံရေး၌ မြန်မာနိုင်ငံရင်ဆိုင်နေရသည့် စိန်ခေါ်မှုတချို့'ကို ဖတ်ပြကာ "အဓိကအကျဆုံးလို့ ယူဆတဲ့ စိန်ခေါ်မှုတခုကို ရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းတွင်ဖြေဆိုခဲ့သည့် အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ရာတွင် 'ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် လုံခြုံရေးကဏ္ဍများတွင် တရုတ်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှု' ဟူသည့် အဖြေကို ရွေးချယ်ရာတွင် **ထင်ရှားကျော်ကြားသူများက ၅၂ ရာခိုင်နှုန်းနှင့် အရပ်ဘက်အဖွဲ့အစည်းများက ၅၀ ရာခိုင်နှုန်းရှိပြီး** အများဆုံးဖြစ်သည်။ EAOs ၄၇ ရာခိုင်နှုန်းနှင့် PDFs/LDFs ၄၄ ရာခိုင်နှုန်းတို့က 'ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် လုံခြုံရေးကဏ္ဍများတွင် တရုတ်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှု'နှင့် 'ပထဝီနိုင်ငံအရေးအရ လွှမ်းမိုးခံရမှု'တို့ကို ရွေးချယ်ကြသည်။ **နိုင်ငံရေးအသိုက်အဝန်းကမူ** 'ပထဝီနိုင်ငံအရေးအရ လွှမ်းမိုးခံရမှု'ဟူသည့် အဖြေကို အများဆုံးရွေးချယ်ခဲ့ကြပြီး **၅၀ ရာခိုင်နှုန်းရှိသည်။**


မေးခွန်း-၂

'တရုတ်-မြန်မာဆက်ဆံရေး၌ မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| စိန်ခေါ်မှု တခုမှမရှိပါ | ၀% | ၀% | ၀% | ၂% | ၀% | ၀% | ၀% |
| စီးပွားရေးအရ လွှမ်းမိုးခံရမှု | ၁၇% | ၂၂% | ၀% | ၂၆% | ၁၁% | ၇% | ၁၃% |
| ပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမှု | ၃၂% | ၂၅% | ၅၀% | ၂၉% | ၃၃% | ၄၇% | ၄၄% |
| လက်နက်ကိုင်ပဋိပက္ခများနှင့် လုံခြုံရေးကဏ္ဍတွင် တရုတ်နိုင်ငံဝင်ရောက်စွက်ဖက်မှု | ၄၆% | ၅၀% | ၄၄% | ၃၁% | ၅၂% | ၄၇% | ၄၄% |
| ယဉ်ကျေးမှုနှင့် လူဦးရေအရ လွှမ်းမိုးခံရမှု | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| အခြား | ၅% | ၄% | ၀% | ၁၂% | ၅% | ၀% | ၀% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |

**မေးခွန်း-၃**

## တရုတ်-မြန်မာဆက်ဆံရေးတွင် မြန်မာနိုင်ငံက အဓိကရရှိနေသော အခွင့်အလမ်းများ




တရုတ်-မြန်မာဆက်ဆံရေးတွင် မြန်မာနိုင်ငံက အဓိကရရှိနေသည့် အခွင့်အလမ်းအဖြစ် **'နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရရှိနိုင်မှု'**ဟု ဖြေဆိုသူမှာ အများဆုံးဖြစ်ပြီး **၃၀ ရာခိုင်နှုန်း**ရှိသည်။ **'ဈေးကွက်ရရှိနိုင်မှု'** ဟု ဖြေဆိုသူ **၂၈ ရာခိုင်နှုန်း**နှင့် **'မည်သည့်အခွင့်အလမ်းမှမရှိ'**ဟု ဖြေဆိုသူမှာ **၁၃ ရာခိုင်နှုန်း**ရှိသည်။ ၂၀၂၃ နှင့် ၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းများတွင် **'ဈေးကွက်ရရှိနိုင်မှု'**ဟု ဖြေဆိုသူမှာ အများဆုံးဖြစ်ခဲ့ပြီး **၃၇ ရာခိုင်နှုန်းစီ**ရှိခဲ့သောကြောင့် ၂၀၂၄ ခုနှစ်တွင် **ကိုးရာခိုင်နှုန်း** လျော့ကျသွားပါသည်။

◀ ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၃ ကိုမေးမြန်းရာတွင် **'တရုတ်-မြန်မာဆက်ဆံရေး၌ မြန်မာနိုင်ငံက အဓိကရရှိနေသည့် အခွင့်အလမ်းတချို့'**ကို ဖတ်ပြကာ **"အဓိကအကျဆုံး အခွင့်အလမ်းတခုကို ရွေးပေးပါ"** ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာ တရုတ်-မြန်မာ ဆက်ဆံရေးတွင် မြန်မာနိုင်ငံက အဓိကရရှိနေသည့် အခွင့်အလမ်းမှာ ‘နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရရှိနိုင်မှု’ ဖြစ်ကြောင်း EAOs နှင့် အရပ်ဘက်အဖွဲ့အစည်းများက အများဆုံးဖြေဆိုကြသည်။ EAOs များ၏ ၄၇ ရာခိုင်နှုန်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ၃၅ ရာခိုင်နှုန်းက ထိုသို့ဖြေဆိုကြသည်။ စီးပွားရေး အသင်းအဖွဲ့များ၏ ၃၃ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၃၁ ရာခိုင်နှုန်းကလည်း ‘နိုင်ငံခြားရင်း နှီးမြှုပ်နှံမှု ရရှိနိုင်မှု’ဟု ဖြေဆိုကြသည်။ ‘ဈေးကွက်ရရှိနိုင်မှု’ဟု ဖြေဆိုသူများတွင် PDFs/LDFs များ က အများဆုံးဖြစ်ပြီး ၃၈ ရာခိုင်နှုန်းရှိသည်။ စီးပွားရေးအသင်းအဖွဲ့များ၏ ၃၃ ရာခိုင်နှုန်းနှင့် ထင်ရှား ကျော်ကြားသူများ၏ ၂၆ ရာခိုင်နှုန်းကလည်း ‘ဈေးကွက်ရရှိနိုင်မှု’ဟု ဖြေဆိုပါသည်။

မေးခွန်း-၃

‘တရုတ်-မြန်မာဆက်ဆံရေး၌ မြန်မာနိုင်ငံ ရရှိနေသော အဓိကအခွင့်အလမ်းများ’အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| မည်သည့်အခွင့်အလမ်းမှ မရှိပါ | ၁၃% | ၁၉% | ၆% | ၂% | ၁၄% | ၇% | ၁၃% |
| ဈေးကွက်ရရှိနိုင်မှု | ၂၈% | ၂၉% | ၁၉% | ၃၃% | ၂၆% | ၂၀% | ၃၈% |
| နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရရှိနိုင်မှု | ၃၀% | ၃၅% | ၃၁% | ၃၃% | ၁၈% | ၄၇% | ၂၅% |
| နည်းပညာ လွှဲပြောင်းရယူနိုင်မှု | ၂% | ၂% | ၀% | ၀% | ၃% | ၀% | ၀% |
| ဖွံ့ဖြိုးမှုအကူအညီ ရရှိနိုင်မှု | ၉% | ၄% | ၁၃% | ၁၄% | ၁၂% | ၇% | ၁၉% |
| အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်နိုင်မှု | ၉% | ၄% | ၁၃% | ၁၀% | ၁၅% | ၂၀% | ၆% |
| အခြား | ၆% | ၄% | ၁၃% | ၇% | ၉% | ၀% | ၀% |
| မသိပါ | ၁% | ၂% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၂% | ၂% | ၀% | ၀% | ၃% | ၀% | ၀% |

**မေးခွန်း-၄ မှ ၇ အထိ**


## မြန်မာနိုင်ငံအနေနှင့် တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း

- လုံးဝမှီခိုရန်မလိုပါ
- မှီခိုရန်မလိုပါ
- မှီခိုရပါသည်
- အပြည့်အဝမှီခိုနေရပါသည်
- မသိပါ
- မဖြေလိုပါ


■ မေးခွန်း-၄





■ မေးခွန်း-၅




■ မေးခွန်း-၆




■ မေးခွန်း-၇




**မေးခွန်း-၈ မှ ၁၁ အထိ**


## မြန်မာနိုင်ငံအနေနှင့် တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း

- လုံးဝမှီခိုရန်မလိုပါ
- မှီခိုရန်မလိုပါ
- မှီခိုရပါသည်
- အပြည့်အဝမှီခိုနေရပါသည်
- မသိပါ
- မဖြေလိုပါ


■ မေးခွန်း-၈





■ မေးခွန်း-၉




■ မေးခွန်း-၁၀





■ မေးခွန်း-၁၁



မေးခွန်း-၁၂ နှင့် ၁၃

## မြန်မာနိုင်ငံအနေနှင့် တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း




မြန်မာနိုင်ငံအနေနှင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကလွဲ၍ ကျန်ကဏ္ဍများတွင် တရုတ်နိုင်ငံကို မှီခိုနေရကြောင်း အများစုက ရှုမြင်ကြသည်ကို တွေ့ရပါသည်။ **၉၆ ရာခိုင်နှုန်းက ‘ကုန်သွယ်ရေး’၊ ၈၉ ရာခိုင်နှုန်းက ‘ရင်းနှီးမြှုပ်နှံမှု’၊ ၈၃ ရာခိုင်နှုန်းက ‘သံတမန်ရေး’၊ ၈၀ ရာခိုင်နှုန်းက ‘ငြိမ်းချမ်းရေးဖြစ်စဉ်’နှင့် ၇၄ ရာခိုင်နှုန်းက ‘နိုင်ငံရေး’**တွင် တရုတ်နိုင်ငံကို မှီခိုနေရသည်ဟု ဖြေဆိုကြသည်။ ယခုရလဒ်များမှာ ယခင်နှစ် စစ်တမ်းရလဒ်များနှင့် များစွာမကွာခြားပေ။ ‘ကုန်သွယ်ရေး’၊ ‘ရင်းနှီးမြှုပ်နှံမှု’ နှင့် ‘သံတမန်ရေး’တို့ကို ရွေးချယ်သူမှာ ယခုစစ်တမ်းတွင် အပြောင်းအလဲမရှိဘဲ ပထမ၊ ဒုတိယနှင့် တတိယနေရာတွင် ရှိနေသည်။ **‘လုံခြုံရေး’**ကို ရွေးချယ်သူ **၁၀ ရာခိုင်နှုန်း**နှင့် **‘နိုင်ငံရေး’**ကို ရွေးချယ်သူ **ငါးရာခိုင်နှုန်း** လျော့ကျသွားပါသည်။

မေးခွန်း-၄ ကနေ ၁၃ အထိကို မေးမြန်းရာတွင် **“အခုဖတ်ပြမယ့်ကဏ္ဍတွေမှာ မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံအပေါ် ဘယ်လောက်အတိုင်းအတာအထိ မှီခိုနေရတယ်လို့ ထင်ပါသလဲ။ မှီခိုမှုအတိုင်းအတာကို ‘၁’ ကနေ ‘၄’ အထိ သတ်မှတ်ထားပါတယ်။ တခုကို ရွေးပေးပါ”**ဟု မေးမြန်းခဲ့ပါသည်။ ‘၁’ သည် ‘လုံးဝမှီခိုရန်မလိုပါ’ ဖြစ်ပြီး ‘၄’ သည် ‘အပြည့်အဝမှီခိုနေရပါသည်’ ဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏အဖြေများကို နှိုင်းယှဉ်ကြည့်ရာ ‘ကုန်သွယ်ရေး’ တွင် မှီခိုနေရကြောင်း အသိုက်အဝန်းအားလုံးက သဘောတူညီသည်ကို တွေ့ရပါသည်။ ထိုအထဲတွင် EAOs များနှင့် **နိုင်ငံရေးအသိုက်အဝန်း**တို့က ‘ကုန်သွယ်ရေး’ တွင် မှီခိုနေရကြောင်း **ရာနှုန်းပြည့်** ဖြေဆိုကြသည်။ ‘နိုင်ငံရေး’၊ ‘ငြိမ်းချမ်းရေး’၊ ‘ရင်းနှီးမြှုပ်နှံမှု’၊ ‘နည်းပညာ’ နှင့် ‘သံတမန်ရေး’ တို့နှင့်ပတ်သက်၍လည်း အသိုက်အဝန်းအားလုံးမှာ သဘောထားတူညီကြသည်။ သို့သော် ‘လမ်းတံတား အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး’ တွင်မူ တရုတ်နိုင်ငံကို မှီခိုရန်မလိုကြောင်း EAOs များ၏ **၅၃ ရာခိုင်နှုန်း**က ဖြေဆိုပြီး အသိုက်အဝန်းခြောက်ခုတွင် အများဆုံးဖြစ်သည်။ ‘ကျန်းမာရေး’ တွင် တရုတ်နိုင်ငံကို မှီခိုရန်မလိုကြောင်း ကျန်အသိုက်အဝန်းများက ဖြေဆိုကြသော်လည်း PDFs များ၏ **၅၀ ရာခိုင်နှုန်း**ကမူ မှီခိုနေရကြောင်း ဖြေဆိုကြသည်။ ထူးခြားချက်မှာ ‘လုံခြုံရေး’ ကဏ္ဍတွင် တရုတ်နိုင်ငံကို မှီခိုနေရကြောင်း ကျန်အသိုက်အဝန်းအားလုံးက ဖြေဆိုကြသော်လည်း PDFs များ၏ **၇၅ ရာခိုင်နှုန်း**ကမူ မှီခိုရန်မလိုဟု ဖြေဆိုကြခြင်း ဖြစ်ပါသည်။

မေးခွန်း-၄

ကုန်သွယ်ရေး၌ ‘တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုရန်မလိုပါ | ၁% | ၀% | ၆% | ၀% | ၂% | ၀% | ၀% |
| မှီခိုရန်မလိုပါ | ၃% | ၄% | ၀% | ၀% | ၅% | ၀% | ၆% |
| မှီခိုရပါသည် | ၇၈% | ၇၉% | ၈၁% | ၇၆% | ၇၄% | ၈၇% | ၇၅% |
| အပြည့်အဝမှီခိုနေရပါသည် | ၁၈% | ၁၇% | ၆% | ၂၄% | ၁၈% | ၁၃% | ၁၉% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၀% | ၂% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘အပြည့်အဝ မှီခိုနေရပါသည်’နှင့် ‘မှီခိုနေရပါသည်’နှစ်ရပ်ပေါင်းကို ‘မှီခိုနေရ’ဟုလည်းကောင်း၊ ‘လုံးဝမှီခိုရန်မလိုပါ’နှင့် ‘မှီခိုရန်မလိုပါ’ နှစ်ရပ်ပေါင်းကို ‘မှီခိုရန်မလို’ဟုလည်းကောင်း ကောက်ယူပါသည်။

မေးခွန်း-၅

ရင်းနှီးမြှုပ်နှံမှု၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုရန်မလိုပါ | ၃% | ၂% | ၆% | ၀% | ၃% | ၀% | ၁၃% |
| မှီခိုရန်မလိုပါ | ၈% | ၁၀% | ၀% | ၅% | ၃% | ၂၀% | ၁၉% |
| မှီခိုရပါသည် | ၈၀% | ၇၈% | ၈၁% | ၈၈% | ၈၃% | ၆၇% | ၆၃% |
| အပြည့်အဝမှီခိုနေရပါသည် | ၉% | ၁၀% | ၆% | ၇% | ၉% | ၁၃% | ၆% |
| မသိပါ | ၁% | ၁% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၀% | ၂% | ၀% | ၀% |

မေးခွန်း-၆

ငြိမ်းချမ်းရေးဖြစ်စဉ်၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုရန်မလိုပါ | ၄% | ၆% | ၀% | ၀% | ၅% | ၀% | ၁၃% |
| မှီခိုရန်မလိုပါ | ၁၃% | ၁၆% | ၁၃% | ၁၀% | ၈% | ၃၃% | ၆% |
| မှီခိုရပါသည် | ၆၃% | ၅၄% | ၆၉% | ၆၄% | ၇၄% | ၄၇% | ၇၅% |
| အပြည့်အဝမှီခိုနေရပါသည် | ၁၇% | ၂၀% | ၁၃% | ၂၄% | ၁၁% | ၂၀% | ၆% |
| မသိပါ | ၁% | ၁% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၂% | ၃% | ၀% | ၂% | ၃% | ၀% | ၀% |

မေးခွန်း-၇

အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုရန်မလိုပါ | ၅% | ၇% | ၀% | ၀% | ၆% | ၀% | ၁၉% |
| မှီခိုရန်မလိုပါ | ၃၂% | ၃၉% | ၁၉% | ၂၆% | ၃၀% | ၅၃% | ၆% |
| မှီခိုရပါသည် | ၅၇% | ၅၀% | ၆၉% | ၆၉% | ၅၈% | ၄၇% | ၆၃% |
| အပြည့်အဝမှီခိုနေရပါသည် | ၄% | ၅% | ၆% | ၅% | ၂% | ၀% | ၁၃% |
| မသိပါ | ၁% | ၀% | ၆% | ၀% | ၂% | ၀% | ၀% |
| မဖြေလိုပါ | ၁% | ၀% | ၀% | ၀% | ၃% | ၀% | ၀% |

မေးခွန်း-၈

နိုင်ငံရေး၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုရန်မလိုပါ | ၄% | ၅% | ၁၃% | ၀% | ၂% | ၇% | ၆% |
| မှီခိုရန်မလိုပါ | ၁၉% | ၁၇% | ၂၅% | ၁၂% | ၂၀% | ၂၀% | ၃၈% |
| မှီခိုရပါသည် | ၆၃% | ၆၂% | ၅၆% | ၇၁% | ၆၅% | ၆၇% | ၄၄% |
| အပြည့်အဝမှီခိုနေရပါသည် | ၁၁% | ၁၄% | ၀% | ၁၂% | ၉% | ၇% | ၆% |
| မသိပါ | ၁% | ၀% | ၆% | ၂% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၃% | ၂% | ၀% | ၂% | ၅% | ၀% | ၆% |

မေးခွန်း-၉

ပညာရေး၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုရန်မလိုပါ | ၁၈% | ၁၉% | ၁၃% | ၁၂% | ၁၇% | ၃၃% | ၂၅% |
| မှီခိုရန်မလိုပါ | ၆၄% | ၆၃% | ၆၃% | ၆၄% | ၆၇% | ၆၇% | ၆၃% |
| မှီခိုရပါသည် | ၁၅% | ၁၇% | ၁၉% | ၂၁% | ၁၁% | ၀% | ၁၃% |
| အပြည့်အဝမှီခိုနေရပါသည် | ၁% | ၁% | ၀% | ၂% | ၀% | ၀% | ၀% |
| မသိပါ | ၂% | ၀% | ၆% | ၀% | ၅% | ၀% | ၀% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၀% | ၂% | ၀% | ၀% |

မေးခွန်း-၁၀

ကျန်းမာရေး၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုရန်မလိုပါ | ၁၃% | ၁၅% | ၁၉% | ၇% | ၁၁% | ၂၀% | ၆% |
| မှီခိုရန်မလိုပါ | ၅၄% | ၅၀% | ၅၀% | ၆၂% | ၅၈% | ၆၇% | ၃၈% |
| မှီခိုရပါသည် | ၃၁% | ၃၃% | ၃၁% | ၂၆% | ၃၀% | ၁၃% | ၅၀% |
| အပြည့်အဝမှီခိုနေရပါသည် | ၁% | ၁% | ၀% | ၂% | ၀% | ၀% | ၀% |
| မသိပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၆% |
| မဖြေလိုပါ | ၁% | ၀% | ၀% | ၂% | ၂% | ၀% | ၀% |

မေးခွန်း-၁၁

နည်းပညာ၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုရန်မလိုပါ | ၇% | ၁၀% | ၆% | ၀% | ၉% | ၇% | ၀% |
| မှီခိုရန်မလိုပါ | ၂၂% | ၂၄% | ၁၉% | ၂၁% | ၁၇% | ၃၃% | ၁၉% |
| မှီခိုရပါသည် | ၆၀% | ၅၄% | ၆၉% | ၆၉% | ၆၂% | ၅၃% | ၆၉% |
| အပြည့်အဝမှီခိုနေရပါသည် | ၈% | ၁၀% | ၀% | ၁၀% | ၆% | ၇% | ၆% |
| မသိပါ | ၂% | ၁% | ၆% | ၀% | ၃% | ၀% | ၆% |
| မဖြေလိုပါ | ၁% | ၀% | ၀% | ၀% | ၃% | ၀% | ၀% |

မေးခွန်း-၁၂

လုံခြုံရေး၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုရန်မလိုပါ | ၇% | ၉% | ၆% | ၀% | ၈% | ၇% | ၁၉% |
| မှီခိုရန်မလိုပါ | ၃၀% | ၂၉% | ၃၁% | ၂၆% | ၂၆% | ၃၃% | ၅၆% |
| မှီခိုရပါသည် | ၅၂% | ၅၁% | ၅၆% | ၅၇% | ၅၈% | ၄၇% | ၁၉% |
| အပြည့်အဝမှီခိုနေရပါသည် | ၈% | ၉% | ၀% | ၁၂% | ၆% | ၁၃% | ၀% |
| မသိပါ | ၁% | ၁% | ၆% | ၀% | ၀% | ၀% | ၆% |
| မဖြေလိုပါ | ၂% | ၂% | ၀% | ၅% | ၃% | ၀% | ၀% |


မေးခွန်း-၁၃

သံတမန်ရေး၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုရန်မလိုပါ | ၃% | ၄% | ၆% | ၀% | ၂% | ၀% | ၁၃% |
| မှီခိုရန်မလိုပါ | ၁၃% | ၉% | ၂၅% | ၇% | ၁၂% | ၂၇% | ၃၁% |
| မှီခိုရပါသည် | ၆၆% | ၇၀% | ၅၀% | ၆၉% | ၇၁% | ၅၃% | ၄၄% |
| အပြည့်အဝမှီခိုနေရပါသည် | ၁၇% | ၁၈% | ၁၃% | ၂၁% | ၁၄% | ၂၀% | ၁၃% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၁% | ၀% | ၀% | ၂% | ၂% | ၀% | ၀% |

မေးခွန်း-၁၄

## မြန်မာနိုင်ငံနှင့်ဆက်ဆံရေးတွင် တရုတ်နိုင်ငံဘက်က ရလိုသော အကျိုးစီးပွား




တရုတ်-မြန်မာဆက်ဆံရေးတွင် တရုတ်နိုင်ငံဘက်က မျှော်မှန်းသော အကျိုးစီးပွားကို မေးမြန်းခဲ့ရာ **'အိန္ဒိယသမုဒ္ဒရာတွင် ပထဝီနိုင်ငံရေးအရ လွှမ်းမိုးနိုင်ငံရေး'**ဖြစ်ကြောင်း ဖြေဆိုသူမှာ **၄၀ ရာခိုင်နှုန်း** ရှိပြီး အများဆုံးဖြစ်သည်။ **'တရုတ်နိုင်ငံ၏ ဩဇာခံနိုင်ငံတခုဖြစ်လာရေး'**ဟု ဖြေဆိုသူ **၂၀ ရာခိုင်နှုန်း** နှင့် **'မြန်မာနိုင်ငံရှိ သယံဇာတအရင်းအမြစ်များ ရရှိရေး'**ဟု ဖြေဆိုသူမှာ **၁၉ ရာခိုင်နှုန်း**ရှိသည်။ ၂၀၂၃ နှင့် ၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သည့် စစ်တမ်းများတွင်လည်း **'အိန္ဒိယသမုဒ္ဒရာတွင် ပထဝီနိုင်ငံရေးအရ လွှမ်းမိုးနိုင်ငံရေး'**ဟု ဖြေဆိုသူမှာ အများဆုံးဖြစ်ခဲ့သည်။ **'တရုတ်နိုင်ငံ၏ ဩဇာခံ နိုင်ငံတခုဖြစ်လာရေး'**ဟု ဖြေဆိုသူမှာ ယခုစစ်တမ်းတွင် ၂၀၂၃ ခုနှစ်စစ်တမ်းထက် **ခုနစ်ရာခိုင်နှုန်း**တိုးလာပါသည်။

မေးခွန်း-၁၄ ကို မေးမြန်းရာတွင် 'တရုတ်-မြန်မာဆက်ဆံရေး၌ တရုတ်နိုင်ငံက မျှော်မှန်းထားသည့် အကျိုးစီးပွားတချို့'ကို ဖတ်ပြကာ "အဓိကအကျဆုံး အကျိုးစီးပွားတခုကို ရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။ ယခင်စစ်တမ်းများတွင်ပါဝင်ခဲ့သည့် 'ယူနန်ပြည်နယ် ရေကြောင်းထွက်ပေါက်ရရှိရေး'၊ 'အာဆီယံတွင် မဟာမိတ်ရရှိရေး'နှင့် 'တရုတ်နိုင်ငံ၏ အခြေခံစက်မှုလုပ်ငန်းများအတွက် ဈေးကွက်ချဲ့ထွင်ရေး' စသည့် အချက်များကို ယခုစစ်တမ်းတွင် ထည့်သွင်းမေးမြန်းခြင်း မရှိခဲ့ပေ။ 'မြန်မာ့အကျပ်အတည်းကို ကူညီဖြေရှင်းပေးနိုင်စွမ်းရှိသည့် အင်အားကြီးနိုင်ငံအဖြစ် ပြသနိုင်ရေး' နှင့် 'တရုတ်နိုင်ငံ၏ အနောက်ခြမ်းပြည်နယ်ရှစ်ခုအတွက် ဈေးကွက်ချဲ့ထွင်ရေး'ဟူသည့် အချက်များမှာ ယခုစစ်တမ်းတွင် အသစ်ထည့်သွင်းထားခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ပါက 'အိန္ဒိယသမုဒ္ဒရာတွင် ပထဝီနိုင်ငံရေးအရ လွှမ်းမိုးနိုင်ရေး'ဟု အသိုက်အဝန်းခြောက်ခုလုံးက အများဆုံး ဖြေဆိုကြပါသည်။ ဖြေဆိုမှုများမှာ **ထင်ရှားကျော်ကြားသူများ**၏ ၄၈ ရာခိုင်နှုန်း၊ EAOs များ၏ ၄၇ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၄၄ ရာခိုင်နှုန်း၊ **စီးပွားရေးအသင်းအဖွဲ့များ**၏ ၄၃ ရာခိုင်နှုန်းနှင့် **အရပ်ဘက်အဖွဲ့အစည်းများ**၏ ၃၄ ရာခိုင်နှုန်းဖြစ်သည်။ 'တရုတ်နိုင်ငံ၏ ဩဇာခံနိုင်ငံတခုဖြစ်လာရေး'ဟု EAOs များ၏ ၂၇ ရာခိုင်နှုန်းက ဖြေဆိုခဲ့ကြပြီး အသိုက်အဝန်းခြောက်ခုတွင် အများဆုံးဖြစ်သည်။ 'မြန်မာနိုင်ငံတွင်ရှိသည့် သယံဇာတအရင်းမြစ်များရရှိရေး'ကို **အရပ်ဘက်အဖွဲ့အစည်းများ**က အများဆုံးဖြေဆိုခဲ့ပြီး ၃၀ ရာခိုင်နှုန်းရှိသည်။ ထူးခြားချက်မှာ 'မြန်မာ့အကျပ်အတည်းကို ကူညီဖြေရှင်းပေးနိုင်စွမ်းရှိသည့် အင်အားကြီးနိုင်ငံအဖြစ် ပြသနိုင်ရေး'ကို **နိုင်ငံရေးအသိုက်အဝန်း**က အများဆုံးဖြေဆိုခဲ့ပြီး ၁၉ ရာခိုင်နှုန်းရှိသည်။


မေးခွန်း-၁၄

'တရုတ်-မြန်မာဆက်ဆံရေး၌ တရုတ်နိုင်ငံက မျှော်မှန်းထားသော အကျိုးစီးပွားများ'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| မည်သည့်အကျိုးစီးပွားမှ မရှိပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| အိန္ဒိယသမုဒ္ဒရာတွင် ပထဝီ နိုင်ငံရေးအရ လွှမ်းမိုးနိုင်ရေး | ၄၀% | ၃၄% | ၂၅% | ၄၃% | ၄၈% | ၄၇% | ၄၄% |
| မြန်မာနိုင်ငံရှိ သယံဇာတ အရင်းမြစ်များရရှိရေး | ၁၉% | ၃၀% | ၁၉% | ၁၂% | ၉% | ၇% | ၁၉% |
| တရုတ်နိုင်ငံ၏ အနောက်ခြမ်းပြည်နယ် ရှစ်ခုအတွက် ဈေးကွက်ချဲ့ထွင်ရေး | ၇% | ၅% | ၁၃% | ၁၀% | ၈% | ၇% | ၆% |
| တရုတ်နိုင်ငံ၏ ဩဇာခံနိုင်ငံတခုဖြစ်လာရေး | ၂၀% | ၂၅% | ၁၃% | ၇% | ၂၀% | ၂၇% | ၂၅% |
| မြန်မာ့အကျပ်အတည်းကို ကူညီဖြေရှင်းပေးနိုင်စွမ်းရှိသည့် အင်အားကြီးနိုင်ငံအဖြစ် ပြသနိုင်ရေး | ၇% | ၅% | ၁၉% | ၁၄% | ၃% | ၁၃% | ၆% |
| အခြား | ၆% | ၁% | ၆% | ၁၂% | ၁၂% | ၀% | ၀% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၂% | ၀% | ၀% | ၀% |

**မေးခွန်း-၁၅**

## အာဏာသိမ်းမှုအလွန် တရုတ်နိုင်ငံအပေါ် သဘောထားအမြင်




အာဏာသိမ်းမှုအလွန်တွင် တရုတ်နိုင်ငံအပေါ် သဘောထားအမြင် ပြောင်းလဲမှု ရှိ၊ မရှိ မေးမြန်းခဲ့ရာ **'ပို၍အဆိုးမြင်ပါသည်'**ဟု ဖြေဆိုသူ အများဆုံးဖြစ်ပါသည်။ ဖြေဆိုသူအားလုံး၏ **၇၅ ရာခိုင်နှုန်း**က ထိုသို့ဖြေဆိုခဲ့ကြခြင်းဖြစ်သည်။ **'ပို၍အကောင်းမြင်ပါသည်'**ဟု ဖြေဆိုသူမှာ **၁၁ ရာခိုင်နှုန်း**ရှိပြီး **'မဖြေလိုပါ'**ဟုဆိုသူ **၁၃ ရာခိုင်နှုန်း**ရှိသည်မှာ ထူးခြားချက်ဖြစ်ပါသည်။ ယခင်ကောက်ယူခဲ့သည့် စစ်တမ်းရလဒ်များနှင့်နှိုင်းယှဉ်ပါက **'ပို၍အဆိုးမြင်ပါသည်'**ဟု ဖြေဆိုသူမှာ သိသိသာသာ မြင့်တက်လာသည်။ ၂၀၂၂ ခုနှစ်ကထက် **၄၁ ရာခိုင်နှုန်း**နှင့် ၂၀၂၃ ခုနှစ်ကထက် **၄၇ ရာခိုင်နှုန်း** ပိုများလာပါသည်။ အခြားတဖက်တွင်လည်း **'ပို၍အကောင်းမြင်ပါသည်'**ဟု ဖြေဆိုသူမှာလည်း ၂၀၂၂ ခုနှစ်ကထက် **ကိုးရာခိုင်နှုန်း**နှင့် ၂၀၂၃ ခုနှစ်စစ်တမ်းထက် **ငါးရာခိုင်နှုန်း** တက်လာပါသည်။ ယခင်နှစ်စစ်တမ်းများတွင် **'အပြောင်းအလဲမရှိပါ'** ဆိုသည့်အချက်ကို ထည့်သွင်းမေးမြန်းခဲ့ရာ ထိုအချက်ကို ဖြေဆိုသူမှာ ၂၀၂၃ ခုနှစ်တွင် **၆၄ ရာခိုင်နှုန်း**နှင့် ၂၀၂၂ ခုနှစ်တွင် **၅၉ ရာခိုင်နှုန်း**ဖြင့် အများဆုံးဖြစ်ခဲ့သည်။

မေးခွန်း-၁၅ ကို မေးမြန်းရာတွင် "၂၀၂၁ ခုနှစ် အာဏာမသိမ်းမီကာလနဲ့ နှိုင်းယှဉ်ကြည့်ပါက တရုတ်နိုင်ငံကို ပိုပြီးအကောင်းမြင်လာသလား၊ ဒါမှမဟုတ် ပိုပြီးအဆိုးမြင်လာသလား"ဟု မေးမြန်းခဲ့ပါသည်။ ယခုနှစ်တွင်မူ ယခင်စစ်တမ်းများတွင်ပါဝင်ခဲ့သော 'အပြောင်းအလဲမရှိပါ' ဟူသည့် အချက်ကို ထည့်သွင်းမေးမြန်းခဲ့ခြင်း မရှိပေ။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

အသိုက်အဝန်းအားလုံး၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ပါက တရုတ်နိုင်ငံအပေါ်တွင် ‘ပို၍အဆိုးမြင်ပါသည်’ဟု ဖြေဆိုမှုတွင် **အရပ်ဘက်အဖွဲ့အစည်းများနှင့်** EAOs များက အများဆုံးဖြစ်ပြီး ၉၀ ရာခိုင်နှုန်းနှင့် ၈၇ ရာခိုင်နှုန်းရှိသည်။ ကျန်အသိုက်အဝန်းများအနေနှင့်မူ **ထင်ရှားကျော်ကြားသူများက** ၆၈ ရာခိုင်နှုန်းနှင့် PDFs/LDFs များက ၆၃ ရာခိုင်နှုန်းရှိသည်။ ‘ပို၍အကောင်းမြင်ပါသည်’ဟု ဖြေဆိုသူများတွင် **နိုင်ငံရေးအသိုက်အဝန်းက** အများဆုံးဖြစ်ပြီး ၂၅ ရာခိုင်နှုန်းရှိသည်။ ‘မဖြေလိုပါ’ဟု ဖြေဆိုသူများတွင် **စီးပွားရေးအသင်းအဖွဲ့များက** အများဆုံးဖြစ်ပြီး ၂၁ ရာခိုင်နှုန်းရှိသည်။

မေးခွန်း-၁၅

‘အာဏာသိမ်းမှုနောက်ပိုင်းတွင် တရုတ်နိုင်ငံကို ရှုမြင်ပုံ ပြောင်းလဲလာခြင်း ရှိ၊ မရှိ’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| ပို၍အဆိုးမြင်ပါသည် | ၇၅% | ၉၀% | ၅၆% | ၅၇% | ၆၈% | ၈၇% | ၆၃% |
| ပို၍အကောင်းမြင်ပါသည် | ၁၁% | ၆% | ၂၅% | ၁၉% | ၁၁% | ၇% | ၁၃% |
| မသိပါ | ၂% | ၀% | ၆% | ၂% | ၂% | ၀% | ၆% |
| မဖြေလိုပါ | ၁၃% | ၅% | ၁၃% | ၂၁% | ၂၀% | ၇% | ၁၉% |

# ၂


## မြန်မာ့နိုင်ငံရေးအကျပ်အတည်းတွင် တရုတ်နိုင်ငံ၏ပါဝင်မှုအပေါ် အမြင်များ

**မေးခွန်း-၁၆ နှင့် ၁၇**


## မြန်မာ့အဓိကဇာတ်ကောင်များနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး

လုံးဝမကောင်းပါ | ကောင်းပါသည် | မသိပါ
မကောင်းပါ | အလွန်ကောင်းပါသည် | မဖြေလိုပါ

■ မေးခွန်း-၁၆
တရုတ်နိုင်ငံနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) အကြား ဆက်ဆံရေး




■ မေးခွန်း-၁၇
တရုတ်နိုင်ငံနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) အကြား ဆက်ဆံရေး




ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။


မေးခွန်း-၁၆ ကနေ ၂၂ အထိကို မေးမြန်းရာတွင် “၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံက အဖွဲ့အစည်းတွေနဲ့ တရုတ်နိုင်ငံအကြား ဆက်ဆံရေးအပေါ် ဘယ်လိုမြင်ပါသလဲ။ ဆက်ဆံရေးအခြေအနေကို ‘၁’ ကနေ ‘၄’ အထိ သတ်မှတ်ထားပါတယ်။ တခုကို ရွေးပေးပါ”ဟု မေးမြန်းခဲ့ပါသည်။ ‘၁’သည် ‘လုံးဝမကောင်းပါ’ဖြစ်ပြီး ‘၄’သည် ‘အလွန်ကောင်းပါသည်’ ဖြစ်ပါသည်။ ‘ကြားနေ’ကို ၂၀၂၂ ခုနှစ် စစ်တမ်းတွင် ထည့်သွင်းခဲ့သော်လည်း ၂၀၂၃ ခုနှစ်နှင့် ယခုစစ်တမ်းတို့တွင် ထည့်သွင်းခဲ့ခြင်းမရှိပေ။

မေးခွန်း-၁၈ နှင့် ၁၉


## မြန်မာ့အဓိကဇာတ်ကောင်များနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး

လုံးဝမကောင်းပါ　ကောင်းပါသည်　မသိပါ
မကောင်းပါ　အလွန်ကောင်းပါသည်　မဖြေလိုပါ

■ မေးခွန်း-၁၈
တရုတ်နိုင်ငံနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အကြား ဆက်ဆံရေး




■ မေးခွန်း-၁၉
တရုတ်နိုင်ငံနှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) အကြား ဆက်ဆံရေး




ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။


မေးခွန်း-၁၆ ကနေ ၂၂ အထိကို မေးမြန်းရာတွင် “၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံက အဖွဲ့အစည်းတွေနဲ့ တရုတ်နိုင်ငံအကြား ဆက်ဆံရေးအပေါ် ဘယ်လိုမြင်ပါသလဲ။ ဆက်ဆံရေးအခြေအနေကို ‘၁’ ကနေ ‘၄’ အထိ သတ်မှတ်ထားပါတယ်။ တခုကို ရွေးပေးပါ”ဟု မေးမြန်းခဲ့ပါသည်။ ‘၁’သည် ‘လုံးဝမကောင်းပါ’ဖြစ်ပြီး ‘၄’သည် ‘အလွန်ကောင်းပါသည်’ ဖြစ်ပါသည်။ ‘ကြားနေ’ကို ၂၀၂၂ ခုနှစ် စစ်တမ်းတွင် ထည့်သွင်းခဲ့သော်လည်း ၂၀၂၃ ခုနှစ်နှင့် ယခုစစ်တမ်းတို့တွင် ထည့်သွင်းခဲ့ခြင်းမရှိပေ။

**မေးခွန်း- ၂၀ နှင့် ၂၁**


## မြန်မာ့အဓိကဇာတ်ကောင်များနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး

လုံးဝမကောင်းပါ | ကောင်းပါသည် | မသိပါ
မကောင်းပါ | အလွန်ကောင်းပါသည် | မဖြေလိုပါ

■ မေးခွန်း-၂၀
တရုတ်နိုင်ငံနှင့် ရှမ်းမြောက်အခြေစိုက် EAOs များ (FPNCC) အကြား ဆက်ဆံရေး




■ မေးခွန်း-၂၁
တရုတ်နိုင်ငံနှင့် ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) အကြား ဆက်ဆံရေး





ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၁၆ ကနေ ၂၂ အထိကို မေးမြန်းရာတွင် "၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံက အဖွဲ့အစည်းတွေနဲ့ တရုတ်နိုင်ငံအကြား ဆက်ဆံရေးအပေါ် ဘယ်လိုမြင်ပါသလဲ။ ဆက်ဆံရေးအခြေအနေကို '၁' ကနေ '၄' အထိ သတ်မှတ်ထားပါတယ်။ တခုကို ရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။ '၁'သည် 'လုံးဝမကောင်းပါ'ဖြစ်ပြီး '၄'သည် 'အလွန်ကောင်းပါသည်' ဖြစ်ပါသည်။ **'ညီနောင်မဟာမိတ်သုံးဖွဲ့'ကိုမူ ယခုစစ်တမ်းတွင် အသစ်ထည့်သွင်းထားခြင်းဖြစ်ပါသည်။**

မေးခွန်း-၂၂

## မြန်မာ့အဓိကဇာတ်ကောင်များနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး

■ မေးခွန်း-၂၂
တရုတ်နိုင်ငံနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အကြား ဆက်ဆံရေး




တရုတ်နိုင်ငံနှင့် စစ်ကောင်စီ (SAC)အကြား **'ဆက်ဆံရေးကောင်းပါသည်'**ဟု ရှုမြင်သူမှာ **၈၀** ရာခိုင်နှုန်းရှိသည်။ တရုတ်နိုင်ငံနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) အကြား **'ဆက်ဆံရေးကောင်းပါသည်'**ဟု ဖြေဆိုသူ **၇၉** ရာခိုင်နှုန်းရှိသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့်မူ **'ဆက်ဆံရေးမကောင်းပါ'**ဟု ဖြေဆိုသူပိုများပြီး **၆၉** ရာခိုင်နှုန်းရှိသည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) နှင့်လည်း **'ဆက်ဆံရေးမကောင်းပါ'**ဟု ဖြေဆိုသူ **၅၂** ရာခိုင်နှုန်းရှိသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ EAOs များ (FPNCC) နှင့် တရုတ်နိုင်ငံအကြား **'ဆက်ဆံရေးကောင်းပါသည်'**ဟု ဖြေဆိုသူမှာ **၆၁** ရာခိုင်နှုန်းရှိသည်။ တရုတ်နိုင်ငံနှင့် ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) အကြား **'ဆက်ဆံရေးကောင်းပါသည်'**ဟု ဖြေဆိုသူ **၅၈** ရာခိုင်နှုန်းရှိပြီး **'ဆက်ဆံရေးမကောင်းပါ'**ဟု ဖြေဆိုသူမှာ **၃၄** ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။ တရုတ်နိုင်ငံနှင့် NUG အကြား **'ဆက်ဆံရေးမကောင်းပါ'**ဟု ဖြေဆိုသူ **၇၆** ရာခိုင်နှုန်းရှိပါသည်။

မေးခွန်း-၁၆ ကနေ ၂၂ အထိကို မေးမြန်းရာတွင် "၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံက အဖွဲ့အစည်းတွေနဲ့ တရုတ်နိုင်ငံအကြား ဆက်ဆံရေးအပေါ် ဘယ်လိုမြင်ပါသလဲ။ ဆက်ဆံရေးအခြေအနေကို '၁' ကနေ '၄' အထိ သတ်မှတ်ထားပါတယ်။ တခုကို ရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။ '၁'သည် 'လုံးဝမကောင်းပါ'ဖြစ်ပြီး '၄'သည် 'အလွန်ကောင်းပါသည်' ဖြစ်ပါသည်။ 'ကြားနေ'ကို ၂၀၂၂ ခုနှစ်စစ်တမ်းတွင် ထည့်သွင်းခဲ့သော်လည်း ၂၀၂၃ ခုနှစ်နှင့် ယခုစစ်တမ်းတို့တွင် ထည့်သွင်းခဲ့ခြင်းမရှိပေ။

ယခင်ကောက်ယူခဲ့သည့် စစ်တမ်းများနှင့်နှိုင်းယှဉ်ပါက အပြောင်းအလဲတချို့ရှိခဲ့သည်ကို တွေ့ရသည်။ တရုတ်နိုင်ငံနှင့် စစ်ကောင်စီ (SAC) အကြား **'ဆက်ဆံရေးကောင်းပါသည်'**ဟု ဖြေဆိုသူမှာ ၂၀၂၃ ခုနှစ် စစ်တမ်းထက် **၁၁ ရာခိုင်နှုန်း**နှင့် ၂၀၂၂ ခုနှစ်စစ်တမ်းထက် **၃၃ ရာခိုင်နှုန်း** ပိုများလာသည်။ တရုတ်နိုင်ငံနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)အကြား **'ဆက်ဆံရေးကောင်းပါသည်'** ဟု ဖြေဆိုသူမှာ ၂၀၂၃ ခုနှစ်ထက် **၁၃ ရာခိုင်နှုန်း**ပိုများလာသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် **'ဆက်ဆံရေးကောင်းပါသည်'**ဟုဖြေဆိုသူမှာ ၂၀၂၃ ခုနှစ်ထက် **၁၃ ရာခိုင်နှုန်း** လျော့နည်းသွားသည်။ **'ဆက်ဆံရေးမကောင်းပါ'**ဟု ဖြေဆိုသူမှာ ၂၀၂၃ ခုနှစ်ထက် **၂၀ ရာခိုင်နှုန်း**နှင့် ၂၀၂၂ ခုနှစ်ထက် **၁၄ ရာခိုင်နှုန်း** တိုးလာသည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)နှင့် **'ဆက်ဆံရေးမကောင်းပါ'**ဟု ဖြေဆိုသူမှာ ၂၀၂၃ ခုနှစ်စစ်တမ်းထက် **၁၆ ရာခိုင်နှုန်း** တိုးလာသည်။ ထို့အပြင် တရုတ်နိုင်ငံနှင့် FPNCC အဖွဲ့အကြား **'ဆက်ဆံရေးကောင်းပါသည်'**ဟု ဖြေဆိုသူမှာ ၂၀၂၃ ခုနှစ်စစ်တမ်းထက် **၁၄ ရာခိုင်နှုန်း** လျော့နည်းသွားသည်ကိုတွေ့ရသည်။ NUG နှင့် **'ဆက်ဆံရေးမကောင်းပါ'** ဟု ဖြေဆိုသူမှာလည်း ၂၀၂၃ ခုနှစ်ထက် **၁၇ ရာခိုင်နှုန်း**နှင့် ၂၀၂၂ ခုနှစ်ထက် **၁၁ ရာခိုင်နှုန်း** ပိုများလာသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် တရုတ်နိုင်ငံနှင့် စစ်ကောင်စီအကြား ဆက်ဆံရေးကောင်းမွန်ကြောင်း အများဆုံးဖြေဆိုသူများမှာ EAOs များနှင့် **နိုင်ငံရေးအသိုက်အဝန်းတို့** ဖြစ်ကြသည်။ EAOs များ၏ **၉၃ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၈၈ ရာခိုင်နှုန်းက** ထိုသို့ဖြေဆိုကြခြင်းဖြစ်သည်။ တရုတ်နိုင်ငံနှင့် USDP အကြား ဆက်ဆံရေးကောင်းမွန်ကြောင်း အသိုက်အဝန်းအားလုံးက ရှုမြင်ကြပြီး ထိုအထဲတွင် PDFs/LDFs များက **၈၈ ရာခိုင်နှုန်း**နှင့် EAOs များက **၈၆ ရာခိုင်နှုန်း**ဖြင့် အများဆုံးဖြေဆိုကြသည်။ တရုတ်နိုင်ငံနှင့် NLD အကြား ဆက်ဆံရေးမကောင်းကြောင်း အစုအဖွဲ့အားလုံးက ရှုမြင်ကြသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၈ ရာခိုင်နှုန်း**နှင့် PDFs/LDFs များ၏ **၇၅ ရာခိုင်နှုန်း**တို့က ထိုသို့ဖြေဆိုကြကာ အများဆုံးဖြစ်သည်။

တရုတ်နိုင်ငံနှင့် SNLD အကြား ‘ဆက်ဆံရေးမကောင်းပါ’ဟု **အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၁ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၅၅ ရာခိုင်နှုန်း**က ဖြေဆိုကြပြီး အများဆုံးဖြစ်သည်။ FPNCC နှင့် ‘ဆက်ဆံရေးကောင်းပါသည်’ဟု အစုအဖွဲ့အားလုံးက ယူဆကြသည်။ ထိုထဲတွင် EAOs များက **၆၇ ရာခိုင်နှုန်း**နှင့် **ထင်ရှားကျော်ကြားသူများက ၆၄ ရာခိုင်နှုန်း**ဖြင့် အများဆုံးဖြေဆိုကြသည်။ 3BHA နှင့် ‘ဆက်ဆံရေးကောင်းပါသည်’ဟု အစုအဖွဲ့အားလုံးက ရှုမြင်ကြပြီး PDFs/LDFs များ၏ **၆၉ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၆၂ ရာခိုင်နှုန်း**တို့က ထိုသို့ဖြေဆိုကြကာ အများဆုံးဖြစ်သည်။ တရုတ်နိုင်ငံနှင့် NUG အကြား ဆက်ဆံရေးမကောင်းကြောင်း အစုအဖွဲ့အားလုံးက ရှုမြင်ကြသည်။ ထိုသို့ဖြေဆိုသူများတွင် EAOs များက **၈၇ ရာခိုင်နှုန်း**နှင့် **ထင်ရှားကျော်ကြားသူများက ၈၆ ရာခိုင်နှုန်း**ရှိကာ အများဆုံးဖြစ်သည်။

မေးခွန်း-၁၆

‘SAC နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၂% | ၂% | ၀% | ၂% | ၂% | ၀% | ၀% |
| မကောင်းပါ | ၁၅% | ၁၂% | ၆% | ၂၁% | ၂၀% | ၇% | ၆% |
| ကောင်းပါသည် | ၆၆% | ၇၂% | ၇၅% | ၆၇% | ၆၁% | ၆၀% | ၄၄% |
| အလွန်ကောင်းပါသည် | ၁၄% | ၁၂% | ၁၃% | ၅% | ၁၂% | ၃၃% | ၃၈% |
| မသိပါ | ၁% | ၁% | ၆% | ၂% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၃% | ၀% | ၀% | ၂% | ၆% | ၀% | ၁၃% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝမကောင်းပါ’နှင့် ‘မကောင်းပါ’ နှစ်ရပ်ပေါင်းကို ‘မကောင်းပါ’ဟုလည်းကောင်း၊ ‘ကောင်းပါသည်’နှင့် ‘အလွန်ကောင်းပါသည်’ နှစ်ရပ်ပေါင်းကို ‘ကောင်းပါသည်’ဟုလည်းကောင်း ကောက်ယူပါသည်။

မေးခွန်း-၁၇

‘USDP နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၃% | ၄% | ၀% | ၂% | ၀% | ၀% | ၁၃% |
| မကောင်းပါ | ၁၁% | ၁၂% | ၆% | ၁၄% | ၉% | ၁၃% | ၀% |
| ကောင်းပါသည် | ၆၈% | ၆၉% | ၆၃% | ၆၂% | ၇၃% | ၇၃% | ၆၉% |
| အလွန်ကောင်းပါသည် | ၁၁% | ၁၀% | ၁၃% | ၁၄% | ၈% | ၁၃% | ၁၉% |
| မသိပါ | ၅% | ၄% | ၁၃% | ၂% | ၈% | ၀% | ၀% |
| မဖြေလိုပါ | ၂% | ၁% | ၆% | ၅% | ၃% | ၀% | ၀% |

မေးခွန်း-၁၈

‘NLD နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၁၅% | ၂၂% | ၆% | ၁၉% | ၈% | ၀% | ၆% |
| မကောင်းပါ | ၅၄% | ၅၆% | ၅၀% | ၄၅% | ၅၂% | ၆၀% | ၆၉% |
| ကောင်းပါသည် | ၂၂% | ၁၆% | ၁၃% | ၂၄% | ၂၉% | ၂၇% | ၂၅% |
| အလွန်ကောင်းပါသည် | ၁% | ၁% | ၆% | ၂% | ၀% | ၀% | ၀% |
| မသိပါ | ၅% | ၅% | ၆% | ၅% | ၅% | ၇% | ၀% |
| မဖြေလိုပါ | ၄% | ၀% | ၁၉% | ၅% | ၈% | ၇% | ၀% |

မေးခွန်း-၁၉

‘SNLD နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၈% | ၁၀% | ၀% | ၁၀% | ၆% | ၇% | ၀% |
| မကောင်းပါ | ၄၄% | ၅၁% | ၃၁% | ၄၅% | ၃၆% | ၄၇% | ၃၈% |
| ကောင်းပါသည် | ၂၇% | ၂၄% | ၂၅% | ၂၉% | ၂၉% | ၃၃% | ၃၁% |
| အလွန်ကောင်းပါသည် | ၂% | ၂% | ၆% | ၀% | ၂% | ၀% | ၆% |
| မသိပါ | ၁၅% | ၁၁% | ၁၉% | ၁၂% | ၂၀% | ၇% | ၂၅% |
| မဖြေလိုပါ | ၅% | ၁% | ၁၉% | ၅% | ၈% | ၇% | ၀% |

မေးခွန်း-၂၀

‘ရှမ်းမြောက်အခြေစိုက် EAOs များနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၂% | ၂% | ၀% | ၂% | ၂% | ၀% | ၆% |
| မကောင်းပါ | ၂၇% | ၃၀% | ၃၁% | ၂၁% | ၂၆% | ၂၇% | ၁၉% |
| ကောင်းပါသည် | ၅၄% | ၅၃% | ၅၀% | ၆၀% | ၅၆% | ၆၀% | ၃၁% |
| အလွန်ကောင်းပါသည် | ၇% | ၈% | ၆% | ၀% | ၈% | ၇% | ၁၉% |
| မသိပါ | ၇% | ၄% | ၁၃% | ၁၂% | ၃% | ၇% | ၂၅% |
| မဖြေလိုပါ | ၃% | ၃% | ၀% | ၅% | ၆% | ၀% | ၀% |

မေးခွန်း-၂၁

‘3BHA နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၃% | ၅% | ၀% | ၀% | ၃% | ၇% | ၆% |
| မကောင်းပါ | ၃၁% | ၃၂% | ၃၁% | ၂၁% | ၃၆% | ၃၃% | ၁၉% |
| ကောင်းပါသည် | ၅၁% | ၅၅% | ၃၈% | ၅၂% | ၄၇% | ၄၇% | ၅၆% |
| အလွန်ကောင်းပါသည် | ၇% | ၄% | ၁၉% | ၁၀% | ၈% | ၇% | ၁၃% |
| မသိပါ | ၅% | ၃% | ၁၃% | ၁၂% | ၂% | ၇% | ၆% |
| မဖြေလိုပါ | ၂% | ၁% | ၀% | ၅% | ၅% | ၀% | ၀% |


မေးခွန်း-၂၂

‘NUG နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၁၉% | ၁၇% | ၁၃% | ၁၇% | ၂၇% | ၂၇% | ၆% |
| မကောင်းပါ | ၅၇% | ၆၁% | ၄၄% | ၄၈% | ၅၉% | ၆၀% | ၆၃% |
| ကောင်းပါသည် | ၁၂% | ၁၅% | ၁၉% | ၁၄% | ၃% | ၇% | ၁၃% |
| အလွန်ကောင်းပါသည် | ၁% | ၁% | ၀% | ၂% | ၀% | ၀% | ၆% |
| မသိပါ | ၆% | ၃% | ၆% | ၁၄% | ၈% | ၇% | ၀% |
| မဖြေလိုပါ | ၅% | ၃% | ၁၉% | ၅% | ၃% | ၀% | ၁၃% |

**မေးခွန်း-၂၃**

## မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်ကို တရုတ်နိုင်ငံက မည်သို့မြင်လိုသနည်း




မြန်မာနိုင်ငံအတွက် **'အာဏာရှင်နိုင်ငံရေးစနစ်ကသာ သင့်တော်ကြောင်း တရုတ်နိုင်ငံက ယုံကြည်နေသည်'**ဟု ဖြေဆိုသူများ၏ **၇၂ ရာခိုင်နှုန်း**က ရှုမြင်နေကြသည်။ မြန်မာနိုင်ငံအတွက် **'ဒီမိုကရေစီနိုင်ငံရေးစနစ်ကသာ သင့်တော်သည်ဟု တရုတ်နိုင်ငံကယုံကြည်သည်'**ဟု ထင်မြင်သူမှာ **၁၅ ရာခိုင်နှုန်း**သာရှိခဲ့သည်။ ဖြေဆိုရန်ငြင်းဆန်သူမှာလည်း **၁၂ ရာခိုင်နှုန်း**ရှိခဲ့သည်။ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် စစ်တမ်းများနှင့်နှိုင်းယှဉ်ပါက အပြောင်းအလဲတချို့ရှိခဲ့သည်ကို တွေ့ရသည်။ **'အာဏာရှင်နိုင်ငံရေးစနစ်နှင့် သင့်တော်သည်ဟု တရုတ်နိုင်ငံက ယုံကြည်သည်'**ဟု ယူဆသူမှာ ၂၀၂၃ ခုနှစ်ထက် **၁၂ ရာခိုင်နှုန်း**နှင့် ၂၀၂၂ ခုနှစ်ထက် **၁၇ ရာခိုင်နှုန်း** ပိုများလာသည်။ **'ဒီမိုကရေစီနိုင်ငံရေးစနစ်က သင့်တော်သည်ဟု တရုတ်နိုင်ငံက ယုံကြည်သည်'**ဟု ယူဆသူမှာ ၂၀၂၃ ခုနှစ်ထက် **၁၁ ရာခိုင်နှုန်း** လျော့နည်းသွားသည်။

◀ ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၂၃ ကို မေးမြန်းရာတွင် "တိုင်းရင်းသားအရေးနဲ့ လက်နက်ကိုင်ပဋိပက္ခရှိတဲ့ မြန်မာနိုင်ငံမှာ နိုင်ငံရေးစနစ်နဲ့ပတ်သက်ပြီး တရုတ်နိုင်ငံက ယုံကြည်တဲ့ သဘောထားအမြင်တွေထဲက နှစ်ခုကို ဖတ်ပြပါမယ်။ အဲဒီနှစ်ခုထဲက တခုကိုရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ရာတွင် မြန်မာနိုင်ငံကို ‘အာဏာရှင်နိုင်ငံရေးစနစ်နှင့် သင့်တော်ကြောင်း တရုတ်နိုင်ငံက ယုံကြည်နေသည်’ဟု အသိုက်အဝန်းအားလုံးက ယူဆကြသည်ကိုတွေ့ရသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၂ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၈၁ ရာခိုင်နှုန်း၊ EAOs များ၏ ၇၃ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၆၇ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၆၀ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၄၄ ရာခိုင်နှုန်းတို့က ထိုသို့ယူဆကြခြင်းဖြစ်သည်။


မေးခွန်း-၂၃

‘တရုတ်နိုင်ငံက မြင်လိုသည့် မြန်မာ့နိုင်ငံရေးစနစ်’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| ဒီမိုကရေစီနိုင်ငံရေးစနစ်က သင့်တော်ပါသည် | ၁၅% | ၁၀% | ၂၅% | ၂၉% | ၁၄% | ၂၀% | ၆% |
| အာဏာရှင်နိုင်ငံရေးစနစ်က သင့်တော်ပါသည် | ၇၂% | ၈၂% | ၄၄% | ၆၀% | ၆၇% | ၇၃% | ၈၁% |
| မသိပါ | ၁% | ၁% | ၆% | ၀% | ၂% | ၀% | ၀% |
| မဖြေလိုပါ | ၁၂% | ၈% | ၂၅% | ၁၂% | ၁၈% | ၇% | ၁၃% |

**မေးခွန်း-၂၄**

## တရုတ်နိုင်ငံအနေနှင့် လက်ရှိမြန်မာ့အကျပ်အတည်း၌ မည်သို့ပါဝင်မည်နည်း




လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်းတွင် တရုတ်နိုင်ငံအနေနှင့် မည်သို့ ပါဝင်ဆောင်ရွက်မည်ဆိုသည်နှင့်ပတ်သက်ပြီး ထင်မြင်ချက်များကို မေးမြန်းထားခြင်း ဖြစ်ပါသည်။ **'တရုတ်နိုင်ငံအနေနှင့် အာဆီယံအထူးကိုယ်စားလှယ်နှင့် ပူးပေါင်းဆောင်ရွက်မည်'**ဟု ရှုမြင်သူမှာ အများဆုံးဖြစ်သည်။ စစ်တမ်းဖြေဆိုသူ **၃၄** ရာခိုင်နှုန်းက ယင်းသို့ ရှုမြင်ကြခြင်းဖြစ်သည်။ **'တရုတ်တနိုင်ငံတည်းကသာ ဆောင်ရွက်မည်'**ဟု ယူဆသူ **၂၆** ရာခိုင်နှုန်း ရှိသည်။ **'အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်'**ဟု ယူဆသူက **၂၀** ရာခိုင်နှုန်းဖြစ်သည်။ **'အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာပါဝင်သည့် အခင်းအကျင်းအသစ်ကို တရုတ်နိုင်ငံက ဖန်တီးမည်'**ဟု ယူဆသူမှာ **၁၃** ရာခိုင်နှုန်းရှိသည်။

မေးခွန်း-၂၄ ကို မေးမြန်းရာတွင် 'တရုတ်နိုင်ငံအနေနှင့် လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်း၌ ပါဝင်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့်နိုင်ငံများနှင့် အဖွဲ့အစည်းတချို့'ကို ဖတ်ပြခဲ့ပါသည်။ ယင်းနောက် "ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မယ်လို့ ယူဆပါသလဲ၊ အဖြေတခုကို ရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ရာတွင် အာဆီယံ အထူးကိုယ်စားလှယ်နှင့် ပူးပေါင်းဆောင်ရွက်မည်ဟု **အရပ်ဘက်အဖွဲ့အစည်းများ**၏ ၄၃ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၃၈ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၃၆ ရာခိုင်နှုန်းနှင့် EAOs များ၏ ၃၃ ရာခိုင်နှုန်းတို့က ယူဆကြသည်။ တရုတ်တနိုင်ငံတည်းသာ ဆောင်ရွက်မည်ဟု PDFs/LDFs များ၏ ၃၈ ရာခိုင်နှုန်းနှင့် EAOs များ၏ ၃၃ ရာခိုင်နှုန်းတို့က ယူဆကြသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု **ထင်ရှားသူများ**၏ ၃၃ ရာခိုင်နှုန်းက ရှုမြင်ကြသည်ကိုလည်း တွေ့ရသည်။


မေးခွန်း-၂၄

‘တရုတ်နိုင်ငံအနေနှင့် လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်း၌ မည်သို့ပါဝင်မည်နည်း’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမပါဝင်သင့်ပါ | ၂% | ၂% | ၀% | ၅% | ၀% | ၀% | ၆% |
| UN အထူးကိုယ်စားလှယ်နှင့် ပူးပေါင်းပါဝင်ခြင်း | ၄% | ၇% | ၀% | ၀% | ၅% | ၀% | ၀% |
| အာဆီယံအထူးကိုယ်စားလှယ်နှင့် ပူးပေါင်းပါဝင်ခြင်း | ၃၄% | ၄၃% | ၃၈% | ၃၆% | ၂၀% | ၃၃% | ၂၅% |
| အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပါဝင်ခြင်း | ၂၀% | ၁၀% | ၃၁% | ၁၉% | ၃၃% | ၁၃% | ၁၉% |
| နိုင်ငံတကာပါဝင်သည့် အခင်းအကျင်းအသစ် ဖန်တီးခြင်း | ၁၃% | ၁၂% | ၁၉% | ၁၂% | ၁၄% | ၂၀% | ၁၃% |
| တရုတ်တနိုင်ငံတည်းက ဆောင်ရွက်ခြင်း | ၂၆% | ၂၄% | ၆% | ၂၉% | ၂၉% | ၃၃% | ၃၈% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၁% | ၂% | ၀% | ၀% | ၀% | ၀% | ၀% |

**မေးခွန်း-၂၅**

## ပြည်တွင်းရေးဝင်မစွက်ဖက်ခြင်းမူဝါဒကို တရုတ်နိုင်ငံက ကျင့်သုံးနေသည်ဟု ထင်ပါသလား




တရုတ်နိုင်ငံအနေနှင့် လက်ရှိမြန်မာ့အရေးဖြေရှင်းရေးတွင် ပြည်တွင်းရေးဝင်မစွက်ဖက်ခြင်းမူဝါဒအတိုင်း ကျင့်သုံးနေခြင်းမရှိဟု စစ်တမ်းဖြေဆိုသူအများစုက ရှုမြင်ကြသည်။ ဖြေဆိုသူ **၈၅ ရာခိုင်နှုန်း**က ထိုသို့ယူဆကြခြင်းဖြစ်သည်။ **၁၃ ရာခိုင်နှုန်း**က ကျင့်သုံးနေသည် ဟု ဖြေဆိုခဲ့ကြသည်။ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် စစ်တမ်းများနှင့်နှိုင်းယှဉ်ပါက အပြောင်းအလဲတချို့ရှိခဲ့ပါသည်။ ပြည်တွင်းရေးဝင်မစွက်ဖက်ခြင်းမူဝါဒအတိုင်း ကျင့်သုံးနေခြင်းမရှိဟု ယူဆသူမှာ ၂၀၂၂ ခုနှစ်ထက် **၁၈ ရာခိုင်နှုန်း** နှင့် ၂၀၂၃ ခုနှစ်ထက် **၁၂ ရာခိုင်နှုန်း** ပိုများလာသည်။ ပြည်တွင်းရေးဝင်မစွက်ဖက်ခြင်းမူဝါဒအတိုင်း ကျင့်သုံးနေသည်ဟု ယူဆသူမှာ ၂၀၂၃ ခုနှစ်စစ်တမ်းထက် **၁၁ ရာခိုင်နှုန်း** လျော့နည်းသွားသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

---

မေးခွန်း-၂၅ ကို မေးမြန်းရာတွင် **"မြန်မာ့အရေးဖြေရှင်းတဲ့အခါ တရုတ်နိုင်ငံအနေနဲ့ သူတို့ကိုင်စွဲထားတဲ့ ပြည်တွင်းရေးဝင်မစွက်ဖက်မှုဝါဒအတိုင်း ကျင့်သုံးနေတယ်လို့ ထင်ပါသလား"**ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ရာတွင် တရုတ်နိုင်ငံအနေနှင့် လက်ရှိမြန်မာ့အရေးဖြေရှင်းရေးတွင် ပြည်တွင်းရေးဝင်မစွက်ဖက်ခြင်းမူဝါဒအတိုင်း ကျင့်သုံးနေခြင်းမရှိဟု အားလုံးက ယူဆကြသည်ကို တွေ့ရသည်။ **ထင်ရှားသူများ၏ ၉၂ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၉ ရာခိုင်နှုန်း၊ EAOs များ၏ ၈၇ ရာခိုင်နှုန်း၊ စီးပွားရေးအသိုက်အဝန်း၏** ၇၄ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်းနှင့် PDFs/LDFs များ၏ ၆၉ ရာခိုင်နှုန်းတို့က ထိုအတိုင်း ယူဆကြခြင်းဖြစ်သည်။


မေးခွန်း-၂၅

'ပြည်တွင်းရေးဝင်မစွက်ဖက်မှုဝါဒကို တရုတ်နိုင်ငံက ကျင့်သုံးနေသည်ဟုထင်ပါသလား'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| ထင်ပါသည် | ၁၃% | ၁၁% | ၁၉% | ၂၄% | ၆% | ၁၃% | ၂၅% |
| မထင်ပါ | ၈၅% | ၈၉% | ၆၉% | ၇၄% | ၉၂% | ၈၇% | ၆၉% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၂% | ၀% | ၆% | ၂% | ၂% | ၀% | ၆% |

## မေးခွန်း-၂၆

### နိုင်ငံရေးအကျပ်အတည်းကြောင့် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံ ပိုနီးစပ်သွားသည်ဟု ယူဆပါသလား




၂၀၂၁ ခုနှစ် အာဏာသိမ်းမှုအလွန် ပေါ်ပေါက်လာသည့် နိုင်ငံရေးအကျပ်အတည်းနှင့် ပဋိပက္ခ အခင်းအကျင်းများကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ပိုမိုနီးစပ်သွားသည်ဟု အများစုက မယူဆကြပေ။ ထိုသို့မယူဆသူ **၇၂ ရာခိုင်နှုန်း**ရှိသည်။ **၂၆ ရာခိုင်နှုန်း**ကမူ ပိုမိုနီးစပ်သွားသည်ဟု ရှုမြင်ကြသည်။ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် စစ်တမ်းများနှင့်နှိုင်းယှဉ်ပါက အပြောင်းအလဲတချို့ ရှိခဲ့ပါသည်။ တရုတ်နိုင်ငံနှင့်ပိုနီးစပ်သွားကြောင်း မယူဆသူမှာ ၂၀၂၂ ခုနှစ်ကထက် **၁၂ ရာခိုင်နှုန်း**နှင့် ၂၀၂၃ ခုနှစ်ထက် **၁၈ ရာခိုင်နှုန်း** ပိုများလာသည်။ တရုတ်နိုင်ငံနှင့် ပိုနီးစပ်သွားသည်ဟု ထင်သူမှာလည်း ၂၀၂၃ ခုနှစ်ထက် **၁၆ ရာခိုင်နှုန်း** လျော့နည်းသွားသည်။

◀ ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၂၆ ကို မေးမြန်းရာတွင် "၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း ဖြစ်လာတဲ့ နိုင်ငံရေးအကျပ်အတည်းနဲ့ ပဋိပက္ခအခင်းအကျင်းကြောင့် မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေး ပိုခိုင်မာလာတယ်လို့ ယူဆပါသလား"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ရာတွင် အာဏာသိမ်းမှုအလွန် ပေါ်ပေါက်လာသည့် နိုင်ငံရေးအကျပ်အတည်းနှင့် ပဋိပက္ခအခင်းအကျင်းများကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ပိုမိုနီးစပ်သွားသည်ဟု မယူဆကြောင်း အစုအဖွဲ့အများစုက ဖြေဆိုကြသည်။ PDFs/LDFs များ၏ ၈၈ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၇၉ ရာခိုင်နှုန်း၊ EAOs များနှင့် ထင်ရှားသူများ၏ ၇၃ ရာခိုင်နှုန်းစီနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၀ ရာခိုင်နှုန်းက ထိုသို့ဖြေဆိုခဲ့ကြသည်။ ထူးခြားချက်မှာ နိုင်ငံရေးအသိုက်အဝန်း၏ ၅၀ ရာခိုင်နှုန်းက ပိုမိုနီးစပ်သွားသည်ဟု ယူဆကြောင်း ဖြေဆိုခဲ့ကြသည်။


မေးခွန်း-၂၆

'နိုင်ငံရေးအကျပ်အတည်းကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ပိုနီးစပ်သွားပါသလား'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| ယူဆပါသည် | ၂၆% | ၃၀% | ၅၀% | ၁၉% | ၂၁% | ၂၇% | ၁၃% |
| မယူဆပါ | ၇၂% | ၇၀% | ၄၄% | ၇၉% | ၇၃% | ၇၃% | ၈၈% |
| မသိပါ | ၁% | ၁% | ၆% | ၂% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၂% | ၀% | ၀% | ၀% | ၆% | ၀% | ၀% |

**မေးခွန်း-၂၇**

## မြန်မာ့မူဝါဒများအတွက် တရုတ်နိုင်ငံက မည်သို့စဉ်းစားသနည်း




အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံအနေနှင့် **'အာဏာကိုင်စွဲထားသူ မည်သူနှင့်မဆို အဆင်ပြေသောဆက်ဆံရေး ရရှိရေးအတွက် အဓိကထားစဉ်းစားသည်'**ဟု ရှုမြင်သူ **၉၁ ရာခိုင်နှုန်း**ရှိသည်။ **'မြန်မာပြည်သူများ၏သဘောထားကို အလေးထားစဉ်းစားသည်'**ဟု ရှုမြင်သူမှာ **ငါးရာခိုင်နှုန်း**သာရှိသည်။ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် စစ်တမ်းများနှင့်နှိုင်းယှဉ်ပါက အပြောင်းအလဲ တချို့ရှိခဲ့ပါသည်။ **'အာဏာကိုင်စွဲထားသူ မည်သူနှင့်မဆို အဆင်ပြေသည့်ဆက်ဆံရေးရရှိရန် အဓိကထားစဉ်းစားသည်'**ဟု ရှုမြင် သူမှာ ၂၀၂၂ ခုနှစ်ကထက် **၁၂ ရာခိုင်နှုန်း**နှင့် ၂၀၂၃ ခုနှစ်ထက် **ကိုးရာခိုင်နှုန်း** ပိုများလာပါသည်။ **'မြန်မာပြည်သူများ၏သဘောထားကို အလေးထားစဉ်းစားသည်'**ဟု ယူဆသူမှာ ၂၀၂၂ ခုနှစ်ထက် **ခြောက်ရာခိုင်နှုန်း**နှင့် ၂၀၂၃ ခုနှစ်ထက် **ခုနစ်ရာခိုင်နှုန်း** လျော့နည်းသွားပါသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၂၇ ကို မေးမြန်းရာတွင် "၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ မူဝါဒတွေ ချမှတ်တဲ့အခါ စဉ်းစားလေ့ရှိတယ်လို့ထင်ရတဲ့ အချက်နှစ်ခုအထဲက တခုကို ရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ပါက တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံဆိုင်ရာမူဝါဒများချမှတ်ရာတွင် 'အာဏာကိုင်စွဲထားသူ မည်သူနှင့်မဆို အဆင်ပြေသော ဆက်ဆံရေးရရှိရေးကို အဓိကထားစဉ်းစားသည်'ဟု အစုအဖွဲ့အားလုံးက ရှုမြင်ကြသည်။ EAOs များ၏ ရာနှုန်းပြည့်၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၉၆ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၉၄ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၉၂ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၇၆ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၇၅ ရာခိုင်နှုန်းတို့က ထိုသို့ ဖြေဆိုခဲ့ခြင်းဖြစ်သည်။

မေးခွန်း-၂၇

'အာဏာသိမ်းမှုနောက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာမူဝါဒများအတွက် တရုတ်နိုင်ငံ၏ စဉ်းစားမှု'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| မြန်မာပြည်သူများ၏ သဘောထားကို အလေးထားစဉ်းစားသည် | ၅% | ၂% | ၁၃% | ၁၂% | ၃% | ၀% | ၆% |
| အာဏာကိုင်စွဲထားသူနှင့် အဆင်ပြေရန်သာ အဓိကစဉ်းစားသည် | ၉၁% | ၉၆% | ၇၅% | ၇၆% | ၉၂% | ၁၀၀% | ၉၄% |
| မသိပါ | ၂% | ၁% | ၆% | ၂% | ၂% | ၀% | ၀% |
| မဖြေလိုပါ | ၃% | ၁% | ၆% | ၁၀% | ၃% | ၀% | ၀% |

**မေးခွန်း-၂၈**

## နိုင်ငံရေးအကျပ်အတည်းကို အခြေခံဥပဒေဘောင်အတွင်းက ဖြေရှင်းရေး တရုတ်နိုင်ငံ၏တိုက်တွန်းမှု ထိရောက်နိုင်သလား




မြန်မာ့နိုင်ငံရေးအကျပ်အတည်းကို ၂၀၀၈ ခုနှစ် အခြေခံဥပဒေဘောင်ထဲက ဖြေရှင်းရန် တရုတ်နိုင်ငံက တိုက်တွန်းခြင်းသည် အကျပ်အတည်းပြေလည်ရေးအတွက် မထိရောက်ပါဟု စစ်တမ်းဖြေဆိုသူအားလုံး၏ **၈၁ ရာခိုင်နှုန်း**က ယူဆကြသည်။ ထိရောက်ပါသည်ဟု ယူဆသူမှာ **၁၇ ရာခိုင်နှုန်း**ရှိသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၂၈ ကို မေးမြန်းရာတွင် **"မြန်မာ့နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရေး လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ၂၀၀၈ ခုနှစ် အခြေခံဥပဒေဘောင်ထဲကနေ လုပ်ဖို့ တရုတ်နိုင်ငံက တိုက်တွန်းနေပါတယ်။ အဲဒါဟာ ဘယ်အတိုင်းအတာအထိ ထိရောက်မယ်လို့ထင်ပါသလဲ။ ထိရောက်မှုအတိုင်းအတာကို '၁' ကနေ '၄'အထိ သတ်မှတ်ထားပါတယ်။ တခုကိုရွေးပေးပါ"**ဟု မေးမြန်းခဲ့ပါသည်။ '၁'သည် 'လုံးဝမထိရောက်ပါ'ဖြစ်ပြီး '၄'သည် 'အလွန်ထိရောက်ပါသည်'ဟု သတ်မှတ်ထားပါသည်။ **ဤမေးခွန်းမှာ ယခုနှစ်စစ်တမ်းတွင် အသစ်ထည့်သွင်းမေးမြန်းခဲ့ခြင်းဖြစ်သည်။**

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ရာတွင် မြန်မာ့နိုင်ငံရေးအကျပ်အတည်းဖြေရှင်းရေးကို ၂၀၀၈ ခုနှစ် အခြေခံဥပဒေဘောင်ထဲကပြုလုပ်ရန် တရုတ်နိုင်ငံက တိုက်တွန်းခြင်းသည် မထိရောက်ပါဟု အစုအဖွဲ့အားလုံးက ရှုမြင်ကြသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၇ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၈၃ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၈၂ ရာခိုင်နှုန်း၊** EAOs များ၏ ၈၀ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၆၆ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၅၆ ရာခိုင်နှုန်းတို့က ထိုသို့ ဖြေဆိုခဲ့ခြင်းဖြစ်သည်။

မေးခွန်း-၂၈

‘နိုင်ငံရေးအကျပ်အတည်းကို အခြေခံဥပဒေဘောင်ထဲက ဖြေရှင်းရေး တရုတ်နိုင်ငံ၏ တိုက်တွန်းမှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမထိရောက်ပါ | ၄၂% | ၅၀% | ၆% | ၂၆% | ၄၈% | ၃၃% | ၃၈% |
| မထိရောက်ပါ | ၃၉% | ၃၇% | ၅၀% | ၄၀% | ၃၅% | ၄၇% | ၄၄% |
| ထိရောက်ပါသည် | ၁၆% | ၁၂% | ၂၅% | ၂၄% | ၁၄% | ၂၀% | ၁၉% |
| အလွန်ထိရောက်ပါသည် | ၁% | ၀% | ၆% | ၂% | ၀% | ၀% | ၀% |
| မသိပါ | ၁% | ၀% | ၆% | ၂% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၂% | ၀% | ၆% | ၅% | ၃% | ၀% | ၀% |


ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝမထိရောက်ပါ’ နှင့် ‘မထိရောက်ပါ’ နှစ်ရပ်ပေါင်းကို ‘မထိရောက်ပါ’ ဟုလည်းကောင်း၊ ‘ထိရောက်ပါသည်’ နှင့် ‘အလွန်ထိရောက်ပါသည်’ နှစ်ရပ်ပေါင်းကို ‘ထိရောက်ပါသည်’ ဟုလည်းကောင်း ကောက်ယူပါသည်။

**မေးခွန်း- ၂၉ နှင့် ၃၀**


## မြန်မာ့အရေး ကျော်လွှန်၍မရသော စည်းသုံးစည်း လက်တွေ့ကျ၊ မကျ

- လက်တွေ့မကျပါ
- မသိပါ
- လက်တွေ့ကျပါသည်
- မဖြေလိုပါ

■ **မေးခွန်း-၂၉၊ ပြည်တွင်း မတည်ငြိမ်မှုနှင့် ပြည်တွင်းစစ် ဖြစ်ပွား၍မရ**




■ **မေးခွန်း-၃၀၊ အာဆီယံ၏ မိသားစုလမ်းကြောင်းကနေ ကင်းကွာ၍မရ**




**မေးခွန်း-၃၁**

## မြန်မာ့အရေး ကျော်လွှန်၍မရသော စည်းသုံးစည်း လက်တွေ့ကျ၊ မကျ

- လက်တွေ့မကျပါ
- မသိပါ
- လက်တွေ့ကျပါသည်
- မဖြေလိုပါ

■ **မေးခွန်း-၃၁၊** ပြင်ပအင်အားစုများ ထင်သလို စိမ့်ဝင်စွက်ဖက်မှုကို ခွင့်မပြု




တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ပြောဆိုခဲ့သည့် မြန်မာ့အရေးဖြေရှင်းရေးနှင့်ပတ်သက်ပြီး ကျော်လွှန်၍မရသော စည်းသုံးစည်းအနက် **‘ပြည်တွင်းမတည်ငြိမ်မှုနှင့် ပြည်တွင်းစစ်ဖြစ်ပွား၍မရခြင်း’**သည် လက်တွေ့မကျကြောင်း စစ်တမ်းဖြေဆိုသူ **၇၃ ရာခိုင်နှုန်း**က ယူဆကြသည်။ မြန်မာ့အရေးတွင် **‘ပြင်ပအင်အားစုများ ထင်သလို စိမ့်ဝင်စွက်ဖက်ခြင်းကို ခွင့်မပြုခြင်း’**သည်လည်း လက်တွေ့မကျကြောင်း ဖြေဆိုသူ **၇၃ ရာခိုင်နှုန်း**က ရှုမြင်ကြသည်ကို တွေ့ရသည်။ **‘အာဆီယံ၏ မိသားစုလမ်းကြောင်းကနေ ကင်းကွာ၍မရခြင်း’**ဟူသည့်အချက်ကမူ လက်တွေ့ကျကြောင်း ဖြေဆိုသူ **၆၁ ရာခိုင်နှုန်း**က ယူဆကြသည်။

---

မေးခွန်း-၂၉ ကနေ ၃၁ အထိကို မေးမြန်းရာတွင် **“အခုနှစ်ထဲမှာ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက မြန်မာ့အရေးနဲ့ပတ်သက်ပြီး ကျော်လွှန်မရတဲ့ စည်းသုံးစည်းကို ပြောခဲ့ပါတယ်။ အဲဒီစည်းသုံးစည်းဟာ မြန်မာ့အရေးဖြေရှင်းဖို့အတွက် လက်တွေ့ကျတယ်လို့ ထင်ပါသလား”**ဟု မေးမြန်းခဲ့ပါသည်။ ဤမေးခွန်းများကို ယခုနှစ်စစ်တမ်းတွင် အသစ်ထည့်သွင်းမေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ရာတွင် 'ပြည်တွင်းမတည်ငြိမ်မှုနှင့် ပြည်တွင်းစစ်ဖြစ်ပွား၍မရခြင်း'သည် လက်တွေ့မကျကြောင်း အစုအဖွဲ့အားလုံးက ယူဆကြသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၅ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၈၁ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၇၁ ရာခိုင်နှုန်း၊ EAOs များ၏ ၆၀ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၅၇ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၅၀ ရာခိုင်နှုန်းတို့က ထိုသို့ ဖြေဆိုခဲ့ခြင်းဖြစ်သည်။ ထို့အပြင် 'ပြင်ပအင်အားစုများ ထင်သလို စိမ့်ဝင်စွက်ဖက်ခြင်းကို ခွင့်မပြုခြင်း'သည်လည်း လက်တွေ့မကျကြောင်း အစုအဖွဲ့အများစုက ယူဆကြသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၂ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၈၁ ရာခိုင်နှုန်း၊ EAOs များ၏ ၈၀ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၆၈ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၆၄ ရာခိုင်နှုန်းတို့က ဖြေဆိုခဲ့ခြင်းဖြစ်သည်။ သို့သော် နိုင်ငံရေးအသိုက်အဝန်း၏ ၅၀ ရာခိုင်နှုန်းကမူ လက်တွေ့ကျသည်ဟု ဖြေဆိုခဲ့ကြသည်။ 'အာဆီယံ၏ မိသားစုလမ်းကြောင်းကနေ ကင်းကွာ၍မရခြင်း'ဆိုသည့်အချက်ကို လက်တွေ့ကျကြောင်း ယူဆကြမှုမှာ EAOs များ၏ ၉၃ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၆၇ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၆၃ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၅၉ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၅၆ ရာခိုင်နှုန်းနှင့် PDFs/LDFs များ၏ ၅၀ ရာခိုင်နှုန်း ဖြစ်သည်။

မေးခွန်း-၂၉

‘ပြည်တွင်း မတည်ငြိမ်မှုနှင့် ပြည်တွင်းစစ် ဖြစ်ပွား၍မရ’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လက်တွေ့မကျပါ | ၇၃% | ၈၅% | ၅၀% | ၅၇% | ၇၁% | ၆၀% | ၈၁% |
| လက်တွေ့ကျပါသည် | ၂၅% | ၁၅% | ၄၄% | ၃၈% | ၂၄% | ၄၀% | ၁၉% |
| မသိပါ | ၁% | ၀% | ၆% | ၀% | ၂% | ၀% | ၀% |
| မဖြေလိုပါ | ၂% | ၀% | ၀% | ၅% | ၃% | ၀% | ၀% |

မေးခွန်း-၃၀

‘အာဆီယံ၏ မိသားစုလမ်းကြောင်းကနေ ကင်းကွာ၍မရ’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လက်တွေ့မကျပါ | ၃၇% | ၄၃% | ၃၁% | ၂၆% | ၃၉% | ၇% | ၅၀% |
| လက်တွေ့ကျပါသည် | ၆၁% | ၅၆% | ၆၃% | ၆၇% | ၅၉% | ၉၃% | ၅၀% |
| မသိပါ | ၁% | ၁% | ၆% | ၂% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၁% | ၀% | ၀% | ၅% | ၂% | ၀% | ၀% |

မေးခွန်း-၃၁

‘ပြင်ပအင်အားစုများ ထင်သလိုစိမ့်ဝင်စွက်ဖက်မှုကို ခွင့်မပြု’အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လက်တွေ့မကျပါ | ၇၃% | ၈၂% | ၄၄% | ၆၄% | ၆၈% | ၈၀% | ၈၁% |
| လက်တွေ့ကျပါသည် | ၂၃% | ၁၅% | ၅၀% | ၃၁% | ၃၀% | ၂၀% | ၆% |
| မသိပါ | ၂% | ၁% | ၆% | ၀% | ၀% | ၀% | ၁၃% |
| မဖြေလိုပါ | ၂% | ၂% | ၀% | ၅% | ၂% | ၀% | ၀% |

**မေးခွန်း-၃၂ မှ ၃၄ အထိ**


## ရွေးကောက်ပွဲလမ်းကြောင်းမှတဆင့် ထွက်ပေါက်ရှာရေး တရုတ်နိုင်ငံ၏ တွန်းအားပေးမှု အထောက်အကူ ဖြစ်၊ မဖြစ်

- လုံးဝအထောက်အကူမဖြစ်ပါ
- အထောက်အကူမဖြစ်ပါ
- အထောက်အကူဖြစ်ပါသည်
- အလွန်အထောက်အကူဖြစ်ပါသည်
- မသိပါ
- မဖြေလိုပါ


■ မေးခွန်း-၃၂
ရေရှည်ပဋိပက္ခ ဖြေရှင်းရေးအတွက် အထောက်အကူ ဖြစ်၊ မဖြစ်




■ မေးခွန်း-၃၃
အာဆီယံ၏ အားထုတ်မှုအတွက် အထောက်အကူ ဖြစ်၊ မဖြစ်




■ မေးခွန်း-၃၄
မြန်မာစစ်တပ်၏ အကျိုးအတွက် အထောက်အကူ ဖြစ်၊ မဖြစ်



**မေးခွန်း-၃၅**

## ရွေးကောက်ပွဲလမ်းကြောင်းမှတဆင့် ထွက်ပေါက်ရှာရေး တရုတ်နိုင်ငံ၏ တွန်းအားပေးမှု အထောက်အကူ ဖြစ်၊ မဖြစ်

- လုံးဝအထောက်အကူမဖြစ်ပါ
- အထောက်အကူမဖြစ်ပါ
- အထောက်အကူဖြစ်ပါသည်
- အလွန်အထောက်အကူဖြစ်ပါသည်
- မသိပါ
- မဖြေလိုပါ

■ မေးခွန်း-၃၅
လက်ရှိနိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရေးအတွက် အထောက်အကူ ဖြစ်၊ မဖြစ်




မြန်မာ့နိုင်ငံရေးအကျပ်အတည်းကို ရွေးကောက်ပွဲလမ်းကြောင်းကတဆင့် ထွက်ပေါက်ရှာရန် စစ်ကောင်စီကို တရုတ်နိုင်ငံဘက်က တွန်းအားပေးလျက်ရှိသည်။ ထိုသို့ တွန်းအားပေးခြင်းသည် **'ရေရှည်ပဋိပက္ခဖြေရှင်းရေးအတွက်' 'အထောက်အကူမဖြစ်ပါ'**ဟု ဖြေဆိုသူအားလုံး၏ **၈၁** ရာခိုင်နှုန်းက ရှုမြင်ကြသည်။ ထို့အပြင် **'အာဆီယံ၏အားထုတ်မှုအတွက်'**လည်း **'အထောက်အကူမဖြစ်ပါ'**ဟု ဖြေဆိုသူမှာလည်း ၆၄ ရာခိုင်နှုန်းရှိသည်။ **'လက်ရှိနိုင်ငံရေးအကျပ်အတည်းဖြေရှင်းရေးအတွက်'**လည်း **'အထောက်အကူမဖြစ်ပါ'**ဟု အများစုကရှုမြင်ပြီး **၇၇** ရာခိုင်နှုန်းရှိသည်။ သို့သော် ထိုသို့တွန်းအားပေးခြင်းသည် **'မြန်မာစစ်တပ်၏ အကျိုးအတွက်' 'အထောက်အကူဖြစ်ပါသည်'** ရှုမြင်သူ **၈၆** ရာခိုင်နှုန်းရှိနေသည်။

◀ ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၃၂ ကနေ ၃၅ အထိကို မေးမြန်းရာတွင် "မြန်မာ့အကျပ်အတည်းကို ရွေးကောက်ပွဲလမ်းကြောင်းကတဆင့် ထွက်ပေါက်ရှာဖို့ တရုတ်နိုင်ငံက စစ်ကောင်စီကို တွန်းအားပေးနေပါတယ်။ ဒီလိုတွန်းအားပေးတာအပေါ် အကြောင်းအရာလေးခုနဲ့ပတ်သက်ပြီး အထောက်အကူဘယ်လောက် ဖြစ်၊ မဖြစ်ဆိုတာ သိချင်ပါတယ်။ တခုချင်းစီမှာ '၁' ကနေ '၄' အထိ သတ်မှတ်ထားပါတယ်။ '၁' က 'လုံး၀ အထောက်အကူမဖြစ်ပါ' ဖြစ်ပြီး '၄' က 'အလွန်အထောက်အကူဖြစ်ပါတယ်' လို့ သတ်မှတ်ထားပါတယ်"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ရာတွင် အကျပ်အတည်းအဖြေရှာရေးအတွက် ရွေးကောက်ပွဲလမ်းကြောင်းကတဆင့် ထွက်ပေါက်ရှာရန် စစ်ကောင်စီကို တရုတ်နိုင်ငံက တွန်းအားပေးခြင်းသည် 'ရေရှည်ပဋိပက္ခဖြေရှင်းရေးအတွက်' အထောက်အကူမဖြစ်ကြောင်း PDFs/LDFs များက ရာနှုန်းပြည့်ယူဆကြသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၉ ရာခိုင်နှုန်း၊ EAOs များ၏ ၈၇ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၈၂ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၆၄ ရာခိုင်နှုန်းတို့ကလည်း ထိုသို့ ယူဆကြသည်ကို တွေ့ရသည်။ ထူးခြားချက်မှာ နိုင်ငံရေးအသိုက်အဝန်း၏ ၅၀ ရာခိုင်နှုန်းက** အထောက်အကူဖြစ်သည်ဟု ယူဆခြင်းဖြစ်သည်။ 'အာဆီယံ၏အားထုတ်မှုအတွက်' အထောက်အကူမဖြစ်ကြောင်း PDFs/LDFs များ၏ ၈၈ ရာခိုင်နှုန်း၊ EAOs များ၏ ၇၃ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၈ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၆၅ ရာခိုင်နှုန်းနှင့် **စီးပွားရေးအသင်းအဖွဲ့များ၏ ၅၀ ရာခိုင်နှုန်းတို့က** ယူဆကြသည်။ ထို့အပြင် လက်ရှိ နိုင်ငံရေးအကျပ်အတည်းဖြေရှင်းရေးအတွက်လည်း အထောက်အကူမဖြစ်ကြောင်း အစုအဖွဲ့အားလုံးက ရှုမြင်ကြသည်။ PDFs/LDFs များ၏ ၉၄ ရာခိုင်နှုန်း၊ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၃ ရာခိုင်နှုန်း**၊ EAOs များ၏ ၈၀ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၇၆ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၆၇ ရာခိုင်နှုန်းနှင့် **နိုင်ငံရေးအသိုက်အဝန်း၏ ၆၃ ရာခိုင်နှုန်းတို့က** ထိုသို့ ဖြေဆိုခဲ့ကြခြင်းဖြစ်သည်။ မြန်မာစစ်တပ်၏အကျိုးအတွက် အထောက်အကူဖြစ်သည်ဟူသည့် ယူဆချက်မှာ အစုအဖွဲ့အားလုံးတွင် ရှိနေကြသည်ကို တွေ့ရပါသည်။ PDFs/LDFs များ၏ ၉၄ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၈၈ ရာခိုင်နှုန်း၊ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၅ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၈၄ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၈၁ ရာခိုင်နှုန်းနှင့်** EAOs များ၏ ၈၀ ရာခိုင်နှုန်းတို့က ထိုသို့ ဖြေဆိုခဲ့ကြသည်။

မေးခွန်း-၃၂

'ရေရှည်ပဋိပက္ခဖြေရှင်းရေးအတွက် အထောက်အကူဖြစ်မှု'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအထောက်အကူမဖြစ်ပါ | ၄၇% | ၄၉% | ၂၅% | ၂၆% | ၅၆% | ၄၇% | ၆၉% |
| အထောက်အကူမဖြစ်ပါ | ၃၄% | ၄၀% | ၁၉% | ၃၈% | ၂၆% | ၄၀% | ၃၁% |
| အထောက်အကူဖြစ်သည် | ၁၄% | ၁၀% | ၄၄% | ၁၉% | ၁၇% | ၇% | ၀% |
| အလွန်အထောက်အကူဖြစ်သည် | ၂% | ၁% | ၆% | ၇% | ၀% | ၇% | ၀% |
| မသိပါ | ၁% | ၀% | ၆% | ၅% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၂% | ၁% | ၀% | ၅% | ၂% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် 'လုံးဝအထောက်အကူမဖြစ်ပါ'နှင့် 'အထောက်အကူမဖြစ်ပါ' နှစ်ရပ်ပေါင်းကို 'အထောက်အကူမဖြစ်ပါ'ဟုလည်းကောင်း၊ 'အထောက်အကူဖြစ်သည်'နှင့် 'အလွန်အထောက်အကူဖြစ်သည်' နှစ်ရပ်ပေါင်းကို 'အထောက်အကူဖြစ်သည်'ဟုလည်းကောင်း ကောက်ယူပါသည်။

မေးခွန်း-၃၃

‘အာဆီယံ၏ အားထုတ်မှုအတွက် အထောက်အကူဖြစ်မှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအထောက်အကူမဖြစ်ပါ | ၂၂% | ၂၃% | ၆% | ၁၀% | ၃၀% | ၂၀% | ၂၅% |
| အထောက်အကူမဖြစ်ပါ | ၄၂% | ၄၅% | ၃၁% | ၄၀% | ၃၅% | ၅၃% | ၆၃% |
| အထောက်အကူဖြစ်သည် | ၃၃% | ၃၁% | ၅၀% | ၄၀% | ၃၂% | ၂၇% | ၁၃% |
| အလွန်အထောက်အကူဖြစ်သည် | ၁% | ၁% | ၆% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၁% | ၀% | ၆% | ၂% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၂% | ၀% | ၀% | ၇% | ၃% | ၀% | ၀% |

မေးခွန်း-၃၄

‘မြန်မာစစ်တပ်၏ အကျိုးအတွက် အထောက်အကူဖြစ်မှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအထောက်အကူမဖြစ်ပါ | ၆% | ၁၀% | ၀% | ၂% | ၆% | ၇% | ၀% |
| အထောက်အကူမဖြစ်ပါ | ၅% | ၅% | ၀% | ၇% | ၃% | ၁၃% | ၆% |
| အထောက်အကူဖြစ်သည် | ၄၄% | ၃၇% | ၅၆% | ၆၀% | ၄၄% | ၄၀% | ၃၈% |
| အလွန်အထောက်အကူဖြစ်သည် | ၄၂% | ၄၈% | ၂၅% | ၂၄% | ၄၄% | ၄၀% | ၅၆% |
| မသိပါ | ၁% | ၁% | ၆% | ၂% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၂% | ၀% | ၁၃% | ၅% | ၃% | ၀% | ၀% |


မေးခွန်း-၃၅

‘လက်ရှိနိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရေးအတွက် အထောက်အကူဖြစ်မှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအထောက်အကူမဖြစ်ပါ | ၄၈% | ၅၈% | ၂၅% | ၂၆% | ၅၀% | ၅၃% | ၅၆% |
| အထောက်အကူမဖြစ်ပါ | ၂၉% | ၂၅% | ၃၈% | ၄၀% | ၂၆% | ၂၇% | ၃၈% |
| အထောက်အကူဖြစ်သည် | ၁၅% | ၁၂% | ၂၅% | ၁၉% | ၁၈% | ၀% | ၆% |
| အလွန်အထောက်အကူဖြစ်သည် | ၄% | ၃% | ၆% | ၅% | ၃% | ၂၀% | ၀% |
| မသိပါ | ၁% | ၀% | ၆% | ၂% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၃% | ၂% | ၀% | ၇% | ၃% | ၀% | ၀% |

မေးခွန်း-၃၆

## မြန်မာ့အရေးဖြေရှင်းရေးတွင် တရုတ်နိုင်ငံ ဖိဖိစီးစီးပါဝင်လာရသည့် အကြောင်းအရင်း




မြန်မာ့နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရေးတွင် တရုတ်နိုင်ငံသည် အရင်ထက်ပို၍ ဖိဖိစီးစီး ပါဝင်လာပါသည်။ ထိုသို့ပါဝင်လာရခြင်းမှာ **တရုတ်နိုင်ငံ၏ မဟာဗျူဟာကျစီမံကိန်းများ တိုက်ခိုက်သိမ်းပိုက်ခံရခြင်းကြောင့်ဖြစ်သည်**ဟု ယူဆသူ ၆၃ ရာခိုင်နှုန်းရှိပြီး အများဆုံးဖြစ်သည်။ **ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) ၏ စစ်ရေးအောင်မြင်မှုကြောင့်ဖြစ်သည်**ဟုယူဆသူ ၅၈ ရာခိုင်နှုန်းရှိသည်။ **အတိုက်အခံအင်အားစုများ စည်းလုံးလာခြင်းကြောင့်ဖြစ်သည်**ဟုယူဆသူ ၃၇ ရာခိုင်နှုန်းရှိသည်။ **ဟိုင်ဂင်ဆွေးနွေးပွဲကဲ့သို့ ဒေသအခြေပြု ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို EAOs များက စိတ်မဝင်စားတော့ခြင်းကြောင့်**ဟု ယူဆသူ ၃၃ ရာခိုင်နှုန်းရှိသည်။ **မြန်မာနိုင်ငံရှိ တရုတ်နိုင်ငံသားများ၏ လုံခြုံရေးထိခိုက်ခံရခြင်းကြောင့်**ဟု ယူဆသူ ၃၁ ရာခိုင်နှုန်းရှိသည်။ **စစ်ကောင်စီက သဘောထားတင်းမာပြီး ပြောင်းလွယ်ပြင်လွယ်မရှိခြင်းကြောင့်**ဟု ယူဆသူမှာ ၂၇ ရာခိုင်နှုန်းရှိသည်။ **တရုတ်နိုင်ငံအပေါ် NUG ၏ ပျော့ပြောင်းသည့် သဘောထားအမြင်ကြောင့်**ဟု ယူဆသူမှာ ကိုးရာခိုင်နှုန်း ရှိသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ရာတွင် မြန်မာ့နိုင်ငံရေးအကျပ်အတည်းဖြေရှင်းရေးတွင် တရုတ်နိုင်ငံ ဖိဖိစီးစီးပါဝင်လာရခြင်းမှာ တရုတ်နိုင်ငံ၏ မဟာဗျူဟာကျစီမံကိန်းများ တိုက်ခိုက်သိမ်းပိုက်ခံရခြင်းကြောင့်ဖြစ်သည်ဟု **ထင်ရှားသူများ၏ ၈၂ ရာခိုင်နှုန်း၊ EAOs များ၏ ၈၀ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၆၃ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၅၇ ရာခိုင်နှုန်း**တို့က ဖြေဆိုခဲ့ကြခြင်းဖြစ်သည်။ ညီနောင်မဟာမိတ်သုံးဖွဲ့၏ စစ်ရေးအောင်မြင်မှုကြောင့်ဖြစ်သည်ဟု **အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၇ ရာခိုင်နှုန်းနှင့် PDFs/LDFs များ၏ ၆၃ ရာခိုင်နှုန်း**က ယူဆကြသည်။ ထို့အပြင် အတိုက်အခံအင်အားစုများ စည်းလုံးလာခြင်းကြောင့်ဖြစ်သည်ဟု **PDFs/LDFs များ၏ ၆၃ ရာခိုင်နှုန်း**က ယူဆကြသည်ကိုတွေ့ရသည်။

မေးခွန်း-၃၆

‘မြန်မာ့အရေးဖြေရှင်းရေးတွင် တရုတ်နိုင်ငံ ဖိဖိစီးစီးပါဝင်လာရသည့်အကြောင်းအရင်း’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| SAC က သဘောထားတင်းမာပြီး ပြောင်းလွယ်ပြင်လွယ်မရှိခြင်း | ၂၇% | ၂၉% | ၃၀% | ၂၆% | ၂၄% | ၃၃% | ၁၉% |
| 3BHA က စစ်ရေး အောင်မြင်မှုရလာခြင်း | ၅၈% | ၆၇% | ၂၅% | ၅၀% | ၅၅% | ၆၀% | ၆၃% |
| တရုတ်နိုင်ငံအပေါ် NUG က ပျော့ပြောင်းသော သဘောထားအမြင်ရှိခြင်း | ၉% | ၁၁% | ၁၃% | ၅% | ၆% | ၀% | ၂၅% |
| အတိုက်အခံအင်အားစုအားလုံး စည်းလုံးလာခြင်း | ၃၇% | ၄၂% | ၁၃% | ၄၀% | ၂၆% | ၃၃% | ၆၃% |
| ဒေသအခြေပြုပဋိပက္ခဖြေရှင်းရေး ဆွေးနွေးပွဲများကို တိုင်းရင်းသား လက်နက်ကိုင်များက စိတ်မဝင်စားခြင်း | ၃၃% | ၃၄% | ၃၈% | ၃၁% | ၃၈% | ၂၀% | ၁၉% |
| တရုတ်နိုင်ငံ၏ မဟာဗျူဟာကျစီမံကိန်းများ တိုက်ခိုက်သိမ်းပိုက်ခံရခြင်း | ၆၃% | ၅၅% | ၆၃% | ၅၇% | ၈၂% | ၈၀% | ၃၁% |
| မြန်မာနိုင်ငံရှိ တရုတ်နိုင်ငံသားများ၏ လုံခြုံရေးထိခိုက်ခံရခြင်း | ၃၁% | ၂၇% | ၄၄% | ၃၆% | ၂၇% | ၃၃% | ၄၄% |
| မသိပါ | ၁% | ၀% | ၆% | ၂% | ၀% | ၀% | ၆% |
| မဖြေလိုပါ | ၃% | ၁% | ၆% | ၇% | ၃% | ၀% | ၀% |


မေးခွန်း- ၃၆ ကို မေးမြန်းရာတွင် ‘မြန်မာ့နိုင်ငံရေးအကျပ်အတည်းဖြေရှင်းရေးတွင် တရုတ်နိုင်ငံသည် အရင်ထက်ပို၍ ဖိဖိစီးစီးပါဝင်လာရခြင်း’နှင့် ပတ်သက်ပြီး အဖြေကို အများဆုံးသုံးခုအထိ ရွေးချယ်ခွင့်ပေးကာ မေးမြန်းခဲ့ပါသည်။ ဤမေးခွန်းမှာ ယခုနှစ်စစ်တမ်းတွင် အသစ်ထည့်သွင်းထားခြင်းဖြစ်ပါသည်။

# ၄

# မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်
# တရုတ်နိုင်ငံ၏ပါဝင်မှုအပေါ် အမြင်များ

**မေးခွန်း-၃၇**

## မြန်မာ့ငြိမ်းချမ်းရေးအတွက် တရုတ်နိုင်ငံ၏ အားထုတ်မှုအပေါ် သဘောထား




အာဏာသိမ်းမှုအလွန်တွင် မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် တရုတ်နိုင်ငံ၏ အားထုတ်မှုများမှာ ၎င်း၏ အကျိုးစီးပွားများတည်ရှိသည့် နယ်မြေများ တည်ငြိမ်ရေးကိုသာ ဦးစားပေးသည်ဟု ဖြေဆိုသူများ၏ **၆၁ ရာခိုင်နှုန်း**က ယူဆကြသည်။ တနိုင်ငံလုံးငြိမ်းချမ်းရေးကို ဦးစားပေးသည်ဟု ဖြေဆိုသူ **ခုနစ်ရာခိုင်နှုန်း**ရှိပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းရန် ဦးစားပေးသည်ဟု ယူဆသူမှာ **တစ်ရာခိုင်နှုန်း**သာရှိသည်။ တရုတ်အကျိုးစီးပွားနှင့်ဆက်စပ်သည့် လက်နက်ကိုင်အဖွဲ့များ အင်အားကြီးလာရေးကို ဦးစားပေးသည်ဟု ယူဆသူ **၁၀ ရာခိုင်နှုန်း**ရှိသည်။ ဖော်ပြထားသည့် အချက်များကို တခုမှ သဘောမတူပါဟု ဖြေဆိုသူ **၁၄ ရာခိုင်နှုန်း**ရှိပါသည်။ ၂၀၂၃ ခုနှစ်က ကောက်ယူခဲ့သည့် စစ်တမ်းရလဒ်နှင့်နှိုင်းယှဉ်ပါက မြန်မာ့ငြိမ်းချမ်းရေးအတွက် တရုတ်နိုင်ငံ၏ အားထုတ်မှုသည် တရုတ်အကျိုးစီးပွားတည်ရှိသည့် နယ်မြေတည်ငြိမ်ရေးကိုသာ ဦးစားပေးသည်ဟု ဖြေဆိုမှုမှာ **ငါးရာခိုင်နှုန်း**လျော့ကျသွားသည်။ တရုတ်အကျိုးစီးပွားနှင့်ဆက်စပ်သည့် လက်နက်ကိုင်အဖွဲ့များ အင်အားကြီးလာရေးကို ဦးစားပေးသည်ဟု ယူဆမှုမှာလည်း **လေးရာခိုင်နှုန်း**လျော့ကျသွားသည်။ ဖော်ပြပါ သဘောထားအမြင်များကို သဘောမတူကြောင်း ဖြေဆိုသူ **ငါးရာခိုင်နှုန်း**တိုးလာပြီး အခြားသော သဘောထားအမြင်ရှိသူများမှာ **ခုနစ်ရာခိုင်နှုန်း** တိုးလာခဲ့သည်။

မေးခွန်း-၃၇ ကို မေးမြန်းရာတွင် **"၂၀၂၁ အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် တရုတ်နိုင်ငံရဲ့ အားထုတ်မှုနဲ့ပတ်သက်ပြီး သုံးသပ်ချက်တချို့ကို ဖတ်ပြပါ့မယ်။ အဲဒီအထဲက သဘောထားတခုကို ရွေးပေးပါ"**ဟု မေးမြန်းခဲ့ပြီး သုံးသပ်ချက်များကို ဖတ်ပြခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သည့် မူဝါဒအသိုက်အဝန်းတခုချင်းစီ၏ ရလဒ်များအား နှိုင်းယှဉ်ကြည့်ရာ တရုတ်အကျိုးစီးပွားတည်ရှိသည့် နယ်မြေတည်ငြိမ်ရေးကိုသာ ဦးစားပေးသည်ဟု အစုအဖွဲ့အားလုံးက ယူဆကြသည်။ ထူးခြားချက်အနေဖြင့် ယင်းသို့ယူဆမှုတွင် EAOs များ၏ ၉၃ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၆၉ ရာခိုင်နှုန်း ပါဝင်နေခဲ့ပြီး အသိုက်အဝန်းခြောက်ခုတွင် အများဆုံးဖြစ်သည်။ ထင်ရှားသူများ၏ ၆၄ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၅၉ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၅၂ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၄၄ ရာခိုင်နှုန်းကလည်း ထိုသို့ယူဆခဲ့ကြသည်။


မေးခွန်း-၃၇

'မြန်မာ့ငြိမ်းချမ်းရေးအတွက် တရုတ်နိုင်ငံ၏ အားထုတ်မှု'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| တရုတ်အကျိုးစီးပွားများတည်ရှိသော နယ်မြေတည်ငြိမ်ရေးကို ဦးစားပေးသည် | ၆၁% | ၅၉% | ၄၄% | ၅၂% | ၆၄% | ၉၃% | ၆၉% |
| တရုတ်အကျိုးစီးပွားနှင့်ဆက်စပ်သော လက်နက်ကိုင်အဖွဲ့များ အင်အားကြီးလာရေးကိုသာ ဦးစားပေးသည် | ၁၀% | ၁၇% | ၁၉% | ၁၀% | ၂% | ၀% | ၆% |
| တနိုင်ငံလုံးငြိမ်းချမ်းရေးကို ဦးစားပေးသည် | ၇% | ၂% | ၂၅% | ၁၉% | ၅% | ၀% | ၀% |
| ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းရန်အတွက် ဦးစားပေးသည် | ၁% | ၁% | ၀% | ၅% | ၀% | ၀% | ၀% |
| အထက်တွင် ဖော်ပြထားသည်များကို တခုမှ သဘောမတူပါ | ၁၄% | ၁၄% | ၆% | ၁၀% | ၂၀% | ၇% | ၁၃% |
| အခြား | ၇% | ၆% | ၀% | ၅% | ၁၁% | ၀% | ၁၃% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၀% | ၁% | ၀% | ၀% | ၀% | ၀% | ၀% |

**မေးခွန်း-၃၈**

## မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ပါဝင်မှု မည်မျှသက်ရောက်မှုရှိသနည်း




မြန်မာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအရ ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ ပါဝင်မှုသည် **ဆိုးကျိုးဖြစ်စေသည်**ဟု ၆၁ ရာခိုင်နှုန်းက ဖြေဆိုကြပြီး **ကောင်းကျိုးဖြစ်စေသည်**ဟု ဖြေဆိုသူမှာ ၃၅ ရာခိုင်နှုန်းရှိသည်။ ယခင်နှစ်များတွင် ကောက်ယူခဲ့သော စစ်တမ်းများနှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံ၏ ပါဝင်မှုသည် **ဆိုးကျိုးဖြစ်စေသည်**ဟု ယူဆသူရာခိုင်နှုန်းများမှာ ၂၀၂၂ ခုနှစ်ထက် ၃၂ ရာခိုင်နှုန်းနှင့် ၂၀၂၃ ခုနှစ်ထက် ၁၅ ရာခိုင်နှုန်း တိုးလာပါသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၃၈ ကို မေးမြန်းရာတွင် "မြန်မာ့ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေးအရ ရင်ကြားစေ့ရေးလုပ်ငန်းစဉ်မှာ တရုတ်နိုင်ငံရဲ့ပါဝင်မှုက ဘယ်လောက် အကျိုးသက်ရောက်မှုရှိသလဲ။ '၁' ကနေ '၄' အထိ သတ်မှတ်ထားပါတယ်။ '၁' က 'အလွန်ဆိုးကျိုး ဖြစ်စေပါတယ်'ဖြစ်ပြီး '၄' က 'အလွန်ကောင်းကျိုးရှိစေပါတယ်' ဖြစ်ပါတယ်။ တခုကို ရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ရာတွင် မြန်မာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအရ ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ ပါဝင်မှုသည် ဆိုးကျိုးဖြစ်စေသည်ဟု PDFs/LDFs များနှင့် ထင်ရှားသူများ၏ ၆၉ ရာခိုင်နှုန်းက အသီးသီးယူဆခဲ့ကြသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၈ ရာခိုင်နှုန်း၊ EAOs များ၏ ၆၀ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၄၃ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၁၉ ရာခိုင်နှုန်းကလည်း ထိုသို့ယူဆခဲ့ကြသည်။ ကောင်းကျိုးဖြစ်စေသည်ဟု နိုင်ငံရေးအသိုက်အဝန်း၏ ၆၉ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၅၄ ရာခိုင်နှုန်းက ယူဆခဲ့ကြသည်။

မေးခွန်း-၃၈

‘မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ပါဝင်မှု မည်မျှသက်ရောက်မှုရှိသနည်း’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| အလွန်ဆိုးကျိုးဖြစ်စေသည် | ၁၃% | ၁၇% | ၆% | ၁၀% | ၁၄% | ၇% | ၆% |
| အတိုင်းအတာတခုထိ ဆိုးကျိုးဖြစ်စေသည် | ၄၈% | ၅၁% | ၁၃% | ၃၃% | ၅၅% | ၅၃% | ၆၃% |
| ကောင်းကျိုးရှိသည် | ၃၃% | ၂၈% | ၆၃% | ၅၂% | ၂၄% | ၄၀% | ၁၉% |
| အလွန်ကောင်းကျိုးရှိသည် | ၂% | ၁% | ၆% | ၂% | ၂% | ၀% | ၀% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၄% | ၃% | ၆% | ၂% | ၆% | ၀% | ၁၃% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘အလွန်ဆိုးကျိုးဖြစ်စေပါသည်’နှင့် ‘ဆိုးကျိုးဖြစ်စေပါသည်’ နှစ်ရပ်ပေါင်းကို ‘ဆိုးကျိုးဖြစ်စေပါသည်’ဟုလည်းကောင်း ‘အလွန်ကောင်းကျိုးဖြစ်စေပါသည်’နှင့် ‘ကောင်းကျိုးဖြစ်စေပါသည်’ နှစ်ရပ်ပေါင်းကို ‘ကောင်းကျိုးဖြစ်စေပါသည်’ဟုလည်းကောင်း ကောက်ယူပါသည်။

**မေးခွန်း-၃၉**

## ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များအပေါ် တရုတ်နိုင်ငံက မည်မျှလွှမ်းမိုးမှု ရှိသနည်း




ရှမ်းပြည်နယ်မြောက်ပိုင်းရှိ **တိုင်းရင်းသားလက်နက်ကိုင်များအပေါ်** တရုတ်နိုင်ငံက **လွှမ်းမိုးမှုရှိသည်**ဟု **၉၆ ရာခိုင်နှုန်း**က ဖြေဆိုခဲ့ပြီး **လွှမ်းမိုးမှုမရှိပါ**ဟုဖြေဆိုသူ **သုံးရာခိုင်နှုန်းရှိသည်**။ ထူးခြားချက်အနေနှင့် **နိုင်ငံရေးအသိုက်အဝန်း၏ ၅၆ ရာခိုင်နှုန်း**နှင့် **EAOs များ၏ ၄၀ ရာခိုင်နှုန်း**က **အလွန်လွှမ်းမိုးမှုရှိသည်**ဟု ဖြေဆိုခဲ့ကြပြီး **လုံးဝလွှမ်းမိုးမှုမရှိပါ**ဟု ဖြေဆိုသူ **တဦးမှမရှိသည်ကို** တွေ့ရသည်။ ၂၀၂၃ ခုနှစ် စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက **လွှမ်းမိုးမှုရှိကြောင်း** ဖြေဆိုသူ **လေးရာခိုင်နှုန်းတိုးလာပါသည်**။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၃၉ ကို မေးမြန်းရာတွင် "ရှမ်းပြည်နယ်မြောက်ပိုင်းက တိုင်းရင်းသားလက်နက်ကိုင်တွေအပေါ် တရုတ်နိုင်ငံက ဘယ်လောက် လွှမ်းမိုးနိုင်ပါသလဲ။ '၁' ကနေ '၄' အထိ သတ်မှတ်ထားပါတယ်။ '၁' က 'လုံးဝလွှမ်းမိုးမှုမရှိပါ'ဖြစ်ပြီး '၄' က 'အလွန်လွှမ်းမိုးမှုရှိပါတယ်' ဖြစ်ပါတယ်။ တခုကိုရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ရှမ်းပြည်နယ်မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်များအပေါ် တရုတ်နိုင်ငံက လွှမ်းမိုးမှုရှိကြောင်း **ထင်ရှားသူများ၏ ရာနှုန်းပြည့်နီးပါးက** ဖြေဆိုခဲ့ကြခြင်းဖြစ်ပြီး အများဆုံးဖြစ်သည်။ **အရပ်ဘက်အဖွဲ့အစည်းများနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၉၅ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၉၄ ရာခိုင်နှုန်းနှင့် EAOsများ၏ ၉၃ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၈၇ ရာခိုင်နှုန်းကလည်း** လွှမ်းမိုးမှုရှိသည်ဟုယူဆခဲ့ကြသည်။

မေးခွန်း-၃၉


‘ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များကို တရုတ်နိုင်ငံက မည်မျှလွှမ်းမိုးမှုရှိသနည်း’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝလွှမ်းမိုးမှုမရှိပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| လွှမ်းမိုးမှုမရှိပါ | ၃% | ၅% | ၆% | ၀% | ၂% | ၇% | ၆% |
| လွှမ်းမိုးမှုရှိသည် | ၆၂% | ၆၀% | ၃၁% | ၆၄% | ၇၀% | ၅၃% | ၆၉% |
| အလွန်လွှမ်းမိုးမှုရှိသည် | ၃၄% | ၃၅% | ၅၆% | ၃၁% | ၂၉% | ၄၀% | ၂၅% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၁% | ၀% | ၀% | ၅% | ၀% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝလွှမ်းမိုးမှုမရှိပါ’နှင့် ‘လွှမ်းမိုးမှုမရှိပါ’ နှစ်ရပ်ပေါင်းကို ‘လွှမ်းမိုးမှုမရှိပါ’ဟူ၍လည်းကောင်း၊ ‘အလွန်လွှမ်းမိုးမှုရှိပါသည်’နှင့် ‘လွှမ်းမိုးမှုရှိပါသည်’ နှစ်ရပ်ပေါင်းကို ‘လွှမ်းမိုးမှုရှိပါသည်’ဟူ၍လည်းကောင်း ကောက်ယူပါသည်။

**မေးခွန်း-၄၀**

## စစ်ကောင်စီအပေါ် တရုတ်နိုင်ငံက မည်မျှလွှမ်းမိုးသနည်း




တရုတ်နိုင်ငံသည် စစ်ကောင်စီအပေါ် လွှမ်းမိုးမှုရှိသည်ဟု ၉၂ ရာခိုင်နှုန်းက ယူဆကြသည်။ ၎င်းတို့အနက် အလွန်လွှမ်းမိုးမှုရှိသည်ဟု ယူဆသူ ၂၃ ရာခိုင်နှုန်းရှိသည်။ လွှမ်းမိုးမှုမရှိပါဟု ယူဆသူမှာ ငါးရာခိုင်နှုန်းသာရှိသည်။ ၂၀၂၃ ခုနှစ် စစ်တမ်းရလဒ်နှင့်နှိုင်းယှဉ်ပါက လွှမ်းမိုးမှုမရှိပါဟု ယူဆသူ ရှစ်ရာခိုင်နှုန်း လျော့ကျသွားသည်ကို တွေ့ရသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၄၀ ကို မေးမြန်းရာတွင် “မြန်မာ့တပ်မတော်/စစ်တပ် (စစ်ကောင်စီ)အပေါ် တရုတ်နိုင်ငံက ဘယ်လောက် လွှမ်းမိုးနိုင်ပါသလဲ။ ‘၁’ က ‘လုံးဝလွှမ်းမိုးမှုမရှိပါ’ဖြစ်ပြီး ‘၄’ က ‘အလွန်လွှမ်းမိုးမှုရှိပါတယ်’ ဖြစ်ပါတယ်။ တခုကိုရွေးပေးပါ”ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် တရုတ်နိုင်ငံက စစ်ကောင်စီအပေါ် လွှမ်းမိုးမှုရှိသည်ဟု အရပ်ဘက်အဖွဲ့အစည်းများ၏ ၉၄ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၉၄ ရာခိုင်နှုန်း၊ PDF/LDFs များ၏ ၉၄ ရာခိုင်နှုန်း၊ EAOs များ၏ ၉၃ ရာခိုင်နှုန်း၊ စီးပွားရေးအသိုက်အဝန်း၏ ၈၉ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၈၂ ရာခိုင်နှုန်းက ယူဆကြခြင်းဖြစ်သည်။ ထူးခြားချက်အနေဖြင့် အလွန်လွှမ်းမိုးမှုရှိသည်ဟု PDF/LDFs များ၏ ၅၀ ရာခိုင်နှုန်းက ဖြေဆိုခဲ့ကြသည်ကို တွေ့ရသည်။

မေးခွန်း-၄၀


‘စစ်ကောင်စီကို တရုတ်နိုင်ငံ မည်မျှလွှမ်းမိုးသနည်း’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝလွှမ်းမိုးမှုမရှိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| လွှမ်းမိုးမှုမရှိပါ | ၅% | ၆% | ၀% | ၇% | ၅% | ၇% | ၆% |
| လွှမ်းမိုးမှုရှိသည် | ၆၉% | ၆၀% | ၆၉% | ၇၉% | ၈၂% | ၈၀% | ၄၄% |
| အလွန်လွှမ်းမိုးမှုရှိသည် | ၂၃% | ၃၄% | ၁၃% | ၁၀% | ၁၂% | ၁၃% | ၅၀% |
| မသိပါ | ၁% | ၀% | ၁၃% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၁% | ၀% | ၀% | ၅% | ၂% | ၀% | ၀% |

ရလဒ်များကိုနှိုင်းယှဉ်ရာတွင် ‘လုံးဝလွှမ်းမိုးမှုမရှိပါ’နှင့် ‘လွှမ်းမိုးမှုမရှိပါ’ နှစ်ရပ်ပေါင်းကို ‘လွှမ်းမိုးမှုမရှိပါ’ဟူ၍လည်းကောင်း၊ ‘အလွန်လွှမ်းမိုးမှုရှိပါသည်’နှင့် ‘လွှမ်းမိုးမှုရှိပါသည်’ နှစ်ရပ်ပေါင်းကို ‘လွှမ်းမိုးမှုရှိသည်’ဟုလည်းကောင်း ကောက်ယူပါသည်။

မေးခွန်း-၄၁

## တရုတ်နိုင်ငံက ကြားဝင်စေ့စပ်ပေးသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်




တရုတ်နိုင်ငံအနေနှင့် တရုတ်-မြန်မာနယ်စပ်ရှိ တိုင်းရင်းသားလက်နက်ကိုင်များနှင့် စစ်ကောင်စီတို့အကြား ကြားဝင်စေ့စပ်ပေးသည်မှာ ၎င်း၏ မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးကို ရည်ရွယ်ကြောင်း ဖြေဆိုသူ ၆၉ ရာခိုင်နှုန်းရှိသည်။ နယ်စပ်လုံခြုံရေးအတွက်ဖြစ်ကြောင်း ဖြေဆိုသူနှင့် နယ်စပ်ကုန်သွယ်ရေးပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက်ဖြစ်ကြောင်း ဖြေဆိုသူ ၁၂ ရာခိုင်နှုန်း အသီးသီးရှိပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပဋိပက္ခများ ချုပ်ငြိမ်းရေးကို ရည်ရွယ်ကြောင်း ငါးရာခိုင်နှုန်းက ဖြေဆိုခဲ့ပြီး နှစ်ရာခိုင်နှုန်းကမူ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တရုတ်နိုင်ငံသားများ၏ လုံခြုံရေးကို ရည်ရွယ်ကြောင်း ယူဆသည်။

---

မေးခွန်း-၄၁ ကို မေးမြန်းရာတွင် “တရုတ်နိုင်ငံအနေနဲ့ တရုတ်-မြန်မာနယ်စပ်မှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ/စစ်ကောင်စီတို့အကြား ကြားဝင်စေ့စပ်ပေးခဲ့ပါတယ်။ ဥပမာ- မိုင်းလား (၂၀၂၂)၊ ဟိုင်ဂင် (၂၀၂၃၊ ၂၀၂၄) တို့လို ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဖြစ်ပါတယ်။ ဒီလိုကြားဝင်စေ့စပ်ပေးရတဲ့ ရည်ရွယ်ချက်တွေနဲ့ပတ်သက်ပြီး သုံးသပ်ချက်တချို့ကို ဖော်ပြထားပါတယ်။ တချက်ကိုရွေးပေးပါ” ဟု မေးမြန်းခဲ့ပြီး သုံးသပ်ချက်များကို ဖတ်ပြခဲ့ပါသည်။ ဤမေးခွန်းမှာ ယခုနှစ်စစ်တမ်းတွင် အသစ်ထည့်သွင်းထားခြင်းဖြစ်ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် တရုတ်နိုင်ငံ၏ ကြားဝင်စေ့စပ်မှုသည် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးကို ရည်ရွယ်သည်ဟု အစုအဖွဲ့အားလုံးက အများဆုံးယူဆကြသည်။ EAOs များ၏ ၈၀ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၃ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၆၉ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၆၈ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၆၃ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၅၇ ရာခိုင်နှုန်းက ထိုသို့အသီးသီးယူဆခဲ့ခြင်းဖြစ်သည်။

မေးခွန်း-၄၁

‘တရုတ်နိုင်ငံက ကြားဝင်စေ့စပ်ပေးသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်’အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| နယ်စပ်လုံခြုံရေးအတွက် ရည်ရွယ်သည် | ၁၂% | ၈% | ၁၃% | ၁၀% | ၂၀% | ၁၃% | ၆% |
| နယ်စပ်ကုန်သွယ်ရေး ပြန်ဖွင့်လုစ်နိုင်ရေးကို ရည်ရွယ်သည် | ၁၂% | ၁၀% | ၁၃% | ၂၁% | ၈% | ၀% | ၁၉% |
| ရှမ်းမြောက်ရှိ လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးကို ရည်ရွယ်သည် | ၅% | ၅% | ၆% | ၁၀% | ၃% | ၀% | ၆% |
| ရှမ်းမြောက်ရှိ တရုတ်နိုင်ငံသားများ၏ လုံခြုံရေးအတွက် ရည်ရွယ်သည် | ၂% | ၄% | ၀% | ၀% | ၀% | ၇% | ၀% |
| မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အကောင်အထည်ဖော်ရန် ရည်ရွယ်သည် | ၆၉% | ၇၃% | ၆၃% | ၅၇% | ၆၈% | ၈၀% | ၆၉% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၁% | ၀% | ၀% | ၂% | ၂% | ၀% | ၀% |

**မေးခွန်း-၄၂ မှ ၄၄ အထိ**


## တရုတ်နိုင်ငံ ကြားဝင်ဆောင်ရွက်နေသော ဆွေးနွေးပွဲများ၏ သက်ရောက်မှု

- လုံးဝသဘောမတူပါ
- သဘောမတူပါ
- သဘောတူပါသည်
- အပြည့်အဝသဘောတူပါသည်
- မသိပါ
- မဖြေလိုပါ


■ မေးခွန်း-၄၂
အာဏာသိမ်းမှုအလွန် ပေါ်ပေါက်လာသော နိုင်ငံရေးအင်အားစုများကို အားနည်းသွားစေသည်




■ မေးခွန်း-၄၃
ငြိမ်းချမ်းရေးရရန် အထောက်အကူဖြစ်စေသည်




■ မေးခွန်း-၄၄
ပဋိပက္ခများကို ပိုမိုဆိုးရွားစေသည်




မေးခွန်း-၄၅

## တရုတ်နိုင်ငံ ကြားဝင်ဆောင်ရွက်နေသော ဆွေးနွေးပွဲများ၏ သက်ရောက်မှု

- လုံးဝသဘောမတူပါ
- သဘောမတူပါ
- သဘောတူပါသည်
- အပြည့်အဝသဘောတူပါသည်
- မသိပါ
- မဖြေလိုပါ

■ မေးခွန်း-၄၅
ရေတိုအပစ်အခတ်ရပ်စဲရေးကိုသာ ဦးတည်စေသည်




တရုတ်နိုင်ငံက ကြားဝင်ဆောင်ရွက်ပေးသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများသည် မည်သို့သက်ရောက်စေသည်နှင့်ပတ်သက်၍ **‘အာဏာသိမ်းမှုအလွန်ပေါ်ပေါက်လာသည့် နိုင်ငံရေးအင်အားစုများကို အားနည်းသွားစေနိုင်သည်’**ဟူသော ရှုမြင်မှုအပေါ် **သဘောတူသူ ၅၂ ရာခိုင်နှုန်းနှင့် သဘောမတူသူ ၄၅ ရာ ခိုင်နှုန်း**ရှိသည်။ **‘ငြိမ်းချမ်းရေးရရှိရန် အထောက်အကူဖြစ်စေနိုင်သည်’**ဟူသော ရှုမြင်မှုအပေါ် **သဘောမတူသူ ၇၂ ရာခိုင်နှုန်းနှင့် သဘောတူသူ ၂၆ ရာခိုင်နှုန်း**ရှိသည်။ **‘ပဋိပက္ခများကို ပိုမိုဆိုးရွား စေသည်’** ဟူသော ရှုမြင်မှုအပေါ် **သဘောတူသူ ၆၃ ရာခိုင်နှုန်းနှင့် သဘောမတူသူ ၃၃ ရာခိုင်နှုန်း**ရှိသည်။ **‘ရေတိုအပစ်အခတ်ရပ်စဲရေးကိုသာ ဦးတည်စေသည်’**ဟူသော ရှုမြင်မှုများအပေါ် **သဘောတူသူ ၈၀ ရာခိုင်နှုန်းနှင့် သဘောမတူသူ ၁၆ ရာခိုင်နှုန်း**ရှိပါသည်။ တရုတ်နိုင်ငံ၏ ကြားဝင်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ၂၀၂၃ ခုနှစ်စစ်တမ်းတွင် အာဏာသိမ်းမှုအလွန်ပေါ်ပေါက်လာသည့် နိုင်ငံရေးအင်အားစုများကို အားနည်းစေမည်မဟုတ်ကြောင်း အများစုက ယူဆခဲ့ကြသည်။ ၂၀၂၄ ခုနှစ်တွင်မူ အားနည်းသွားစေကြောင်း ယူဆသူ ရာခိုင်နှုန်းမှာ **၁၂ ရာခိုင်နှုန်း**တိုးလာသည်။ ထို့အပြင် ပဋိပက္ခများကို ပိုမိုဆိုးရွားစေကြောင်း ယူဆသူမှာ **၁၆ ရာခိုင်နှုန်း**တိုးလာပြီး ရေတိုအပစ်အခတ်ရပ်စဲရေးကို ဦးတည်စေသည်ဟု ယူဆသူအရေအတွက်မှာ **ရှစ်ရာခိုင်နှုန်း**တိုးလာသည်။

မေးခွန်း-၄၂ ကနေ ၄၅ အထိကို မေးမြန်းရာတွင် “တရုတ်နိုင်ငံက ကြားဝင်ဆောင်ရွက်ပေးနေတဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေက မြန်မာနိုင်ငံရဲ့ ပဋိပက္ခတွေအပေါ် သက်ရောက်မှုရှိတယ်လို့ ပြောဆိုတာတွေရှိပါတယ်။ အခုဖတ်ပြမယ့် အကြောင်းအရာတခုချင်းစီအတွက် ‘၁’ ကနေ ‘၄’ အထိ သတ် မှတ်ထားပါတယ်။ ‘၁’ က ‘လုံးဝသဘောမတူပါ’ဖြစ်ပြီး ‘၄’ က ‘အပြည့်အဝသဘောတူပါတယ်’ ဖြစ်ပါတယ်။ တခုကိုရွေးပေးပါ”ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုင်းအဝိုင်းခြောက်ခု၏ အဖြေများကိုနှိုင်းယှဉ်ရာတွင် တရုတ်နိုင်ငံက ကြားဝင်နေသော ဆွေးနွေးပွဲများသည် 'အာဏာသိမ်းမှုအလွန် ပေါ်ပေါက်လာသော နိုင်ငံရေးအင်အားစုများကို အားနည်းသွားစေသည်'ဟု အစုအဖွဲ့ထက်ဝက်ကျော်က ယူဆကြသည်။ **နိုင်ငံရေးအသိုက်အဝန်း၏ ၆၃ ရာခိုင်နှုန်း၊** EAOs **များနှင့် ထင်ရှားသူများ၏ ၅၄ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၅၁ ရာခိုင်နှုန်း၊** PDFs/LDFs **များ၏ ၅၀ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၄၈ ရာခိုင်နှုန်း**က ထိုသို့ ဖြေဆိုခဲ့ကြခြင်းဖြစ်သည်။ သို့သော်လည်း ထူးခြားချက်အနေဖြင့် PDFs/LDFs **များ၏ ၅၀ ရာခိုင်နှုန်း**က ထိုအချက်ကို သဘောမတူကြောင်းတွေ့ရသည်။ တရုတ်နိုင်ငံက ကြားဝင်သော ဆွေးနွေးပွဲများသည် 'ငြိမ်းချမ်းရေးရရှိရန် အထောက်အကူဖြစ်စေသည်'ဆိုသည့် သုံးသပ်ချက်ကို **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၄ ရာခိုင်နှုန်း၊** PDFs/LDFs **များ၏ ၈၂ ရာခိုင်နှုန်း၊** EAOs **များ၏ ၇၄ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၇၂ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၅၀ ရာခိုင်နှုန်း**က သဘောမတူကြပေ။ မြန်မာနိုင်ငံအတွင်း 'ပဋိပက္ခများကို ပိုမိုဆိုးဝါးစေသည်'ဟု **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၈ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၆၁ ရာခိုင်နှုန်းနှင့်** EAOs **များ၏ ၆၀ ရာခိုင်နှုန်း**က သဘောတူကြောင်း ဖြေဆိုခဲ့ကြသည်။ ထူးခြားချက်အနေဖြင့် **နိုင်ငံရေးအသိုက်အဝန်း၏ ၅၆ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၄၈ ရာခိုင်နှုန်းနှင့်** PDFs/LDFs **များ၏ ၄၄ ရာခိုင်နှုန်း**က သဘောမတူကြောင်း ဖြေဆိုခဲ့ကြသည်။ ဆွေးနွေးပွဲများသည် ရေတိုအပစ်အခတ်ရပ်စဲရေးကိုသာ ဦးတည်စေကြောင်း ဖြေဆိုသူအများစုက ယူဆခဲ့ကြပြီး **ထင်ရှားသူများ၏ ၉၁ ရာခိုင်နှုန်း၊** EAOs **များ၏ ၈၇ ရာခိုင်နှုန်း၊** PDFs/LDFs **များ ၏ ၈၂ ရာခိုင်နှုန်း**က ထိုသို့ယူဆခဲ့ကြခြင်းဖြစ်သည်။

မေးခွန်း-၄၂

'အာဏာသိမ်းမှုအလွန် ပေါ်ပေါက်လာသော နိုင်ငံရေးအင်အားစုများကို အားနည်းသွားစေသည်'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၇% | ၁၂% | ၀% | ၂% | ၅% | ၇% | ၆% |
| သဘောမတူပါ | ၃၈% | ၃၇% | ၃၁% | **၄၅%** | ၃၆% | ၄၀% | ၄၄% |
| သဘောတူပါသည် | **၄၆%** | **၄၆%** | **၅၀%** | ၄၃% | **၄၅%** | **၄၇%** | **၅၀%** |
| အပြည့်အဝသဘောတူပါသည် | ၆% | ၅% | ၁၃% | ၅% | ၉% | ၇% | ၀% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၂% | ၀% | ၀% | ၅% | ၅% | ၀% | ၀% |

မေးခွန်း-၄၃

‘မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေးရရှိလာရန် အထောက်အကူဖြစ်စေသည်’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၁၈% | ၂၂% | ၁၃% | ၁၂% | ၂၀% | ၇% | ၁၃% |
| သဘောမတူပါ | ၅၄% | ၆၂% | ၃၁% | ၃၈% | ၅၂% | ၆၇% | ၆၉% |
| သဘောတူပါသည် | ၂၅% | ၁၆% | ၄၄% | ၄၅% | ၂၆% | ၂၀% | ၁၉% |
| အပြည့်အဝသဘောတူပါသည် | ၁% | ၀% | ၆% | ၂% | ၀% | ၇% | ၀% |
| မသိပါ | ၁% | ၀% | ၆% | ၀% | ၂% | ၀% | ၀% |
| မဖြေလိုပါ | ၁% | ၀% | ၀% | ၂% | ၂% | ၀% | ၀% |

မေးခွန်း-၄၄

‘မြန်မာနိုင်ငံအတွင်း ပဋိပက္ခများ ပိုမိုဆိုးရွားစေသည်’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၅% | ၄% | ၆% | ၁၀% | ၅% | ၀% | ၆% |
| သဘောမတူပါ | ၂၈% | ၁၇% | ၅၀% | ၃၈% | ၂၇% | ၄၀% | ၃၈% |
| သဘောတူပါသည် | ၅၅% | ၆၈% | ၃၁% | ၄၀% | ၅၃% | ၅၃% | ၃၈% |
| အပြည့်အဝသဘောတူပါသည် | ၈% | ၁၀% | ၆% | ၅% | ၈% | ၇% | ၆% |
| မသိပါ | ၂% | ၀% | ၆% | ၂% | ၃% | ၀% | ၆% |
| မဖြေလိုပါ | ၃% | ၂% | ၀% | ၅% | ၅% | ၀% | ၆% |


မေးခွန်း-၄၅

‘ရေတိုအပစ်အခတ်ရပ်စဲရေးကိုသာ ဦးတည်စေသည်’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၃% | ၅% | ၆% | ၂% | ၀% | ၀% | ၁၃% |
| သဘောမတူပါ | ၁၃% | ၁၇% | ၂၅% | ၁၄% | ၆% | ၁၃% | ၆% |
| သဘောတူပါသည် | ၆၅% | ၆၁% | ၅၀% | ၆၀% | ၇၆% | ၈၀% | ၆၉% |
| အပြည့်အဝသဘောတူပါသည် | ၁၅% | ၁၆% | ၁၃% | ၁၄% | ၁၅% | ၇% | ၁၃% |
| မသိပါ | ၂% | ၀% | ၆% | ၅% | ၃% | ၀% | ၀% |
| မဖြေလိုပါ | ၁% | ၁% | ၀% | ၅% | ၀% | ၀% | ၀% |

**မေးခွန်း-၄၆**

## ရိုဟင်ဂျာများ နေရပ်ပြန်နိုင်ရေး တရုတ်နိုင်ငံ၏လုပ်ငန်းစဉ် ထိရောက်မှုရှိပါသလား




ရိုဟင်ဂျာအရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံက အကောင်အထည်ဖော်နေသည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်-တရုတ် သုံးပွင့်ဆိုင်ဖြေရှင်းရေး လုပ်ငန်းစဉ်၏ သက်ရောက်မှုကို မေးမြန်းရာတွင် **ထိရောက်မှုမရှိကြောင်း ၈၂ ရာခိုင်နှုန်းက** ဖြေဆိုခဲ့ကြသည်။ ထိုအထဲတွင် **လုံးဝထိရောက်မှုမရှိကြောင်း** ဖြေဆိုသူ **၁၈ ရာခိုင်နှုန်း**ရှိသည်။ **ထိရောက်ပါသည်**ဟုဖြေဆိုသူမှာ **ခုနစ်ရာခိုင်နှုန်း**ရှိသည်။ **အလွန်ထိရောက်သည်**ဟု ဖြေဆိုသူ **တဦးမှမရှိ**သည်ကို တွေ့ရသည်။ ၂၀၂၃ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက သိသိသာသာ ပြောင်းလဲမှုမရှိပေ။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၄၆ ကို မေးမြန်းရာတွင် "ရိုဟင်ဂျာအရေးနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံက လုပ်နေတဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်-တရုတ် သုံးပွင့်ဆိုင်ဖြေရှင်းရေး လုပ်ငန်းစဉ်ဟာ ထိရောက်မှုရှိတယ်လို့ ထင်ပါသလား။ '၁' ကနေ '၄' အထိ သတ်မှတ်ထားပါတယ်။ '၁' က 'လုံးဝမထိရောက်ပါ' ဖြစ်ပြီး '၄' က 'အလွန်ထိရောက်ပါတယ်' ဖြစ်ပါတယ်။ တခုကို ရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

အသိုက်အဝန်းခြောက်ခု၏ ရလဒ်များကို နှိုင်းယှဉ်ရာတွင် တရုတ်နိုင်ငံ၏ မြန်မာ-ဘင်္ဂလားဒေ့ရှ်-တရုတ် သုံးပွင့်ဆိုင်ဖြေရှင်းရေးလုပ်ငန်းစဉ်သည် ထိရောက်မှုမရှိဟု အစုအဖွဲ့အားလုံးက ယူဆခဲ့ကြသည်။ **ထင်ရှားသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများ**က အများဆုံးဖြစ်ပြီး ၉၀ ရာခိုင်နှုန်းစီ ရှိသည်။ EAOs များက ၈၀ ရာခိုင်နှုန်း၊ PDFs/LDFs များက ၇၆ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်းက ၆၉ ရာခိုင်နှုန်း၊ စီးပွားရေးအသိုက်အဝန်းက ၅၉ ရာခိုင်နှုန်းရှိသည်။ ထူးခြားချက်မှာ PDFs/LDFs များနှင့် စီးပွားရေးအသိုက်အဝန်းတို့၏ ၁၉ ရာခိုင်နှုန်းက အဆိုပါလုပ်ငန်းစဉ်ကိုမသိကြောင်း ဖြေဆိုခဲ့ကြခြင်း ဖြစ်သည်။

မေးခွန်း-၄၆

‘ရိုဟင်ဂျာများ နေရပ်ပြန်နိုင်ရေး တရုတ်နိုင်ငံ၏လုပ်ငန်းစဉ် ထိရောက်မှုရှိပါသလား’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမထိရောက်ပါ | ၁၈% | ၂၀% | ၁၃% | ၁၄% | ၂၃% | ၇% | ၁၃% |
| မထိရောက်ပါ | ၆၄% | ၇၀% | ၅၆% | ၄၅% | ၆၇% | ၇၃% | ၆၃% |
| ထိရောက်ပါသည် | ၇% | ၄% | ၁၉% | ၁၉% | ၀% | ၂၀% | ၆% |
| အလွန်ထိရောက်ပါသည် | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၈% | ၅% | ၆% | ၁၉% | ၈% | ၀% | ၁၉% |
| မဖြေလိုပါ | ၂% | ၂% | ၆% | ၂% | ၃% | ၀% | ၀% |


ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝမထိရောက်ပါ’နှင့် ‘မထိရောက်ပါ’ နှစ်ရပ်ပေါင်းကို ‘မထိရောက်ပါ’ဟူ၍လည်းကောင်း၊ ‘အလွန်ထိရောက်ပါသည်’နှင့် ‘ထိရောက်ပါသည်’နှစ်ရပ်ပေါင်းကို ‘ထိရောက်ပါသည်’ဟုလည်းကောင်း ကောက်ယူပါသည်။

၄

# တရုတ်-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးအရ ဆက်ဆံရေးအပေါ် အမြင်များ

**မေးခွန်း-၄၇**

## တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများက မြန်မာပြည်သူလူထုအတွက် မည်မျှအကျိုးရှိသနည်း




မြန်မာနိုင်ငံရှိ တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများသည် မြန်မာပြည်သူများအပေါ် **အကျိုးရှိသည်**ဟု ဖြေဆိုသူများ၏ **၅၁ ရာခိုင်နှုန်း**က ယူဆခဲ့ကြသည်။ **အကျိုးမရှိပါ**ဟု ဖြေဆိုသူ **၄၇ ရာခိုင်နှုန်း** ရှိသည်။ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်စစ်တမ်းများနှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများသည် မြန်မာပြည်သူများအပေါ် လုံးဝအကျိုးမရှိပါဟု ဖြေဆိုသူဦးရေမှာ နှစ်စဉ်တိုးလာသည်ကို တွေ့ရသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၄၇ ကို မေးမြန်းရာတွင် "တရုတ်နိုင်ငံရဲ့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေက မြန်မာပြည်သူလူထုအတွက် ဘယ်လောက်အကျိုးရှိတယ်လို့ ထင်ပါသလဲ။ ၁ ကနေ ၄ အထိသတ်မှတ်ထားပါတယ်။ '၁' က 'လုံးဝအကျိုးမရှိပါ' ဖြစ်ပြီး '၄' က 'အလွန်အကျိုးရှိပါတယ်' ဖြစ်ပါတယ်။ တခုကို ရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအတွက် အကျိုးရှိသည်ဟု အစုအဖွဲ့များ၏ထက်ဝက်က ဖြေဆိုခဲ့သည်။ **စီးပွားရေးအသင်းအဖွဲ့များ၏** ၈၁ ရာခိုင်နှုန်း၊ **နိုင်ငံရေးအသိုက်အဝန်း၏** ၆၉ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၅၆ ရာခိုင်နှုန်းတို့က အကျိုးရှိကြောင်း ဖြေဆိုခဲ့သည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏** ၆၁ ရာခိုင်နှုန်း၊ EAOs များ၏ ၅၃ ရာခိုင်နှုန်းနှင့် ထင်ရှားသူများ၏ ၄၉ ရာခိုင်နှုန်းတို့က တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများသည် အကျိုးမရှိကြောင်း ဖြေဆိုခဲ့သည်။

မေးခွန်း-၄၇


‘တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများက မြန်မာလူထုအတွက် အကျိုးရှိမှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၁၂% | ၁၉% | ၀% | ၀% | ၁၁% | ၁၃% | ၆% |
| အကျိုးမရှိပါ | ၃၅% | ၄၂% | ၁၉% | ၁၉% | ၃၈% | ၄၀% | ၃၈% |
| အကျိုးရှိပါသည် | ၅၀% | ၃၇% | ၆၃% | ၇၉% | ၄၈% | ၄၇% | ၅၆% |
| အလွန်အကျိုးရှိပါသည် | ၁% | ၁% | ၆% | ၂% | ၀% | ၀% | ၀% |
| မသိပါ | ၂% | ၁% | ၆% | ၀% | ၃% | ၀% | ၀% |
| မဖြေလိုပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝအကျိုးမရှိပါ’နှင့် ‘အကျိုးမရှိပါ’ နှစ်ရပ်ပေါင်းကို ‘အကျိုးမရှိပါ’ဟူ၍လည်းကောင်း ‘အလွန်အကျိုးရှိပါသည်’ နှင့် ‘အကျိုးရှိပါသည်’ နှစ်ရပ်ပေါင်းကို ‘အကျိုးရှိပါသည်’ဟူ၍လည်းကောင်း ကောက်ယူပါသည်။

**မေးခွန်း-၄၈**

## တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးစီးပွားဖက် ဖြစ်နေခြင်းကို မည်သို့သဘောထားမည်နည်း




တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးစီးပွားဖက်ဖြစ်နေခြင်းကို စိုးရိမ်စရာဟု ယူဆသူ **၆၈ ရာခိုင်နှုန်း**ရှိပြီး ကြိုဆိုစရာဟုယူဆသူ **၂၆ ရာခိုင်နှုန်း**ရှိသည်။ ယခင်ကောက်ယူခဲ့သော စစ်တမ်းရလဒ်များနှင့် နှိုင်းယှဉ်ပါက စိုးရိမ်စရာဟု ယူဆသူရာခိုင်နှုန်းမှာ တနှစ်ထက်တနှစ် ပိုတိုးလာသည်ကို တွေ့ရသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၄၈ ကိုမေးမြန်းရာတွင် "တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် အကြီးမားဆုံးစီးပွားဖက်ဖြစ်နေတာနဲ့ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။ 'စိုးရိမ်စရာ' ဒါမှမဟုတ် 'ကြိုဆိုစရာ'လို့ မြင်ပါသလား"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုသည့် အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာတွင် **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၃ ရာခိုင်နှုန်းက** စိုးရိမ်စရာဟု အများဆုံးယူဆခဲ့ကြသည်။ EAOs များ၏ ၈၀ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၆၅ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၆၃ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၅၆ ရာခိုင်နှုန်းကလည်း စိုးရိမ်စရာဟု ယူဆခဲ့ကြသည်။ **စီးပွားရေးအသင်းအဖွဲ့များ၏ ၆၂ ရာခိုင်နှုန်းက** ကြိုဆိုစရာဟု ရှုမြင်ခဲ့ကြသည်။


မေးခွန်း-၄၈

'တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးစီးပွားဖက် ဖြစ်နေမှု'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| စိုးရိမ်စရာဖြစ်သည် | ၆၈% | ၈၃% | ၅၆% | ၃၆% | ၆၅% | ၈၀% | ၆၃% |
| ကြိုဆိုစရာဖြစ်သည် | ၂၆% | ၁၂% | ၃၁% | ၆၂% | ၂၄% | ၂၀% | ၃၁% |
| မသိပါ | ၁% | ၁% | ၁၃% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၅% | ၄% | ၀% | ၂% | ၁၁% | ၀% | ၆% |

**မေးခွန်း-၄၉**

## တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား မည်သည့်အချိန်တွင် စီးပွားရေးအရ ဆက်ဆံမှုအခြေအနေ ပိုကောင်းလာမည်နည်း




တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးအရ ဆက်ဆံမှုအခြေအနေသည် နောက်သုံးနှစ်နောက်ပိုင်း (၂၀၂၇ ခုနှစ်အလွန်)တွင် ပိုမိုကောင်းမွန်လာမည်ဟု ဖြေဆိုသူများ၏ **၃၅ ရာခိုင်နှုန်းက** ထင်မြင်ကြသည်။ သို့သော် ဖြေဆိုသူများ၏ **၃၄ ရာခိုင်နှုန်းကမူ** ကောင်းလာမည့်အနေအထား ရှိမည် မဟုတ်ဟု ရှုမြင်ခဲ့ကြသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၄၉ ကိုမေးမြန်းရာတွင် “မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံအကြား စီးပွားရေးအရ ဆက်ဆံရေးအခြေအနေဟာ ဘယ်နှစ်ကာလ အပိုင်းအခြားလောက်မှာ ပိုပြီးကောင်းမွန်လာမယ်လို့ထင်ပါသလဲ။ တခုကို ရွေးပေးပါ”ဟု မေးမြန်းခဲ့ပြီး နှစ်ကာလအပိုင်းအခြားတချို့ကို ဖတ်ပြခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် စီးပွားဆက်ဆံရေးအခြေအနေသည် သုံးနှစ်နောက်ပိုင်းတွင် ပိုမိုကောင်းမွန်လာမည်ဟု နိုင်ငံရေးအသိုက်အဝန်း၏ ၆၃ ရာခိုင်နှုန်း၊ PDFs/ LDFs များ၏ ၄၄ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၃၉ ရာခိုင်နှုန်း၊ စီးပွားရေးအသိုက်အဝန်း၏ ၃၆ ရာခိုင်နှုန်းနှင့် EAOs များ၏ ၃၃ ရာခိုင်နှုန်းက ထိုသို့ဖြေဆိုခဲ့ကြခြင်းဖြစ်သည်။ ကောင်းလာမည့်အနေအထား မရှိပါဟု အရပ်ဘက်အဖွဲ့အစည်းများ၏ ၄၈ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၃၅ ရာခိုင်နှုန်းနှင့် EAOs များ၏ ၃၃ ရာခိုင်နှုန်းက ယူဆခဲ့ကြသည်။

မေးခွန်း-၄၉


'မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား စီးပွားရေးအရဆက်ဆံမှု ပိုကောင်းလာမည့် နှစ်ကာလအပိုင်းအခြား'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| တနှစ်အတွင်း | ၂% | ၂% | ၀% | ၂% | ၂% | ၇% | ၆% |
| နှစ်နှစ်အတွင်း | ၁၀% | ၉% | ၆% | ၂၉% | ၂% | ၁၃% | ၆% |
| သုံးနှစ်အတွင်း | ၈% | ၁၀% | ၆% | ၁၂% | ၈% | ၀% | ၆% |
| သုံးနှစ်နောက်ပိုင်း | ၃၅% | ၂၇% | ၆၃% | ၃၆% | ၃၉% | ၃၃% | ၄၄% |
| ကောင်းလာမည့် အနေအထားမရှိပါ | ၃၄% | ၄၈% | ၆% | ၁၄% | ၃၅% | ၃၃% | ၂၅% |
| မသိပါ | ၅% | ၄% | ၆% | ၅% | ၆% | ၁၃% | ၆% |
| မဖြေလိုပါ | ၅% | ၂% | ၁၃% | ၂% | ၉% | ၀% | ၆% |


**မေးခွန်း-၅၀ နှင့် ၅၁**

## လက်နက်ကိုင်ပဋိပက္ခများကြောင့် မြန်မာနိုင်ငံရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးကဏ္ဍများအပေါ် သက်ရောက်မှု

■ **မေးခွန်း-၅၀၊** ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပေါ် သက်ရောက်မှု




■ **မေးခွန်း-၅၁၊** ကုန်သွယ်မှုကဏ္ဍအပေါ် သက်ရောက်မှု




အာဏာသိမ်းမှုအလွန် လက်နက်ကိုင်ပဋိပက္ခများကြောင့် မြန်မာနိုင်ငံရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပေါ် သက်ရောက်မှုကို မေးမြန်းရာတွင် ထိခိုက်မှုရှိသည်ဟုဖြေဆိုသူ **၉၂ ရာခိုင်နှုန်း**ရှိပြီး ထိခိုက်မှုမရှိပါဟု **ခြောက်ရာခိုင်နှုန်း**က ဖြေဆိုခဲ့သည်။ ကုန်သွယ်ရေးကဏ္ဍတွင် ထိခိုက်မှုရှိသည်ဟု **၉၇ ရာခိုင်နှုန်း**က ယူဆခဲ့ပြီး ထိခိုက်မှုမရှိဟု **နှစ်ရာခိုင်နှုန်း**က ယူဆခဲ့ပါသည်။

ယခုမေးခွန်းများကို မေးမြန်းရာတွင် "၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခတွေကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်ရေးကဏ္ဍတွေအပေါ် သက်ရောက်မှုတွေ ရှိခဲ့ပါတယ်။ ကဏ္ဍတခုချင်းအတွက် ထိခိုက်မှုအတိုင်းအတာကို '၁' ကနေ '၄' အထိ သတ်မှတ်ထားပါတယ်။ '၁' က 'လုံးဝထိခိုက်မှုမရှိပါ'ဖြစ်ပြီး '၄' က 'အလွန်ထိခိုက်မှုရှိပါတယ်' ဖြစ်ပါတယ်။ တခုကိုရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။ ဤမေးခွန်းနှစ်ခုမှာ ယခုနှစ် စစ်တမ်းကောက်ယူချိန်တွင် အသစ်ထည့်သွင်းထားခြင်းဖြစ်ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုသည့် အသိုက်အဝန်းများ၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် အာဏာသိမ်းမှုအလွန် လက်နက်ကိုင်ပဋိပက္ခများကြောင့် မြန်မာနိုင်ငံရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပေါ် ထိခိုက်မှုရှိကြောင်း အသိုက်အဝန်းအားလုံးက သဘောတူကြသည်။ ထူးခြားချက်အဖြစ် **စီးပွားရေးအသိုက်အဝန်းနှင့် PDFs/LDFs များ၏ ရာနှုန်းပြည့်က** ထိုသို့ ယူဆခဲ့ခြင်းဖြစ်သည်။ ထို့အပြင် **ထင်ရှားသူများ၏ ၉၇ ရာခိုင်နှုန်း**၊ EAOs များ၏ ၉၄ ရာခိုင်နှုန်းနှင့် **နိုင်ငံရေးအသိုက်အဝန်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၈ ရာခိုင်နှုန်း** ကလည်း ထိုသို့ယူဆခဲ့ကြသည်။ အာဏာသိမ်းမှုအလွန် လက်နက်ကိုင်ပဋိပက္ခများကြောင့် မြန်မာနိုင်ငံရှိ ကုန်သွယ်ရေးကဏ္ဍအပေါ် ထိခိုက်မှုရှိကြောင်း **စီးပွားရေးအသင်းအဖွဲ့များ**၊ EAOs များ၊ PDFs/LDFs များနှင့် **ထင်ရှားသူများ၏ ရာနှုန်းပြည့်**က ယူဆခဲ့ကြသည်။ **နိုင်ငံရေးအသိုက်အဝန်း၏ ၉၄ ရာခိုင်နှုန်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ၉၃ ရာခိုင်နှုန်း**ကလည်း ထိခိုက်မှုရှိသည်ဟု ယူဆခဲ့ကြသည်။ ထူးခြားချက်အနေဖြင့် **အရပ်ဘက်အဖွဲ့အစည်းများကလွဲ၍** ကျန်အစုအဖွဲ့များတွင် ထိခိုက်မှုမရှိဟုဖြေဆိုသူ **တဦးမှမရှိသည်**ကို တွေ့ရသည်။

မေးခွန်း-၅၀


‘ရင်းနှီးမြှုပ်နှံမှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝထိခိုက်မှုမရှိပါ | ၀% | ၁% | ၀% | ၀% | ၀% | ၀% | ၀% |
| ထိခိုက်မှုမရှိပါ | ၆% | ၁၂% | ၀% | ၀% | ၃% | ၇% | ၀% |
| ထိခိုက်မှုရှိပါသည် | ၇၀% | ၆၄% | ၆၃% | ၇၆% | ၇၀% | ၈၇% | ၈၈% |
| အလွန်ထိခိုက်မှုရှိပါသည် | ၂၂% | ၂၂% | ၂၅% | ၂၄% | ၂၇% | ၇% | ၁၃% |
| မသိပါ | ၁% | ၀% | ၁၃% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၀% | ၁% | ၀% | ၀% | ၀% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝထိခိုက်မှုမရှိပါ’နှင့် ‘ထိခိုက်မှုမရှိပါ’ နှစ်ရပ်ပေါင်းကို ‘ထိခိုက်မှုမရှိပါ’ဟူ၍လည်းကောင်း၊ ‘အလွန်ထိခိုက်မှုရှိပါသည်’နှင့် ‘ထိခိုက်မှုရှိပါသည်’နှစ်ရပ်ပေါင်းကို ‘ထိခိုက်မှုရှိပါသည်’ဟုလည်းကောင်း ကောက်ယူပါသည်။
မှတ်ချက် - မေးခွန်း ၅၁ အတွက် ဖြေဆိုချက်များ၏ အသေးစိတ်ဇယားကို ISP-Myanmar ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။

**မေးခွန်း-၅၂**

## လက်နက်ကိုင်ပဋိပက္ခများကြောင့် မြန်မာနိုင်ငံရှိ တရုတ်စီမံကိန်းတချို့ တိုက်ခိုက်ခံရခြင်း၊ ပျက်စီးခြင်းနှင့် သိမ်းပိုက်ခံရခြင်းများအပေါ် သဘောထား




လက်နက်ကိုင်ပဋိပက္ခများကြောင့် မြန်မာနိုင်ငံရှိ တရုတ်စီမံကိန်းတချို့ တိုက်ခိုက်ခံရခြင်း၊ ပျက်စီးခြင်းနှင့် သိမ်းပိုက်ခံရခြင်းများ ရှိနေပါသည်။ ယင်းကြောင့် လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းရန် အင်အားစုတိုင်းကို တရုတ်နိုင်ငံက ဖိအားပေးလာနိုင်ကြောင်း ဖြေဆိုသူ ၅၉ ရာခိုင်နှုန်းက ယူဆကြသည်။ ၁၇ ရာခိုင်နှုန်းက တရုတ်နိုင်ငံအနေနှင့် စစ်ကောင်စီဘက်တွင် လုံးဝရပ်တည်လာနိုင်ကြောင်း ယူဆသည်။ တော်လှန်ရေးအင်အားစုများကို တရုတ်နိုင်ငံက အလေးထားဆက်သွယ်လာနိုင်ကြောင်း ၁၂ ရာခိုင်နှုန်းက ယူဆခဲ့ကြသည်။

မေးခွန်း-၅၂ ကို မေးမြန်းရာတွင် “လက်နက်ကိုင်ပဋိပက္ခတွေကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ တရုတ်စီမံကိန်းတချို့ တိုက်ခိုက်ခံရတာ၊ ပျက်စီးတာနဲ့ သိမ်းပိုက်ခံရတာတွေ ရှိပါတယ်။ အဲဒါတွေအပေါ်မှာ ဘယ်လိုသဘောထားရှိပါသလဲ။ အောက်မှာဖော်ပြထားတဲ့ အချက်တွေထဲက အချက်တခုကို ရွေးပေးပါ” ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုသူများ၏ ရလဒ်များကို နှိုင်းယှဉ်ရာတွင် ‘လက်နက်ကိုင်ပဋိပက္ခများ ဖြေရှင်းရန် အင်အားစုတိုင်းကို တရုတ်နိုင်ငံက ဖိအားပေးလာမည်’ဆိုသည့် အချက်ကို **ထင်ရှားသူများ၏ ၇၇ ရာခိုင်နှုန်း၊ EAOs များ၏ ၆၇ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၅၅ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၅၀ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၄၅ ရာခိုင်နှုန်း**က ရွေးချယ်ခဲ့ကြသည်။ စီမံကိန်းများ တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ ‘တော်လှန်ရေးအင်အားစုများကို တရုတ်နိုင်ငံက အလေးထားဆက်သွယ်လာနိုင်သည်’ဆိုသည့်အချက်ကို PDFs/LDFs များ၏ ၂၅ ရာခိုင်နှုန်းနှင့် EAOs များ၏ ၂၀ ရာခိုင်နှုန်းတို့က ရွေးချယ်ခဲ့သည်။


မေးခွန်း-၅၂

‘တရုတ်စီမံကိန်းတချို့ တိုက်ခိုက်၊ သိမ်းပိုက်ခံရခြင်းနှင့် ပျက်စီးခြင်း’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| စိုးရိမ်စရာမရှိပါ | ၈% | ၇% | ၀% | ၁၄% | ၆% | ၇% | ၁၉% |
| ရင်းနှီးမြှုပ်နှံမှုတွေ မြန်မာနိုင်ငံကနေ ထွက်သွားနိုင်သည် | ၃% | ၂% | ၆% | ၇% | ၀% | ၇% | ၆% |
| တော်လှန်ရေးအဖွဲ့များကို တရုတ်က အလေးထားဆက်သွယ်လာနိုင်သည် | ၁၂% | ၁၂% | ၁၃% | ၁၄% | ၃% | ၂၀% | ၂၅% |
| စစ်ကောင်စီဘက်တွင် တရုတ်က လုံးဝ ရပ်တည်လာနိုင်သည် | ၁၇% | ၂၃% | ၁၉% | ၁၉% | ၁၄% | ၀% | ၆% |
| အင်အားစုတိုင်းကို တရုတ်က ဖိအားပေးလာနိုင်သည် | ၅၉% | ၅၅% | ၅၀% | ၄၅% | ၇၇% | ၆၇% | ၄၄% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၁% | ၁% | ၆% | ၀% | ၀% | ၀% | ၀% |

**မေးခွန်း-၅၃**

## လက်ရှိကာလတွင် တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံ၌ စီးပွားရေးရင်းနှီးမြှုပ်နှံမှုအသစ်များ လုပ်မည်ဆိုပါက မည်သို့မြင်သနည်း




မြန်မာ့နိုင်ငံရေး အကျပ်အတည်းကာလတွင် တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုအသစ်များ အကောင်အထည်ဖော်ခြင်းကို ဖြေဆိုသူများ၏ **၇၃ ရာခိုင်နှုန်း**က သဘောမတူကြသည်ကို တွေ့ရသည်။ သဘောတူသူမှာ **၂၃ ရာခိုင်နှုန်း**သာရှိသည်။

◀ ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၅၃ ကို မေးမြန်းရာတွင် “လက်ရှိ မြန်မာ့နိုင်ငံရေး အကျပ်အတည်းကာလမှာ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးရင်းနှီးမြှုပ်နှံမှုအသစ်တွေ လုပ်မယ်ဆိုရင် ဘယ်လိုမြင်ပါသလဲ။ ‘၁’ကနေ ‘၄’အထိ သတ်မှတ်ထားပါတယ်။ ‘၁’က ‘လုံးဝသဘောမတူပါ’ဖြစ်ပြီး ‘၄’ကတော့ ‘အပြည့်အဝသဘောတူပါတယ်’ ဖြစ်ပါတယ်။ တခုကိုရွေးပေးပါ”ဟု မေးမြန်းခဲ့ပါသည်။ ဤမေးခွန်းမှာ ယခုစစ်တမ်းတွင် အသစ်ထည့်သွင်းထားခြင်းဖြစ်ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုသူများ၏ ရလဒ်များကို နှိုင်းယှဉ်ရာတွင် နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်နေသော မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံက စီးပွားရေးရင်းနှီးမြှုပ်နှံမှုအသစ်များ အကောင်အထည်ဖော်ခြင်းကို **စီးပွားရေးအသင်းအဖွဲ့များ၏ ၅၅ ရာခိုင်နှုန်းက** သဘောတူကြောင်း ဖြေဆိုခဲ့ကြသည်။ သို့သော် **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၈ ရာခိုင်နှုန်း၊** PDFs/LDFs များ၏ ၈၂ ရာခိုင်နှုန်း၊ **ထင်ရှားသူများ၏ ၇၄ ရာခိုင်နှုန်း၊** EAOs များ၏ ၆၇ ရာခိုင်နှုန်းနှင့် **နိုင်ငံရေးအသိုက်အဝန်း၏ ၅၇ ရာခိုင်နှုန်းကမူ** ရင်းနှီးမြှုပ်နှံမှုအသစ်များ အကောင်အထည်ဖော်ခြင်းကို သဘောမတူကြောင်း ဖြေဆိုခဲ့ကြသည်။

မေးခွန်း-၅၃

‘တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ လုပ်ဆောင်မည့်’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၃၃% | ၄၀% | ၁၃% | ၁၀% | ၃၈% | ၄၀% | ၄၄% |
| သဘောမတူပါ | ၄၀% | ၄၈% | ၄၄% | ၃၃% | ၃၆% | ၂၇% | ၃၈% |
| သဘောတူပါသည် | ၂၀% | ၁၀% | ၁၉% | ၄၈% | ၁၈% | ၃၃% | ၁၃% |
| အပြည့်အဝသဘောတူပါသည် | ၃% | ၂% | ၁၉% | ၇% | ၂% | ၀% | ၀% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၂% | ၀% | ၀% | ၂% | ၆% | ၀% | ၆% |


ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝသဘောမတူပါ’နှင့် ‘သဘောမတူပါ’ နှစ်ရပ်ပေါင်းကို ‘သဘောမတူပါ’ဟူ၍လည်းကောင်း၊ ‘အပြည့်အဝသဘောတူပါသည်’နှင့် ‘သဘောတူပါသည်’နှစ်ရပ်ပေါင်းကို ‘သဘောတူပါသည်’ဟုလည်းကောင်း ကောက်ယူပါသည်။

# ၇

# တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC)အပေါ် အမြင်များ

မေးခွန်း-၅၄

CMEC သည် မည်သူ့အတွက် ပိုအကျိုးရှိစေသနည်း




တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) သည် တရုတ်နိုင်ငံကို ပိုပြီးအကျိုးရှိစေကြောင်း အစုအဖွဲ့အားလုံး၏ **၈၄ ရာခိုင်နှုန်း**က ယူဆကြသည်။ နှစ်နိုင်ငံလုံးကို ညီတူမျှတူအကျိုးရှိစေသည်ဟု ရှုမြင်သူ ၁၂ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံကို ပိုအကျိုးရှိစေသည်ဟု ရှုမြင်သူ **တစ်ရာခိုင်နှုန်း**သာရှိသည်။ ယခင်စစ်တမ်းရလဒ်များနှင့် နှိုင်းယှဉ်ပါက ကြီးမားသော အပြောင်းအလဲမရှိပါ။

◀ ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၅၄ ကို မေးမြန်းရာတွင် "တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းဟာ နှစ်နိုင်ငံအတွက် ဘယ်လိုအကျိုးရှိစေမယ်လို့ ထင်ပါသလဲ။ တခုကို ရွေးချယ်ပေးပါ"ဟု မေးမြန်းခဲ့ပြီး ရွေးချယ်စရာသုံးခုကို ဖတ်ပြခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုသော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာတွင် တရုတ်နိုင်ငံကိုပို၍ အကျိုးရှိစေကြောင်း အသိုက်အဝန်းအားလုံး၏ အများစုက ဖြေဆိုခဲ့ကြသည်။ **အရပ်ဘက်အဖွဲ့အစည်း**များ၏ ၉၄ ရာခိုင်နှုန်း၊ EAOs များ၏ ၉၃ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၈၈ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၈၁ ရာခိုင်နှုန်း၊ စီးပွားရေးအသိုက်အဝန်း၏ ၆၂ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၅၆ ရာခိုင်နှုန်းက ထိုသို့ ယူဆကြခြင်းဖြစ်သည်။ နှစ်နိုင်ငံလုံးအတွက် ညီတူညီမျှအကျိုးရှိစေကြောင်း စီးပွားရေးအသင်းအဖွဲ့များ၏ ၃၆ ရာခိုင်နှုန်းက ယူဆခဲ့ကြသည်။


မေးခွန်း-၅၄

‘တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများ၏ အကျိုးရှိမှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| နှစ်နိုင်ငံလုံးအတွက် ညီတူညီမျှအကျိုးရှိပါသည် | ၁၂% | ၂% | ၂၅% | ၃၆% | ၁၂% | ၇% | ၁၃% |
| တရုတ်နိုင်ငံကို ပိုပြီးအကျိုးရှိစေသည် | ၈၄% | ၉၄% | ၅၆% | ၆၂% | ၈၈% | ၉၃% | ၈၁% |
| မြန်မာနိုင်ငံကို ပိုပြီးအကျိုးဖြစ်စေသည် | ၁% | ၁% | ၆% | ၂% | ၀% | ၀% | ၀% |
| မသိပါ | ၁% | ၁% | ၆% | ၀% | ၀% | ၀% | ၆% |
| မဖြေလိုပါ | ၁% | ၂% | ၆% | ၀% | ၀% | ၀% | ၀% |

**မေးခွန်း-၅၅**

## CMEC ၏ ရည်ရွယ်ချက်အပေါ် မည်သို့သဘောထားသနည်း




တရုတ်နိုင်ငံက ဖော်ဆောင်လိုနေသော တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) သည် **'ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျအရေးပါသည့် နေရာများကို ထိန်းချုပ်ရန်'**ရည်ရွယ်သည်ဟု ရှုမြင်သူ **၆၆ ရာခိုင်နှုန်း**ရှိသည်။ **'မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများအပေါ် ဩဇာလွှမ်းမိုးမှု ဖြန့်ကြက်ရန်'** ရည်ရွယ်ကြောင်း ရှုမြင်သူ **၁၇ ရာခိုင်နှုန်း**နှင့် **'တရုတ်နိုင်ငံအတွက် စီးပွားရေးအရ အကျိုးအမြတ်ရရှိစေရန်'**ရည်ရွယ်ကြောင်း ရှုမြင်သူ **၁၆ ရာခိုင်နှုန်း** ရှိသည်။ ထူးခြားချက်မှာ စစ်တမ်းကောက်ယူမှု သုံးကြိမ်စလုံးတွင် **'ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျအရေးပါသည့် နေရာများကို ထိန်းချုပ်ရန်'**ဟု ယူဆမှုမှာ **အများဆုံးဖြစ်သည်**။

◀ ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၅၅ ကို မေးမြန်းရာတွင် **"တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ဘယ်လိုရည်ရွယ်ချက်ထားရှိတယ်လို့ ယူဆပါသလဲ"**ဟု မေးမြန်းခဲ့ပြီး ရွေးချယ်စရာများကို ဖတ်ပြခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာတွင် 'ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျအရေးပါသည့် နေရာများကို ထိန်းချုပ်ရန်' ဖြစ်ကြောင်း အစုအဖွဲ့အားလုံးက ရှုမြင်ခဲ့ကြသည်။ အများဆုံးမှာ EAOs များဖြစ်ပြီး ၈၇ ရာခိုင်နှုန်းရှိသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၀ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၆၉ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၆၀ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၅၉ ရာခိုင်နှုန်းနှင့်** PDFs/LDFs များ၏ ၅၆ ရာခိုင်နှုန်းကလည်း ထိုသို့ယူဆကြသည်ကို တွေ့ရသည်။


မေးခွန်း-၅၅

'တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများ၏ ရည်ရွယ်ချက်'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| တရုတ်နိုင်ငံ၏ စီးပွားရေး အကျိုးအမြတ် ရရှိစေရန် | ၁၆% | ၁၄% | ၁၉% | ၁၄% | ၁၇% | ၇% | ၃၁% |
| မြန်မာနိုင်ငံနှင့် ဒေသတွင်း နိုင်ငံများအပေါ် ဩဇာလွှမ်းမိုး သက်ရောက်မှု ဖြန့်ကြက်နိုင်ရန် | ၁၇% | ၁၄% | ၆% | ၁၉% | ၂၄% | ၇% | ၁၃% |
| ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျ အရေးပါသောနေရာများကို ထိန်းချုပ်နိုင်ရန် | ၆၆% | ၇၀% | ၆၉% | ၆၀% | ၅၉% | ၈၇% | ၅၆% |
| မသိပါ | ၁% | ၀% | ၆% | ၂% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၁% | ၁% | ၀% | ၅% | ၀% | ၀% | ၀% |

မေးခွန်း-၅၆

## CMEC နှင့်ပတ်သက်၍ မည်သို့စိုးရိမ်ပူပန်သနည်း




တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) နှင့်ပတ်သက်၍ **'ဒေသတွင်း ပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမည်'**ကို စိုးရိမ်သူ ၃၇ ရာခိုင်နှုန်း၊ **'အကြွေးထောင်ချောက်ဖြစ်မည်'**ကို စိုးရိမ်သူ ၂၁ ရာခိုင်နှုန်းနှင့် **'လူမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မည်'**ကို စိုးရိမ်သူ ၁၇ ရာခိုင်နှုန်းရှိသည်။ ယခင်စစ်တမ်းများနှင့် နှိုင်းယှဉ်ပါက ကြီးမားသောကွာဟချက်မရှိပေ။ ထူးခြားချက်အနေဖြင့် **'ဒေသတွင်း ပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမည်'**ကို စိုးရိမ်သူ ရာခိုင်နှုန်းသည် **သုံးနှစ်ဆက်တိုက် အများဆုံးဖြစ်သည်**ကို တွေ့ရသည်။

◀ ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၅၆ ကို မေးမြန်းရာတွင် **"တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းနဲ့ပတ်သက်ပြီး အစိုးရိမ်အပူပန်ရဆုံးလို့ ယူဆတဲ့ တခုကိုရွေးပါ"**ဟု မေးမြန်းခဲ့ပြီး ရွေးချယ်စရာများကို ဖတ်ပြခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သည့် အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာတွင် အစုအဖွဲ့အားလုံးသည် 'ဒေသတွင်းပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမှု' ကို စိုးရိမ်မိခဲ့ကြသည်။ EAOs များ၏ ၆၀ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၅၀ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၄၄ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၄၀ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၃၆ ရာခိုင်နှုန်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ၂၉ ရာခိုင်နှုန်းက ထိုသို့ ယူဆခဲ့ခြင်းဖြစ်သည်။ ထူးခြားချက်အနေဖြင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၂၄ ရာခိုင်နှုန်းက စီးပွားရေးအရလွှမ်းမိုးမည်ကို စိုးရိမ်ခဲ့ကြသည်။

မေးခွန်း-၅၆

'တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှု'အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| စိုးရိမ်စရာမရှိပါ | ၄% | ၁% | ၀% | ၁၄% | ၂% | ၀% | ၁၃% |
| အကြွေးထောင်ချောက် | ၂၁% | ၁၉% | ၁၉% | ၁၄% | ၃၂% | ၂၀% | ၆% |
| နိုင်ငံရေးအရလွှမ်းမိုးခံရမှု | ၈% | ၁၃% | ၆% | ၂% | ၅% | ၀% | ၁၃% |
| စီးပွားရေးအရလွှမ်းမိုးခံရမှု | ၁၂% | ၁၀% | ၀% | ၂၄% | ၁၁% | ၇% | ၁၃% |
| ဒေသတွင်းပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမှု | ၃၇% | ၂၉% | ၄၄% | ၄၀% | ၃၆% | ၆၀% | ၅၀% |
| လူမှုနှင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု | ၁၇% | ၂၈% | ၁၉% | ၂% | ၁၄% | ၁၃% | ၆% |
| မသိပါ | ၁% | ၁% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၁% | ၀% | ၆% | ၂% | ၂% | ၀% | ၀% |

မေးခွန်း-၅၇ နှင့် ၅၈


## CMEC ၏ သက်ရောက်မှုများ

- လုံးဝသဘောမတူပါ
- သဘောမတူပါ
- သဘောတူပါသည်
- အပြည့်အဝသဘောတူပါသည်
- မသိပါ
- မဖြေလိုပါ

■ မေးခွန်း-၅၇၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ကောင်းမွန်သောအကျိုးသက်ရောက်မှု ရှိပါသည်




■ မေးခွန်း-၅၈၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူဖြစ်ပါသည်




ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။


ယခုမေးခွန်းများကို မေးမြန်းရာတွင် "တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းဟာ မြန်မာနိုင်ငံအပေါ် ကောင်းတဲ့သက်ရောက်မှုတွေ ဖြစ်ပေါ်စေတယ်လို့ ဆိုကြပါတယ်။ အခုဖတ်ပြမယ့် ကဏ္ဍတွေနဲ့ပတ်သက်ပြီး အဲဒီလိုပြောဆိုမှုတွေကို ဘယ်လောက်သဘောတူပါသလဲ။ သဘောတူမှုနဲ့ပတ်သက်ပြီး ကဏ္ဍတခုချင်းစီမှာ '၁' ကနေ '၄' အထိ သတ်မှတ်ထားပါတယ်။ '၁' က 'လုံးဝသဘာမတူပါ' ဖြစ်ပြီး '၄' က 'အပြည့်အဝသဘောတူပါတယ်' ဖြစ်ပါတယ်။ တခုကိုရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။

**မေးခွန်း-၅၉ နှင့် ၆၀**


## CMEC ၏ သက်ရောက်မှုများ

- လုံးဝသဘောမတူပါ
- သဘောမတူပါ
- သဘောတူပါသည်
- အပြည့်အဝသဘောတူပါသည်
- မသိပါ
- မဖြေလိုပါ

■ မေးခွန်း-၅၉၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာနိုင်သည်




■ မေးခွန်း-၆၀၊ စီးပွားရေးနှင့် နိုင်ငံရေးအကျပ်အတည်းများအတွက် ထွက်ပေါက်ဖြစ်နိုင်သည်




တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) သည် ‘ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိနိုင်သည်’ကို သဘောမတူသူ ၆၉ ရာခိုင်နှုန်းနှင့် သဘောတူသူ ၂၉ ရာခိုင်နှုန်းရှိသည်။ ‘စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူဖြစ်နိုင်သည်’ကို သဘောတူသူ ၆၁ ရာခိုင်နှုန်းနှင့် သဘောမတူသူ ၃၇ ရာခိုင်နှုန်းရှိသည်။ ‘ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာနိုင်သည်’ကို သဘောမတူသူ ၅၄ ရာခိုင်နှုန်းနှင့် သဘောတူသူ ၄၃ ရာခိုင်နှုန်းရှိသည်။ ‘ပြည်သူလူထုရင်ဆိုင်နေရသော စီးပွားရေး၊ နိုင်ငံရေးအကျပ်အတည်းများအတွက် ထွက်ပေါက်ဖြစ်နိုင်သည်’ကို သဘောမတူသူ ၇၁ ရာခိုင်နှုန်းနှင့် သဘောတူသူ ၂၆ ရာခိုင်နှုန်းရှိသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သည့် အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိစေသည်ဟု **နိုင်ငံရေးအသိုက်အဝန်း၏ ၆၃ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၅၅ ရာခိုင်နှုန်းက** ယူဆခဲ့ကြသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၅ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၇၁ ရာခိုင်နှုန်း၊** EAOs များ၏ ၆၇ ရာခိုင်နှုန်းနှင့် PDFs/LDFs များ၏ ၆၂ ရာခိုင်နှုန်းက သဘောမတူကြောင်းဖြေဆိုခဲ့သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်ကြောင်း **စီးပွားရေးအသင်းအဖွဲ့များ၏ ၈၁ ရာခိုင်နှုန်းက** ယူဆကြသည်။ **နိုင်ငံရေးအသိုက်အဝန်း၏ ၇၅ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၆၆ ရာခိုင်နှုန်း၊** PDFs/LDFs များ၏ ၅၆ ရာခိုင်နှုန်းနှင့် EAOs များ၏ ၅၃ ရာခိုင်နှုန်းကလည်း ထိုသို့ဖြေဆိုခဲ့ကြသည်။ ထူးခြားချက်အနေဖြင့် **အရပ်ဘက်အဖွဲ့အစည်းများ၏ ၅၂ ရာခိုင်နှုန်းနှင့်** EAOs များ၏ ၄၇ **ရာခိုင်နှုန်းက** သဘောမတူကြသည်ကို တွေ့ရသည်။

ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာနိုင်ကြောင်း **စီးပွားရေးအသင်းအဖွဲ့များ၏ ၇၂ ရာခိုင်နှုန်း၊** EAOs များ၏ ၆၀ ရာခိုင်နှုန်းနှင့် **နိုင်ငံရေးအသိုက်အဝန်း၏ ၆၃ ရာခိုင်နှုန်းက** သဘောတူခဲ့ကြသည်။ သဘောမတူကြောင်းဖြေဆိုသူမှာ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၄ ရာခိုင်နှုန်းနှင့်** PDFs/LDFs များ၏ ၅၁ ရာခိုင်နှုန်းရှိသည်။

ပြည်သူလူထု ရင်ဆိုင်နေရသည့် စီးပွားရေး၊ နိုင်ငံရေးအကျပ်အတည်းများအတွက် ထွက်ပေါက်ဖြစ်နိုင်ကြောင်း **နိုင်ငံရေးအသိုက်အဝန်း၏ ၄၄ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၃၈ ရာခိုင်နှုန်းက** ဖြေဆိုခဲ့သည်။ EAOs များ၏ ၉၃ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၇၆ ရာခိုင်နှုန်း၊ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၆ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၇၁ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၆၀ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသင်းအဖွဲ့များ၏ ၅၀ ရာခိုင်နှုန်းက** သဘောမတူကြောင်း ဖြေဆိုခဲ့ပါသည်။

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် 'လုံးဝသဘောမတူပါ'နှင့် 'သဘောမတူပါ' နှစ်ရပ်ပေါင်းကို 'သဘောမတူပါ'ဟုလည်းကောင်း၊ 'အပြည့်အဝသဘောတူပါသည်'နှင့် 'သဘောတူပါသည်' နှစ်ရပ်ပေါင်းကို 'သဘောတူပါသည်'ဟုလည်းကောင်း ကောက်ယူပါသည်။

မေးခွန်း-၅၇

‘ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိပါသည်’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၁၆% | ၂၈% | ၀% | ၅% | ၁၅% | ၀% | ၆% |
| သဘောမတူပါ | ၅၃% | ၅၇% | ၃၁% | ၃၈% | ၅၆% | ၆၇% | ၅၆% |
| သဘောတူပါသည် | ၂၇% | ၁၄% | ၅၀% | ၅၀% | ၂၇% | ၃၃% | ၂၅% |
| အပြည့်အဝသဘောတူပါသည် | ၂% | ၀% | ၁၃% | ၅% | ၀% | ၀% | ၀% |
| မသိပါ | ၂% | ၁% | ၆% | ၀% | ၂% | ၀% | ၁၃% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၂% | ၀% | ၀% | ၀% |

မေးခွန်း-၅၈

‘မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူဖြစ်ပါသည်’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၇% | ၁၁% | ၀% | ၂% | ၃% | ၀% | ၁၃% |
| သဘောမတူပါ | ၃၀% | ၄၁% | ၁၉% | ၇% | ၂၉% | ၄၇% | ၂၅% |
| သဘောတူပါသည် | ၅၇% | ၄၆% | ၅၆% | ၈၁% | ၆၄% | ၅၃% | ၅၀% |
| အပြည့်အဝသဘောတူပါသည် | ၄% | ၁% | ၁၉% | ၁၀% | ၂% | ၀% | ၆% |
| မသိပါ | ၁% | ၁% | ၆% | ၀% | ၀% | ၀% | ၆% |
| မဖြေလိုပါ | ၁% | ၀% | ၀% | ၀% | ၃% | ၀% | ၀% |

မေးခွန်း-၅၉


‘မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာနိုင်ပါသည်’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၁၁% | ၁၈% | ၀% | ၂% | ၉% | ၀% | ၁၃% |
| သဘောမတူပါ | ၄၃% | ၅၆% | ၃၁% | ၂၄% | ၃၉% | ၄၀% | ၃၈% |
| သဘောတူပါသည် | ၄၁% | ၂၄% | ၅၀% | ၆၂% | ၄၈% | ၆၀% | ၄၄% |
| အပြည့်အဝသဘောတူပါသည် | ၂% | ၀% | ၁၃% | ၁၀% | ၀% | ၀% | ၀% |
| မသိပါ | ၂% | ၂% | ၆% | ၀% | ၃% | ၀% | ၆% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၂% | ၀% | ၀% | ၀% |

မှတ်ချက် - မေးခွန်း ၆၀ အတွက် ဖြေဆိုချက်များ၏ အသေးစိတ်ဇယားကို ISP-Myanmar ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။

**မေးခွန်း-၆၁**

## CMEC ကြောင့် မြန်မာ့လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု




တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) သည် မြန်မာပြည်သူများ၏ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုရှိကြောင်း ဖြေဆိုသူများ၏ **၈၈ ရာခိုင်နှုန်း**က ယူဆကြပြီး မထိခိုက်ကြောင်း ယူဆသူ **ခုနစ်ရာခိုင်နှုန်း** ရှိသည်။ ဤရလဒ်သည် ယခင်နှစ်များက ကောက်ယူခဲ့သော စစ်တမ်းရလဒ်များနှင့် နှိုင်းယှဉ်ပါက ကွာဟချက်မရှိပါ။

◀ ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၆၁ ကို မေးမြန်းရာတွင် "တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းက မြန်မာပြည်သူတွေရဲ့ လူမှုဘဝနဲ့ သဘာဝပတ်ဝန်းကျင်ကို ဘယ်လောက်ထိခိုက်တယ်လို့ ထင်ပါသလဲ။ '၁' ကနေ '၄' အထိ သတ်မှတ်ထားပါတယ်။ '၁' က 'လုံးဝမထိခိုက်ပါ' ဖြစ်ပြီး '၄' က 'အလွန်ထိခိုက်ပါတယ်' ဖြစ်ပါတယ်။ တခုကို ရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) သည် မြန်မာပြည်သူများ၏ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုရှိသည်ဟု အသိုက်အဝန်းအားလုံး၏ အများစုက ယူဆကြသည်။ EAOs များက ရာနှုန်းပြည့်ဖြစ်ပြီး အများဆုံး ဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ၉၄ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၈၇ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၈၅ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၇၆ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၇၅ ရာခိုင်နှုန်းကလည်း ထိုသို့ယူဆကြသည်။

မေးခွန်း-၆၁


‘CMEC ကြောင့် မြန်မာ့လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမထိခိုက်ပါ | ၂% | ၃% | ၀% | ၂% | ၂% | ၀% | ၀% |
| မထိခိုက်ပါ | ၅% | ၂% | ၆% | ၁၇% | ၅% | ၀% | ၆% |
| ထိခိုက်ပါသည် | ၅၃% | ၄၁% | ၅၆% | ၇၄% | ၅၀% | ၈၀% | ၅၆% |
| အလွန်ထိခိုက်ပါသည် | ၃၅% | ၅၃% | ၁၉% | ၂% | ၃၅% | ၂၀% | ၃၁% |
| မသိပါ | ၂% | ၀% | ၁၃% | ၀% | ၅% | ၀% | ၆% |
| မဖြေလိုပါ | ၃% | ၁% | ၆% | ၅% | ၅% | ၀% | ၀% |

ရလဒ်များကိုနှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝမထိခိုက်ပါ’နှင့် ‘မထိခိုက်ပါ’ နှစ်ရပ်ပေါင်းကို ‘မထိခိုက်ပါ’ ဟုလည်းကောင်း၊ ‘အလွန်ထိခိုက်ပါသည်’ နှင့် ‘ထိခိုက်ပါသည်’ နှစ်ရပ်ပေါင်းကို ‘ထိခိုက်ပါသည်’ ဟုလည်းကောင်း ကောက်ယူပါသည်။

မေးခွန်း-၆၂

## CMEC နှင့်ပတ်သက်၍ ဆက်သွယ်ဆွေးနွေးမှု ရှိ၊ မရှိ




စစ်တမ်းတွင်ပါဝင်သည့် အသိုက်အဝန်းခြောက်ခုက ပုဂ္ဂိုလ်များကို တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) အကောင်အထည်ဖော်မည့် တရုတ်ကုမ္ပဏီများက ဆက်သွယ်ဆွေးနွေးခြင်း လုံးဝမရှိကြောင်း **၈၂ ရာခိုင်နှုန်း**က ဖြေဆိုခဲ့သည်။ တာဝန်ရှိသူများက လာရောက်ဆွေးနွေးကြောင်း ဖြေဆိုသူ **၁၁ ရာခိုင်နှုန်း**နှင့် ဒေသအာဏာပိုင်များကတဆင့် ဆက်သွယ်ဆွေးနွေးကြောင်း ဖြေဆိုသူ **ငါးရာခိုင်နှုန်း** ရှိသည်။ ယခင်စစ်တမ်းများနှင့် နှိုင်းယှဉ်ပါက ဆက်သွယ်ဆွေးနွေးခြင်း လုံးဝမရှိကြောင်း ဖြေဆိုသူဦးရေမှာ နှစ်စဉ်တိုးလာသည်ကို တွေ့ရသည်။

မေးခွန်း-၆၂ ကို မေးမြန်းရာတွင် “တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းနဲ့ပတ်သက်ပြီး စီမံကိန်းမှာပါဝင်တဲ့ တရုတ်ကုမ္ပဏီတွေက (သင်) ဒါမှမဟုတ် (သင့်) အဖွဲ့အစည်းကို ဆက်သွယ်ခဲ့ပါသလား၊ ဆက်သွယ်ခဲ့တယ်ဆိုရင် ဘယ်လိုပုံစံနဲ့ ဆက်သွယ်ခဲ့သလဲဆိုတာ ပြောပြပေးပါ။ တခုထက်ပိုပြီးလည်း ရွေးနိုင်ပါတယ်”ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) ကို အကောင်အထည်ဖော်မည့် တရုတ်ကုမ္ပဏီများက လုံးဝဆက်သွယ်ဆွေးနွေးခြင်းမရှိကြောင်း အသိုက်အဝန်းအားလုံးက အများဆုံးဖြေဆိုခဲ့ကြသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၆ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၈၅ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၈၁ ရာခိုင်နှုန်း၊ EAOs များ၏ ၈၀ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၇၄ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၆၉ ရာခိုင်နှုန်းက** ထိုသို့ ဖြေဆိုခဲ့ခြင်းဖြစ်သည်။ **နိုင်ငံရေးအသိုက်အဝန်း၏ ၂၅ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၁၇ ရာခိုင်နှုန်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ၁၀ ရာခိုင်နှုန်းက** စီမံကိန်းအတွက် တာဝန်ရှိသူများက လာရောက်ဆွေးနွေးသည်ဟု ဖြေဆိုခဲ့သည်။ EAOs များ၏ **၂၀ ရာခိုင်နှုန်းနှင့်** PDFs/LDFs များ၏ **၁၃ ရာခိုင်နှုန်းက** ဒေသအာဏာပိုင်များမှတဆင့်ဆက်သွယ်ဆွေးနွေးကြောင်း ဖြေဆိုခဲ့သည်။ ထူးခြားချက်အဖြစ် ဆက်သွယ်ဆွေးနွေးမှုများကို မသိရှိရကြောင်း PDFs/LDFs များ၏ **၁၃ ရာခိုင်နှုန်းက** ဖြေခဲ့ကြသည်ကို တွေ့ရသည်။


မေးခွန်း-၆၂

‘တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) နှင့်ပတ်သက်ပြီး ဆက်သွယ်ဆွေးနွေးမှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝဆက်သွယ်ဆွေးနွေးခြင်းမရှိပါ | ၈၂% | ၈၆% | ၆၉% | ၇၄% | ၈၅% | ၈၀% | ၈၁% |
| တာဝန်ရှိသူများက လာရောက်ရှင်းပြ ဆွေးနွေးပါသည် | ၁၁% | ၁၀% | ၂၅% | ၁၇% | ၉% | ၇% | ၆% |
| ဒေသအာဏာပိုင်များကတဆင့် ဆက်သွယ်ပါသည် | ၅% | ၃% | ၆% | ၇% | ၃% | ၂၀% | ၁၃% |
| မသိပါ | ၂% | ၂% | ၆% | ၀% | ၂% | ၀% | ၁၃% |
| မဖြေလိုပါ | ၁% | ၁% | ၀% | ၂% | ၂% | ၀% | ၀% |

**မေးခွန်း-၆၃**

## CMEC စီမံကိန်းတွင် ပါဝင်သော တရုတ်ကုမ္ပဏီများ၏ အသိပေးခြင်းရည်ရွယ်ချက်




တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) တွင် ပါဝင်သည့် တရုတ်ကုမ္ပဏီများက ဆက်သွယ်ဆွေးနွေးရာတွင် **စီမံကိန်းများ ဆက်လက်လည်ပတ်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းခဲ့ကြောင်း ၅၀ ရာခိုင်နှုန်းက** ဖြေဆိုခဲ့သည်။ **စီမံကိန်းများကို မထိခိုက်စေရန် သတိပေးခဲ့ကြောင်း** ဖြေဆိုသူ **၂၅ ရာခိုင်နှုန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များအတွက် ကမ်းလှမ်းခဲ့ကြောင်း** ဖြေဆိုသူ **၂၀ ရာခိုင်နှုန်း** ရှိသည်။ အခြားရည်ရွယ်ချက်များကြောင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း ဖြေဆိုသူမှာ **၃၀ ရာခိုင်နှုန်း**ရှိသည်။ ထိုအထဲတွင် စီမံကိန်းအကြောင်းနှင့် စီမံကိန်း၏ ကောင်းကျိုးများကို ရှင်းပြခြင်း၊ ဒေသခံများကို စည်းရုံးခြင်း၊ အကြွေးထောင်ချောက်မဟုတ်ကြောင်း လူထုကို ရှင်းပြရန် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများကို တိုက်တွန်းခြင်းများလည်း ပါဝင်သည်ဟု အများစုက ဖြေဆိုကြသည်။

မေးခွန်း-၆၃ ကိုမေးမြန်းရာတွင် **"တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းနဲ့ပတ်သက်ပြီး စီမံကိန်းမှာပါဝင်တဲ့ တရုတ်ကုမ္ပဏီတွေက ဆက်သွယ်တဲ့အခါ ဘယ်လိုအကြောင်းအရာကို အသိပေးဖို့ ရည်ရွယ်ချက်နဲ့ ဆက်သွယ်ခဲ့ပါသလဲ။ တခုထက်ပိုပြီးလည်း ရွေးနိုင်ပါတယ်"**ဟု မေးမြန်းခဲ့ပါသည်။ ဤမေးခွန်းမှာ ယခုစစ်တမ်းတွင် အသစ်ထည့်သွင်းထားခြင်းဖြစ်ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

အသိုက်အဝန်းခြောက်ခု၏ အဖြေများကိုနှိုင်းယှဉ်ရာတွင် အသိုက်အဝန်းအသီးသီးကို မတူညီသော ရည်ရွယ်ချက်များဖြင့် ဆက်သွယ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထူးခြားချက်အနေဖြင့် စီမံကိန်းကို မထိခိုက်ရန် သတိပေးဆက်သွယ်ခဲ့ကြောင်း PDFs/LDFs များအားလုံးက ဖြေခဲ့ကြသည်ကို တွေ့ရသည်။ စီမံကိန်းများကို ဆက်လက်လည်ပတ်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ကြောင်း **အရပ်ဘက်အဖွဲ့အစည်းများနှင့် EAOs များ၏ ၆၇ ရာခိုင်နှုန်းစီနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၅၀ ရာခိုင်နှုန်း**တွင် ထိုသို့ တွေ့ရှိရသည်။ သို့သော် ကုမ္ပဏီများက အခြားသောအကြောင်းအရာများကို ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း **နိုင်ငံရေးအသိုက်အဝန်းနှင့် ထင်ရှားသူများ၏ ၇၅ ရာခိုင်နှုန်း**က ဖြေဆိုခဲ့သည်။


မေးခွန်း-၆၃

‘CMEC အတွက် တရုတ်ကုမ္ပဏီများက ဆက်သွယ်ဆွေးနွေးခဲ့မှုများ’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| စီမံကိန်းများကို မထိခိုက်စေရန် သတိပေးပါသည် | ၂၅% | ၄၂% | ၀% | ၀% | ၀% | ၆၇% | ၁၀၀% |
| စီမံကိန်းများ ဆက်လက်လည်ပတ်ရေး ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းပါသည် | ၅၀% | ၆၇% | ၂၅% | ၅၀% | ၃၈% | ၆၇% | ၃၃% |
| ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအသစ် ပြုလုပ်ရန် ကမ်းလှမ်းပါသည် | ၂၀% | ၁၇% | ၀% | ၅၀% | ၁၃% | ၀% | ၀% |
| အခြား | ၃၀% | ၈% | ၇၅% | ၂၀% | ၇၅% | ၀% | ၀% |
| မသိပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |

**မေးခွန်း-၆၄**

## အာဏာသိမ်းမှုအလွန် CMEC အကောင်အထည်ဖော်မှု




အာဏာသိမ်းမှုနောက်ပိုင်း စစ်ကောင်စီနှင့် တရုတ်နိုင်ငံအကြား တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) ၏ အချို့အစိတ်အပိုင်းများကို အကောင်အထည်ဖော်နေကြောင်း အသိုက်အဝန်းခြောက်ခု၏ **၆၂ ရာခိုင်နှုန်း**က ယူဆကြသည်။ **၂၈ ရာခိုင်နှုန်း**က စီမံကိန်းအကောင်အထည်ဖော်မှု ရပ်တန့်နေကြောင်း၊ **ငါးရာခိုင်နှုန်း**က အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်နေကြောင်း ယူဆကြသည်။ စီမံကိန်းအကောင်အထည်ဖော်မှုအခြေအနေများကို မသိရှိကြောင်းဖြေဆိုသူ **ရှစ်ရာခိုင်နှုန်း**ရှိသည်။ ၂၀၂၃ ခုနှစ် စစ်တမ်းနှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုအနည်းငယ်ရှိသည်ကို တွေ့ရသည်။ စီမံကိန်းအကောင်အထည်ဖော်မှုရပ်တန့်နေကြောင်းဖြေဆိုသူ **၁၀ ရာခိုင်နှုန်း**တိုးလာပြီး အချို့အစိတ်အပိုင်းများကို အကောင်အထည်ဖော်နေကြောင်း ဖြေဆိုသူ **လေးရာခိုင်နှုန်း**နှင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်ဟုယူဆသူ **ခုနစ်ရာခိုင်နှုန်း**တို့ လျော့ကျသွားသည်။

မေးခွန်း-၆၄ ကို မေးမြန်းရာတွင် "၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ/စစ်ကောင်စီနဲ့ တရုတ်နိုင်ငံအကြား တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေတွေ ဘယ်လိုရှိတယ်လို့ ထင်ပါသလဲ။ တခုထက်ပိုပြီးလည်း ရွေးနိုင်ပါတယ်"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

အသိုက်အဝန်း ခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာတွင် စီမံကိန်းအကောင်အထည်ဖော်မှု ရပ်တန့်နေကြောင်း **စီးပွားရေးအသိုက်အဝန်း၏ ၅၅ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၅၀ ရာခိုင်နှုန်း**နှင့် EAOs များ၏ ၄၇ ရာခိုင်နှုန်းကယူဆကြသည်။ စီမံကိန်း၏ အချို့အစိတ်အပိုင်းများကို အကောင်အထည်ဖော်နေကြောင်း PDFs/LDFs များ၏ ၇၅ ရာခိုင်နှုန်း၊ **ထင်ရှားသူများ၏ ၇၁ ရာခိုင်နှုန်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၀ ရာခိုင်နှုန်း**တို့က ယူဆကြသည်။ စီမံကိန်းကို အရှိန်အဟုန်မြင့်ဆောင်ရွက်နေကြောင်း ဖြေဆိုသူမှာ **၁၀ ရာခိုင်နှုန်းအောက်**သာရှိသည်။ ထူးခြားချက်အဖြစ် စီမံကိန်းအကောင်အထည်ဖော်မှုအခြေအနေများကို မသိရှိကြောင်း EAOs များ၏ ၂၀ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၁၃ ရာခိုင်နှုန်းနှင့် **နိုင်ငံရေးအသိုက်အဝန်း၏ ၁၃ ရာခိုင်နှုန်း**က ဖြေဆိုခဲ့သည်ကို တွေ့ရသည်။

မေးခွန်း-၆၄

‘အာဏာသိမ်းမှုအလွန် CMEC အကောင်အထည်ဖော်မှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| ရပ်တန့်နေပါသည် | ၂၈% | ၂၂% | ၅၀% | ၅၅% | ၁၇% | ၄၇% | ၁၃% |
| စီမံကိန်းအချို့အစိတ်အပိုင်းများ အကောင်အထည်ဖော်နေသည် | ၆၂% | ၇၀% | ၃၁% | ၄၃% | ၇၁% | ၃၃% | ၇၅% |
| အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နေပါသည် | ၅% | ၇% | ၆% | ၂% | ၆% | ၀% | ၀% |
| မသိပါ | ၈% | ၄% | ၁၃% | ၁၀% | ၈% | ၂၀% | ၁၃% |
| မဖြေလိုပါ | ၁% | ၁% | ၀% | ၀% | ၂% | ၀% | ၀% |

**မေးခွန်း-၆၅**

## CMEC အကောင်အထည်ဖော်ရန် ကြိုးပမ်းမှုအပေါ် သဘောထားအမြင်




လက်ရှိ မြန်မာ့နိုင်ငံရေး အကျပ်အတည်းကာလအတွင်းတွင် တရုတ်နိုင်ငံက တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) များ အကောင်အထည်ဖော်မည်ကို သဘောမတူသူ ၇၇ ရာခိုင်နှုန်းရှိပြီး သဘောတူသူမှာ ၁၉ ရာခိုင်နှုန်းရှိသည်။ ၂၀၂၃ ခုနှစ်စစ်တမ်းနှင့် နှိုင်းယှဉ်ပါက သဘောမတူသူရာခိုင်နှုန်းမှာ **ခြောက်ရာခိုင်နှုန်း**တိုးလာပြီး သဘောတူသူ ရာခိုင်နှုန်းမှာ **လေးရာခိုင်နှုန်း** လျော့ကျသွားသည်ကို တွေ့ရသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၆၅ ကိုမေးမြန်းရာတွင် “တကယ်လို့ တရုတ်နိုင်ငံအနေနဲ့ လက်ရှိ မြန်မာ့နိုင်ငံရေးအကျပ်အတည်းကာလမှာ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းတွေကို အကောင်အထည်ဖော်ခဲ့မယ်ဆိုရင် သဘောတူပါသလား”ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏အဖြေများကို ဆန်းစစ်ရာတွင် လက်ရှိမြန်မာ့နိုင်ငံရေး အကျပ်အတည်းကာလအတွင်း တရုတ်-မြန်မာစီးပွားရေးစင်္ကြံစီမံကိန်း (CMEC) များကို အကောင်အထည်ဖော်မည်ဆိုပါက သဘောမတူသူမှာ **အရပ်ဘက်အဖွဲ့အစည်းများက** အများဆုံးဖြစ်ပြီး ၉၀ ရာခိုင်နှုန်းရှိသည်။ ၎င်း၏နောက်တွင် PDFs/LDFs များ၏ ၈၈ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၇၆ ရာခိုင်နှုန်း၊ EAOs များ၏ ၇၃ ရာခိုင်နှုန်း၊ စီးပွားရေးအသိုက်အဝန်း၏ ၅၇ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၅၀ ရာခိုင်နှုန်းတို့က အစဉ်လိုက်ရပ်တည်နေသည်။ နိုင်ငံရေးအသိုက်အဝန်း၏ ၄၄ ရာခိုင်နှုန်း၊ စီးပွားရေးအသိုက်အဝန်း၏ ၄၃ ရာခိုင်နှုန်း၊ EAOs များ၏ ၂၇ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၁၅ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၁၀ ရာခိုင်နှုန်းနှင့် PDFs/LDFs များ၏ ခြောက်ရာခိုင်နှုန်းက အကောင်အထည်ဖော်ရန် သဘောတူခဲ့ကြသည်ကိုလည်း တွေ့ရသည်။


မေးခွန်း-၆၅

‘CMEC အကောင်အထည်ဖော်ရန် ကြိုးပမ်းမှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သဘောတူပါသည် | ၁၉% | ၁၀% | ၄၄% | ၄၃% | ၁၅% | ၂၇% | ၆% |
| သဘောမတူပါ | ၇၇% | ၉၀% | ၅၀% | ၅၇% | ၇၆% | ၇၃% | ၈၈% |
| မသိပါ | ၀% | ၀% | ၆% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၃% | ၁% | ၀% | ၀% | ၉% | ၀% | ၆% |

**မေးခွန်း-၆၆**

## စီမံကိန်းများ အကောင်အထည်ဖော်ခြင်းကို သဘောတူရသည့် အကြောင်းပြချက်




တရုတ်-မြန်မာစီးပွားရေးစင်္ကြံစီမံကိန်း (CMEC) များ အကောင်အထည်ဖော်မည်ကို မည်သည့်အတွက်ကြောင့် သဘောတူရသည်ဟု ဆက်လက်မေးမြန်းရာတွင် စီးပွားရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာနိုင်သည့်အတွက် သဘောတူခြင်းဖြစ်ကြောင်း ဖြေဆိုသူအများဆုံးဖြစ်ပြီး **၆၈ ရာခိုင်နှုန်း**ရှိသည်။ လက်ရှိစီးပွားရေးအကျပ်အတည်းများမှ ထွက်ပေါက်ရနိုင်ကြောင်း ဖြေဆိုသူ **၅၄ ရာခိုင်နှုန်း**၊ တရုတ်နိုင်ငံနှင့် ဒေသတွင်းနိုင်ငံများထံက ဈေးကွက်ဝေစု ပိုရနိုင်ကြောင်း ဖြေဆိုသူ **၅၀ ရာခိုင်နှုန်း**၊ အခြေခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးလာနိုင်ကြောင်း ဖြေဆိုသူ **၃၆ ရာခိုင်နှုန်း**နှင့် နိုင်ငံတည်ငြိမ်ရေးကို အထောက်အကူဖြစ်စေကြောင်း ဖြေဆိုသူ **၂၆ ရာခိုင်နှုန်း**ရှိသည်။

မေးခွန်း-၆၅ ကို မေးမြန်းရာတွင် **"စီမံကိန်းတွေ အကောင်အထည်ဖော်တာကို သဘောတူရတဲ့ အကြောင်းပြချက်တချို့ကို ဖော်ပြထားပါတယ်။ အကြောင်းပြချက်သုံးခုကို ရွေးပေးပါ"**ဟု မေးမြန်းခဲ့ပါသည်။ **ဤမေးခွန်းမှာ ယခုစစ်တမ်းတွင် အသစ်ထည့်သွင်းထားခြင်းဖြစ်ပါသည်။**

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် စီးပွားရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်နိုင်သည့်အတွက် စီမံကိန်းများအကောင်အထည်ဖော်ခြင်းကို သဘောတူကြောင်း အသိုက်အဝန်းအများစုက ဖြေဆိုခဲ့သည်။ PDFs/LDFs များ၏ **ရာနှုန်းပြည့်၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၈၉ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၈၀ ရာခိုင်နှုန်း၊** EAOs များ၏ ၇၅ ရာခိုင်နှုန်းက ထိုသို့ ယူဆခဲ့ခြင်းဖြစ်သည်။ လက်ရှိစီးပွားရေးအကျပ်အတည်းများမှ ထွက်ပေါက်ရနိုင်ကြောင်း PDFs/LDFs များ၏ **ရာနှုန်းပြည့်နှင့် ထင်ရှားသူများ၏ ၇၀ ရာခိုင်နှုန်းက** ဖြေဆိုခဲ့သည်။ တရုတ်နိုင်ငံနှင့် ဒေသတွင်းနိုင်ငံများထံမှ ဈေးကွက်ဝေစု ပိုရနိုင်သည့်အတွက် သဘောတူခြင်းဖြစ်ကြောင်း EAOs များ၏ ၇၅ ရာခိုင်နှုန်းနှင့် **စီးပွားရေးအသင်းအဖွဲ့များ၏ ၆၇ ရာခိုင်နှုန်းတို့က** ယူဆကြသည်။ PDFs/LDFs များ၏ ရာနှုန်းပြည့်နှင့် **နိုင်ငံရေးအသိုက်အဝန်း၏ ၇၁ ရာခိုင်နှုန်းတို့က** အခြေခံပြည်သူများ၏လူမှုဘဝ ဖွံ့ဖြိုးလာနိုင်သည့်အတွက် စီမံကိန်းများ အကောင်အထည်ဖော်ခြင်းကို သဘောတူကြောင်း ဖြေဆိုခဲ့သည်။ ထူးခြားချက်မှာ PDFs/LDFs **များ၏ရာနှုန်းပြည့်က** စီးပွားရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊ လက်ရှိစီးပွားရေးအကျပ်အတည်းများမှ ထွက်ပေါက်ရနိုင်မှုနှင့် အခြေခံပြည်သူများ၏ လူမှုဘဝကို ဖွံ့ဖြိုးလာနိုင်မှုတို့အတွက် ရည်ရွယ်ကြောင်း ယူဆခဲ့ကြခြင်းဖြစ်သည်။


မေးခွန်း-၆၆

‘CMEC အကောင်အထည်ဖော်ခြင်းကို သဘောတူရသည့် အကြောင်းပြချက်’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| စီးပွားရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာနိုင်သည် | ၆၈% | ၂၀% | ၅၇% | ၈၉% | ၈၀% | ၇၅% | ၁၀၀% |
| တရုတ်နိုင်ငံဆီက စက်မှုနှင့် နည်းပညာများ ရရှိနိုင်သည် | ၁၈% | ၃၀% | ၀% | ၂၈% | ၁၀% | ၀% | ၀% |
| ဒေသတွင်းနိုင်ငံများတွင် ဈေးကွက်ဝေစု ပိုရနိုင်သည် | ၅၀% | ၃၀% | ၅၇% | ၆၇% | ၃၀% | ၇၅% | ၀% |
| လက်ရှိစီးပွားရေးအကျပ်အတည်းများကနေ ထွက်ပေါက်ရနိုင်သည် | ၅၄% | ၆၀% | ၁၄% | ၆၁% | ၇၀% | ၂၅% | ၁၀၀% |
| အခြေခံပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးလာနိုင်သည် | ၃၆% | ၂၀% | ၇၁% | ၂၂% | ၅၀% | ၂၅% | ၁၀၀% |
| နိုင်ငံတည်ငြိမ်ရေးကို အထောက်အကူဖြစ်စေသည် | ၂၆% | ၅၀% | ၂၉% | ၁၇% | ၂၀% | ၂၅% | ၀% |
| လက်ရှိပဋိပက္ခများ လျော့နည်းသွားနိုင်သည် | ၂၄% | ၃၀% | ၄၃% | ၆% | ၄၀% | ၂၅% | ၀% |
| အခြား | ၂% | ၁၀% | ၀% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |

**မေးခွန်း-၆၇**

## စီမံကိန်းများ အကောင်အထည်ဖော်ခြင်းကို သဘောမတူရသည့် အကြောင်းပြချက်




တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) များ အကောင်အထည်ဖော်မည်ကို သဘောမတူသူများအနေနှင့် မည်သည့်အတွက်ကြောင့် သဘောမတူရသည်ကို ဆက်လက်မေးမြန်းရာတွင်လည်း စီမံကိန်းများသည် ပြည်သူများ၏ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်သည့်အတွက် သဘောမတူခြင်းဖြစ်ကြောင်း ဖြေဆိုသူအများဆုံးဖြစ်ပြီး **၅၆ ရာခိုင်နှုန်း**ရှိသည်။ မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံက ဩဇာလွှမ်းမိုးနိုင်ကြောင်း ဖြေဆိုသူ **၅၂ ရာခိုင်နှုန်း**နှင့် အင်အားကြီးနိုင်ငံများအကြား ပထဝီနိုင်ငံရေးအားပြိုင်မှုကြောင့် နိုင်ငံတည်ငြိမ်ရေး ထိခိုက်လာနိုင်ကြောင်း ဖြေဆိုသူ **၄၁ ရာခိုင်နှုန်း** ရှိသည်။ စီမံကိန်းအကောင်အထည်ဖော်ခြင်းကြောင့် အကြွေးထောင်ချောက်မိမည်ကို စိုးရိမ်သူ **၃၈ ရာခိုင်နှုန်း**၊ တရုတ်နိုင်ငံကို စီးပွားရေးအရမှီခိုရမှုပိုကြီးနိုင်ကြောင်း ဖြေဆိုသူ **၃၅ ရာခိုင်နှုန်း**ရှိသည်။

မေးခွန်း-၆၇ ကို မေးမြန်းရာတွင် **"စီမံကိန်းတွေ အကောင်အထည်ဖော်တာကို သဘောမတူရတဲ့ အကြောင်းပြချက်တချို့ကို ဖော်ပြထားပါတယ်။ အကြောင်းပြချက်သုံးခုကို ရွေးပေးပါ"**ဟု မေးမြန်းခဲ့ပါသည်။ ဤမေးခွန်းမှာ ယခုစစ်တမ်းတွင် အသစ်ထည့်သွင်းထားခြင်းဖြစ်ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာတွင် ပြည်သူများ၏ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်သည့်အတွက် သဘောမတူခြင်းဖြစ်ကြောင်း ဖြေဆိုသူမှာ နိုင်ငံရေးအသိုက်အဝန်းက အများဆုံးဖြစ်ပြီး ၆၃ ရာခိုင်နှုန်းရှိသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၂ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၅၇ ရာခိုင်နှုန်းတို့ကလည်း ထိုသို့ဖြေဆိုသည်။** မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံက ဩဇာလွှမ်းမိုးနိုင်သောကြောင့် သဘောမတူခြင်းဖြစ်ကြောင်း ဖြေဆိုမှုတွင်လည်း **နိုင်ငံရေးအသိုက်အဝန်းက** အများဆုံးဖြစ်ပြီး ၇၅ ရာခိုင်နှုန်းရှိသည်။ EAOs များ၏ ၅၅ ရာခိုင်နှုန်း၊ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၅၂ ရာခိုင်နှုန်းတို့ကလည်း** ထိုသို့ဖြေဆိုသည်။ အင်အားကြီးနိုင်ငံများအကြား ပထဝီနိုင်ငံရေး အားပြိုင်မှုကြောင့် နိုင်ငံတည်ငြိမ်ရေး ထိခိုက်လာနိုင်သောကြောင့်ဟု ဖြေဆိုသူမှာ **စီးပွားရေးအသင်းအဖွဲ့များ၏ ၅၄ ရာခိုင်နှုန်း၊** PDFs/LDFs များနှင့်နိုင်ငံရေးအသိုက်အဝန်း၏ ၅၀ ရာခိုင်နှုန်းရှိသည်။ အကြွေးဝန်ပိပြီး (Sovereign Debt) အချုပ်အခြာအာဏာကို ထိခိုက်လာနိုင်သောကြောင့် သဘောမတူခြင်းဖြစ်သည်ဟု ဖြေဆိုသူမှာ PDFs/LDFs များ၏ ၅၀ ရာခိုင်နှုန်း၊ နိုင်ငံရေး**အသိုက်အဝန်း၏ ၅၀ ရာခိုင်နှုန်းနှင့် ထင်ရှားသူများ၏ ၄၄ ရာခိုင်နှုန်း** ရှိသည်။

မေးခွန်း-၆၇

'CMEC အကောင်အထည်ဖော်ခြင်းကို သဘောမတူရသည့် အကြောင်းပြချက်'အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| ပြည်သူများ၏ လူမှုဘဝနှင့်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်သည် | ၅၆% | ၆၂% | ၆၃% | ၃၃% | ၅၆% | ၅၅% | ၅၇% |
| သတင်းအချက်အလက်နှင့် ပွင့်လင်းမြင်သာမှု ကင်းမဲ့နိုင်သည် | ၂၇% | ၃၃% | ၁၃% | ၂၁% | ၃၀% | ၉% | ၇% |
| အကြွေးဝန်ပိပြီး အချုပ်အခြာအာဏာကို ထိခိုက်လာနိုင်သည် | ၃၈% | ၃၃% | ၅၀% | ၃၈% | ၄၄% | ၃၆% | ၅၀% |
| တရုတ်နိုင်ငံအပေါ် စီးပွားရေးအရ မှီခိုရမှု ပိုကြီးမားနိုင်သည် | ၃၅% | ၃၇% | ၂၅% | ၃၈% | ၃၂% | ၂၇% | ၄၃% |
| အကျိုးစီးပွားအားပြိုင်မှုကြောင့် ပဋိပက္ခများ ပိုတိုးနိုင်သည် | ၂၃% | ၁၉% | ၁၃% | ၂၅% | ၃၂% | ၂၇% | ၂၁% |
| တရုတ်နိုင်ငံက ဩဇာပိုလွှမ်းမိုးလာနိုင်သည် | ၅၂% | ၅၂% | ၇၅% | ၄၆% | ၅၀% | ၅၅% | ၅၀% |
| ပထဝီနိုင်ငံရေးအားပြိုင်မှုကြောင့် နိုင်ငံတည်ငြိမ်ရေး ထိခိုက်နိုင်သည် | ၄၁% | ၄၁% | ၅၀% | ၅၄% | ၂၈% | ၄၅% | ၅၀% |
| အခြား | ၄% | ၃% | ၀% | ၄% | ၈% | ၉% | ၀% |
| မသိပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |

# ၆


## မြန်မာကတဆင့် တရုတ်၏
## ဒေသတွင်းအစီအမံအပေါ် အမြင်များ

**မေးခွန်း-၆၈ မှ ၇၀ အထိ**


## တရုတ်နိုင်ငံ၏ ဒေသတွင်းပေါင်းစည်းရေးအစီအမံများကို သိ၊ မသိ

သိပါသည် / မသိပါ

- **မေးခွန်း-၆၈**
  ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (RCEP) ကို သိ၊ မသိ




- **မေးခွန်း-၆၉**
  အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ရေကြောင်းကုန်သွယ်ရေးစင်္ကြံသစ် (ILSTC) ကို သိ၊ မသိ




- **မေးခွန်း-၇၀**
  လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ (LMC) ကို သိ၊ မသိ





ယခုမေးခွန်းများကို မေးမြန်းရာတွင် "၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံမှာ အကောင်အထည်ဖော်နေတဲ့ တရုတ်နိုင်ငံရဲ့ ဒေသတွင်းပေါင်းစည်းရေးအစီအမံတွေ ရှိပါတယ်။ အခုဖတ်ပြမယ့် အစီအမံတွေ အကောင်အထည်ဖော်နေတာကို သိပါသလား"ဟု မေးမြန်းခဲ့ပါသည်။

**မေးခွန်း-၇၁ နှင့် ၇၂**


## တရုတ်နိုင်ငံ၏ ဒေသတွင်းပေါင်းစည်းရေးအစီအမံများကို သိ၊ မသိ

သိပါသည် | မသိပါ

■ မေးခွန်း-၇၁
ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (GDI) ကို သိ၊ မသိ




■ မေးခွန်း-၇၂
ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI) ကို သိ၊ မသိ




တရုတ်နိုင်ငံကဖော်ဆောင်နေသော ဒေသတွင်းပေါင်းစည်းရေးအစီအမံများ ရှိပါသည်။ ယင်းအစီအမံများနှင့်ပတ်သက်ပြီး မည်မျှအတိုင်းအတာအထိ သိရှိနားလည်နေ၊ မနေကိုလည်း ယခုစစ်တမ်းတွင် ထည့်သွင်းမေးမြန်းခဲ့ပါသည်။ အကြမ်းဖျင်းအားဖြင့် တရုတ်နိုင်ငံ၏ အစီအမံများကို မသိသူ ပိုများနေသည်ကိုတွေ့ရသည်။ ‘ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်’ (RCEP) ကိုမသိသူ **၅၉ ရာခိုင်နှုန်း**နှင့် သိသူ **၄၁ ရာခိုင်နှုန်း**ရှိသည်။ ‘အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ရေကြောင်းကုန်သွယ်ရေးစင်္ကြံသစ်’ (ILSTC) ကိုမသိသူ **၆၆ ရာခိုင်နှုန်း**နှင့် သိသူ **၃၄ ရာခိုင်နှုန်း** ရှိသည်။ ထူးခြားချက်အနေဖြင့် ‘လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးအစီအမံ’ (LMC) ကိုသိသူမှာ ပိုများသည်ကိုတွေ့ရပါသည်။ ယင်းအစီအမံကို သိသူ **၇၁ ရာခိုင်နှုန်း**နှင့် မသိသူ **၂၉ ရာခိုင်နှုန်း**ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (GDI) ကို မသိသူမှာ **၆၅ ရာခိုင်နှုန်း**ရှိပြီး သိရှိသူမှာ **၃၅ ရာခိုင်နှုန်း**ရှိသည်။ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ (GSI) ကို မသိသူ **၆၇ ရာခိုင်နှုန်း**နှင့် သိသူ **၃၃ ရာခိုင်နှုန်း**ရှိသည်။ ၂၀၂၃ ခုနှစ်စစ်တမ်းနှင့် နှိုင်းယှဉ်ပါက RCEP ကိုသိသူ **ရှစ်ရာခိုင်နှုန်း**၊ LMC ကိုသိသူ **၁၃ ရာခိုင်နှုန်း**နှင့် GSI ကိုသိသူ **ရှစ်ရာခိုင်နှုန်း**တိုးလာခြင်းဖြစ်သည်။ ထို့အတူ ILSTC နှင့် GDI ကို သိသူလည်း အနည်းငယ်တိုးလာသည်ကို တွေ့ရသည်။

မေးခွန်း-၆၈

‘ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (RCEP)’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သိပါသည် | ၄၁% | ၂၉% | ၃၈% | ၅၀% | ၅၆% | ၄၇% | ၃၁% |
| မသိပါ | ၅၉% | ၇၁% | ၆၃% | ၅၀% | ၄၄% | ၅၃% | ၆၉% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |

မေးခွန်း-၆၉

‘အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ရေကြောင်း ကုန်သွယ်ရေးစင်္ကြံသစ် (ILSTC)’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သိပါသည် | ၃၄% | ၃၂% | ၂၅% | ၃၃% | ၄၂% | ၃၃% | ၁၉% |
| မသိပါ | ၆၆% | ၆၈% | ၇၅% | ၆၇% | ၅၈% | ၆၇% | ၈၁% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |

မေးခွန်း-၇၀

‘လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ (LMC)’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သိပါသည် | ၇၁% | ၅၉% | ၆၉% | ၈၈% | ၈၂% | ၈၀% | ၅၆% |
| မသိပါ | ၂၉% | ၄၁% | ၃၁% | ၁၂% | ၁၈% | ၂၀% | ၄၄% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |

မေးခွန်း-၇၁

‘ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (GDI)’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သိပါသည် | ၃၅% | ၂၉% | ၂၅% | ၃၈% | ၄၂% | ၄၀% | ၄၄% |
| မသိပါ | ၆၅% | ၇၁% | ၇၅% | ၆၂% | ၅၈% | ၆၀% | ၅၆% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

အသိုက်အဝန်းခြောက်ခု၏ အဖြေများကိုနှိုင်းယှဉ်ရာတွင် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (RCEP) ကို သိကြောင်းဖြေဆိုသူမှာ **စီးပွားရေးအသင်းအဖွဲ့များ၏ ၅၀ ရာခိုင်နှုန်း**နှင့် ထင်ရှားသူများ၏ **၅၆ ရာခိုင်နှုန်း**ရှိသည်။ မသိကြောင်းဖြေဆိုသူမှာ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၁ ရာခိုင်နှုန်း၊** PDFs/LDFs များ၏ **၆၉ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၆၃ ရာခိုင်နှုန်း** ရှိသည်။ အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ရေကြောင်းကုန်သွယ်ရေးစင်္ကြံသစ် (ILSTC) ကို သိကြောင်း ဖြေဆိုမှုတွင် **ထင်ရှားသူများ၏ ၄၂ ရာခိုင်နှုန်း၊** EAOs များ၏ **၃၃ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၃၃ ရာခိုင်နှုန်း** ရှိသည်။ မသိကြောင်းဖြေဆိုမှုတွင် PDFs/LDFs များ၏ **၈၁ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၇၅ ရာခိုင်နှုန်း**နှင့် **အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၈ ရာခိုင်နှုန်း** ရှိသည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ (LMC) ကို သိကြောင်း ဖြေဆိုမှုတွင် **စီးပွားရေးအသင်းအဖွဲ့များ၏ ၈၈ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၈၂ ရာခိုင်နှုန်း**နှင့် EAOs များ၏ **၈၀ ရာခိုင်နှုန်း** ရှိသည်။ မသိကြောင်း ဖြေဆိုမှုတွင် PDFs/LDFs များ၏ **၄၄ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၄၁ ရာခိုင်နှုန်း**နှင့် **နိုင်ငံရေးအသိုက်အဝန်း၏ ၃၁ ရာခိုင်နှုန်း**ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (GDI)ကို သိကြောင်း ဖြေဆိုရာတွင် PDFs/LDFs များက အများဆုံးဖြစ်ပြီး **၄၄ ရာခိုင်နှုန်း**ရှိသည်။ ယင်းနောက်တွင် **ထင်ရှားသူများက ၄၂ ရာခိုင်နှုန်း**နှင့် EAOs များက **၄၀ ရာခိုင်နှုန်း**ဖြင့် အသီးသီးရပ်တည်သည်။ မသိကြောင်းဖြေဆိုရာတွင် **နိုင်ငံရေးအသိုက်အဝန်း**က အများဆုံးဖြစ်ပြီး **၇၅ ရာခိုင်နှုန်း**ရှိသည်။ ယင်းနောက်တွင် **အရပ်ဘက်အဖွဲ့အစည်းများက ၇၀ ရာခိုင်နှုန်း**နှင့် **စီးပွားရေးအသင်းအဖွဲ့များက ၆၂ ရာခိုင်နှုန်း**ဖြင့် အသီးသီးရပ်တည်သည်။ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI) ကို သိကြောင်း ဖြေဆိုသူများတွင် **ထင်ရှားသူများ**နှင့် EAOs များက အများဆုံးဖြစ်ပြီး **၄၁ ရာခိုင်နှုန်း**နှင့် **၄၀ ရာခိုင်နှုန်း**ရှိသည်။ မသိကြောင်း ဖြေဆိုသူမှာ **နိုင်ငံရေးအသိုက်အဝန်း**က အများဆုံးဖြစ်ပြီး **၈၈ ရာခိုင်နှုန်း**ရှိသည်။ ထို့နောက် **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၀ ရာခိုင်နှုန်း**နှင့် PDFs/LDFs များ၏ **၆၉ ရာခိုင်နှုန်း**ကလည်း မသိကြောင်း ဖြေဆိုခဲ့ကြသည်။


မေးခွန်း-၇၂

‘ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI)’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သိပါသည် | ၃၃% | ၃၀% | ၁၃% | ၃၆% | ၄၁% | ၄၀% | ၂၅% |
| မသိပါ | ၆၇% | ၇၀% | ၈၈% | ၆၄% | ၅၉% | ၆၀% | ၆၉% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၆% |

## မေးခွန်း-၇၃

### ဒေသတွင်းပေါင်းစည်းရေးအစီအမံတွင် တရုတ်နိုင်ငံ၏ မျှော်မှန်းချက်




- မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန်
- မြန်မာနိုင်ငံကတဆင့် ဒေသတွင်းနိုင်ငံများနှင့် ချိတ်ဆက်မှုအားကောင်းလာရန်
- မြန်မာနိုင်ငံအပါအဝင် ဒေသတွင်း၌ ပထဝီနိုင်ငံရေးအရ ဩဇာဖြန့်ကြက်ရန်
- ဒေသတွင်း၌ တရုတ်ဦးဆောင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး အခင်းအကျင်းတရပ် ပေါ်ပေါက်လာရန်
- မသိပါ

ဒေသတွင်းပေါင်းစည်းရေးအစီအမံများနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ မျှော်မှန်းချက်များအဖြစ် ဒေသတွင်း၌ ၎င်းဦးဆောင်သော နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးအခင်းအကျင်းတရပ် ပေါ်ပေါက်လာစေရန်ဖြစ်ကြောင်း ယူဆသူ **၅၈ ရာခိုင်နှုန်း**နှင့် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းတွင် ပထဝီနိုင်ငံရေးအရ ဩဇာဖြန့်ကြက်ရန်ဖြစ်ကြောင်း ယူဆသူ **၃၂ ရာခိုင်နှုန်း**ရှိသည်။

---

မေးခွန်း-၇၃ ကိုမေးမြန်းရာတွင် **“ဒေသတွင်း ပေါင်းစည်းရေးအစီအမံတွေနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ဘာတွေမျှော်မှန်းထားတယ်လို့ ယူဆပါသလဲ။ တခုကိုရွေးပေးပါ”**ဟု မေးမြန်းခဲ့ပြီး ရွေးချယ်စရာများကို ဖတ်ပြခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

အသိုက်အဝန်းခြောက်ခု၏ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ဒေသတွင်း၌ တရုတ်ဦးဆောင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးအခင်းအကျင်းတရပ် ပေါ်ပေါက်လာစေရန် ရည်ရွယ်ကြောင်း အသိုက်အဝန်းတခုချင်းစီ၏ အများစုက ယူဆကြသည်။ EAOs များ၏ ၆၇ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၆၃ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၁ ရာခိုင်နှုန်းတို့က ထိုသို့ယူဆခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းတွင် ပထဝီနိုင်ငံရေးအရ ဩဇာဖြန့်ကြက်ရန်ရည်ရွယ်ကြောင်း ယူဆသူမှာ ထင်ရှားသူများ၏ ၃၅ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၃၄ ရာခိုင်နှုန်း၊ EAOs များ၏ ၃၃ ရာခိုင်နှုန်းရှိသည်။

**မေးခွန်း-၇၃**

‘ဒေသတွင်းပေါင်းစည်းရေးအစီအမံများနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံ၏မျှော်မှန်းမှု’အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| မြန်မာအပါအဝင် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန် | ၅% | ၂% | ၁၃% | ၁၇% | ၂% | ၀% | ၀% |
| မြန်မာကတဆင့် ဒေသတွင်းနိုင်ငံများနှင့် ချိတ်ဆက်မှုအားကောင်းလာရန် | ၄% | ၃% | ၆% | ၁၀% | ၃% | ၀% | ၆% |
| မြန်မာအပါအဝင် ဒေသတွင်း၌ ပထဝီနိုင်ငံရေးအရ ဩဇာဖြန့်ကြက်ရန် | ၃၂% | ၃၄% | ၂၅% | ၂၆% | ၃၅% | ၃၃% | ၃၁% |
| ဒေသတွင်း၌ တရုတ်ဦးဆောင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး အခင်းအကျင်းတရပ်ပေါ်ပေါက်လာရန် | **၅၈%** | **၆၁%** | **၄၄%** | **၄၈%** | **၅၉%** | **၆၇%** | **၆၃%** |
| မသိပါ | ၁% | ၀% | ၁၃% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၀% | ၂% | ၀% | ၀% |

**မေးခွန်း-၇၄ မှ ၇၆ အထိ**


## ဒေသတွင်းပေါင်းစည်းရေးအစီအမံများက မည်သူများကို အကျိုးရှိစေမည်နည်း

လုံးဝအကျိုးမရှိပါ
အကျိုးမရှိပါ
အကျိုးရှိပါသည်
အပြည့်အဝ အကျိုးရှိပါသည်
မသိပါ
မဖြေလိုပါ


■ မေးခွန်း-၇၄၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)




■ မေးခွန်း-၇၅၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)




■ မေးခွန်း-၇၆၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)





မေးခွန်း-၇၄ ကနေ ၇၈ အထိကို မေးမြန်းရာတွင် "ဒေသတွင်းပေါင်းစည်းရေးအစီအမံတွေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာရှိတဲ့ အဖွဲ့အစည်းတွေ အပေါ်မှာ အကျိုးရှိစေမယ်လို့ သုံးသပ်ကြပါတယ်။ အခုဖတ်ပြမယ့် အဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်တွေအတွက် ဘယ်လောက်အကျိုးရှိမယ် ထင်ပါသလဲ။ အကျိုးရှိမှုအတိုင်းအတာကို '၁'ကနေ '၄'အထိ သတ်မှတ်ထားပါတယ်။ '၁'က 'လုံးဝအကျိုးမရှိပါ'ဖြစ်ပြီး '၄'က 'အပြည့်အဝအကျိုးရှိပါတယ်' ဖြစ်ပါတယ်။ တခုကိုရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။ ဤမေးခွန်းများမှာ ယခုစစ်တမ်းတွင် အသစ်ထည့်သွင်းထားခြင်းဖြစ်ပါသည်။

မေးခွန်း-၇၇ နှင့် ၇၈


## ဒေသတွင်းပေါင်းစည်းရေးအစီအမံများက မည်သူများကို အကျိုးရှိစေမည်နည်း

- လုံးဝအကျိုးမရှိပါ
- အကျိုးမရှိပါ
- အကျိုးရှိပါသည်
- အပြည့်အဝ အကျိုးရှိပါသည်
- မသိပါ
- မဖြေလိုပါ

■ မေးခွန်း-၇၇၊ သာမန်ပြည်သူများ




■ မေးခွန်း-၇၈၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ




ဒေသတွင်းပေါင်းစည်းရေးအစီအမံများသည် စစ်ကောင်စီကိုသာ အကျိုးရှိစေမည်ဖြစ်ကြောင်း ယူဆမှုမှာ အများဆုံးဖြစ်ပြီး **၉၀ ရာခိုင်နှုန်း**ရှိသည်။ စစ်ကောင်စီအတွက် အကျိုးရှိစေမည်မဟုတ်ကြောင်း ယူဆသူ **ငါးရာခိုင်နှုန်း**ရှိသည်။ EAOs များကို အကျိုးရှိစေမည်ဟု ယူဆသူမှာ **၅၅ ရာခိုင်နှုန်း**နှင့် အကျိုးရှိစေမည်မဟုတ်ကြောင်း ယူဆသူ **၃၇ ရာခိုင်နှုန်း**ရှိသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို အကျိုးရှိစေသည်ဟု ဖြေဆိုသူ **၁၃ ရာခိုင်နှုန်း**နှင့် အကျိုးရှိစေမည်မဟုတ်ဟု ဖြေဆိုသူ **၇၅ ရာခိုင်နှုန်း**ရှိသည်။ သာမန်ပြည်သူများကို အကျိုးရှိစေကြောင်း ဖြေဆိုသူ **၂၅ ရာခိုင်နှုန်း**နှင့် အကျိုးရှိစေမည်မဟုတ်ကြောင်း ဖြေဆိုသူ **၆၉ ရာခိုင်နှုန်း**က ရှိသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များကို အကျိုးရှိစေကြောင်းဖြေဆိုသူ **၈၀ ရာခိုင်နှုန်း**နှင့် အကျိုးရှိစေမည်မဟုတ်ကြောင်းဖြေဆိုသူ **၁၄ ရာခိုင်နှုန်း** ရှိသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ စစ်ကောင်စီကို အကျိုးရှိစေကြောင်းယူဆမှုမှာ **PDFs များက**အများဆုံးဖြစ်ပြီး **ရာနှုန်းပြည့်**ဖြစ်သည်။ **နိုင်ငံရေးအသိုက်အဝန်း**၏ **၉၄ ရာခိုင်နှုန်း**နှင့် **ထင်ရှားသူများ**နှင့် **စီးပွားရေးအသိုက်အဝန်း**၏ **၉၁ ရာခိုင်နှုန်း**စီတို့ကလည်း ထိုသို့ ယူဆကြသည်။ EAOs များအတွက် အကျိုးရှိပါသည်ဟု ဖြေဆိုမှုမှာ **အရပ်ဘက်အဖွဲ့အစည်းများ**၏ **၆၁ ရာခိုင်နှုန်း**၊ **စီးပွားရေးအသင်းအဖွဲ့များ**၏ **၆၀ ရာခိုင်နှုန်း**နှင့် **PDFs/LDFs များ**၏ **၅၆ ရာခိုင်နှုန်း** ရှိသည်။ အကျိုးမရှိပါဟုဖြေဆိုမှုမှာ **EAOs များ**၏ **၅၄ ရာခိုင်နှုန်း**၊ **အရပ်ဘက်အဖွဲ့အစည်းများ**နှင့် **ထင်ရှားသူများ**၏ **၃၉ ရာခိုင်နှုန်း** ရှိသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အတွက် အကျိုးရှိပါသည်ဟုယူဆမှုမှာ **စီးပွားရေးအသင်းအဖွဲ့များ**၏ **၁၇ ရာခိုင်နှုန်း**၊ **အရပ်ဘက်အဖွဲ့အစည်းများ**၏ **၂၁ ရာခိုင်နှုန်း**နှင့် **PDFs/LDFs များ**၏ **၁၃ ရာခိုင်နှုန်း**ရှိသည်။ အကျိုးမရှိပါဟုယူဆမှုမှာ **PDFs/LDFs များ**၏ **၈၈ ရာခိုင်နှုန်း**၊ **EAOs များ**၏ **၈၇ ရာခိုင်နှုန်း**နှင့် **ထင်ရှားသူများ**၏ **၈၂ ရာခိုင်နှုန်း** ရှိသည်။

ထူးခြားချက်အနေဖြင့် NUG အတွက် အကျိုးရှိပါသည်ဟု ဖြေဆိုသူမှာ **EAOs များတွင် တဦးမှ မရှိခဲ့ခြင်း** ဖြစ်သည်။ သာမန်ပြည်သူများကို အကျိုးရှိစေကြောင်း ယူဆမှုမှာ **စီးပွားရေးအသင်းအဖွဲ့များ**၏ **၅၂ ရာခိုင်နှုန်း**၊ **နိုင်ငံရေးအသိုက်အဝန်း**၏ **၃၈ ရာခိုင်နှုန်း**နှင့် **EAOs များ**၏ **၂၇ ရာခိုင်နှုန်း** ရှိသည်။ အကျိုးမရှိပါဟုယူဆမှုမှာ **အရပ်ဘက်အဖွဲ့အစည်းများ**၏ **၈၅ ရာခိုင်နှုန်း**၊ **PDFs/LDFs များ**၏ **၇၆ ရာခိုင်နှုန်း**နှင့် **ထင်ရှားသူများ**၏ **၆၈ ရာခိုင်နှုန်း**ရှိသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် အကျိုးရှိပါသည်ဟု ဖြေဆိုသူမှာ **PDFs/LDFs များ**နှင့် **နိုင်ငံရေးအသိုက်အဝန်း**တို့က **၈၈ ရာခိုင်နှုန်း**စီနှင့် **အရပ်ဘက်အဖွဲ့အစည်းများ**၏ **၈၂ ရာခိုင်နှုန်း**ရှိသည်။ အကျိုးမရှိကြောင်းဖြေဆိုသူမှာ **အရပ်ဘက်အဖွဲ့အစည်းများ**၏ **၁၆ ရာခိုင်နှုန်း**၊ **ထင်ရှားသူများ**၏ **၁၅ ရာခိုင်နှုန်း**၊ **EAOs များ**နှင့် **PDFs/LDFs** တို့က **၁၃ ရာခိုင်နှုန်း**စီရှိသည်။

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝအကျိုးမရှိပါ’နှင့် ‘အကျိုးမရှိပါ’ နှစ်ရပ်ပေါင်းကို ‘အကျိုးမရှိပါ’ဟုလည်းကောင်း၊ ‘အလွန်အကျိုးရှိပါသည်’နှင့် ‘အကျိုးရှိပါသည်’ နှစ်ရပ်ပေါင်းကို ‘အကျိုးရှိပါသည်’ဟုလည်းကောင်း ကောက်ယူပါသည်။

မေးခွန်း-၇၄

‘နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၂% | ၅% | ၀% | ၀% | ၂% | ၀% | ၀% |
| အကျိုးမရှိပါ | ၃% | ၆% | ၀% | ၀% | ၂% | ၇% | ၀% |
| အကျိုးရှိပါသည် | ၆၃% | ၆၀% | ၅၆% | ၆၇% | ၇၀% | ၄၇% | ၇၅% |
| အပြည့်အဝအကျိုးရှိပါသည် | ၂၇% | ၃၀% | ၃၈% | ၂၄% | ၂၁% | ၄၀% | ၂၅% |
| မသိပါ | ၂% | ၀% | ၆% | ၅% | ၀% | ၇% | ၀% |
| မဖြေလိုပါ | ၂% | ၀% | ၀% | ၅% | ၆% | ၀% | ၀% |

မေးခွန်း-၇၅

‘တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၅% | ၃% | ၆% | ၂% | ၉% | ၇% | ၆% |
| အကျိုးမရှိပါ | ၃၂% | ၃၆% | ၂၅% | ၂၄% | ၃၀% | ၄၇% | ၃၁% |
| အကျိုးရှိပါသည် | ၅၃% | ၅၇% | ၅၀% | ၆၀% | ၄၅% | ၄၀% | ၅၆% |
| အပြည့်အဝအကျိုးရှိပါသည် | ၂% | ၄% | ၀% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၃% | ၀% | ၁၃% | ၅% | ၅% | ၇% | ၆% |
| မဖြေလိုပါ | ၅% | ၀% | ၆% | ၁၀% | ၁၁% | ၀% | ၀% |

မေးခွန်း-၇၆

‘အမျိုးသားညီညွတ်ရေးအစိုးရ (NUG)’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၁၇% | ၁၆% | ၁၉% | ၁၇% | ၂၀% | ၂၀% | ၁၃% |
| အကျိုးမရှိပါ | ၅၈% | ၆၁% | ၄၄% | ၃၈% | ၆၂% | ၆၇% | ၇၅% |
| အကျိုးရှိပါသည် | ၁၃% | ၂၀% | ၆% | ၁၇% | ၆% | ၀% | ၁၃% |
| အပြည့်အဝအကျိုးရှိပါသည် | ၀% | ၁% | ၀% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၆% | ၂% | ၁၃% | ၁၇% | ၃% | ၁၃% | ၀% |
| မဖြေလိုပါ | ၅% | ၀% | ၁၉% | ၁၂% | ၉% | ၀% | ၀% |

မေးခွန်း-၇၇

‘သာမန်ပြည်သူများ’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၁၈% | ၂၈% | ၆% | ၇% | ၁၅% | ၁၃% | ၁၃% |
| အကျိုးမရှိပါ | ၅၁% | ၅၇% | ၅၀% | ၂၉% | ၅၃% | ၅၃% | ၆၃% |
| အကျိုးရှိပါတယ် | ၂၅% | ၁၄% | ၃၈% | ၅၀% | ၂၆% | ၂၇% | ၁၉% |
| အပြည့်အဝအကျိုးရှိပါတယ် | ၀% | ၀% | ၀% | ၂% | ၀% | ၀% | ၀% |
| မသိပါ | ၃% | ၁% | ၆% | ၅% | ၂% | ၇% | ၆% |
| မဖြေလိုပါ | ၂% | ၀% | ၀% | ၇% | ၅% | ၀% | ၀% |

မေးခွန်း-၇၈

‘ပုဂ္ဂလိကလုပ်ငန်းရှင်များ’အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၀% | ၁% | ၀% | ၀% | ၀% | ၀% | ၀% |
| အကျိုးမရှိပါ | ၁၄% | ၁၅% | ၆% | ၁၂% | ၁၅% | ၁၃% | ၁၃% |
| အကျိုးရှိပါသည် | ၇၃% | ၇၄% | ၆၉% | ၆၇% | ၇၄% | ၆၇% | ၈၈% |
| အပြည့်အဝအကျိုးရှိပါသည် | ၇% | ၈% | ၁၉% | ၁၀% | ၃% | ၁၃% | ၀% |
| မသိပါ | ၃% | ၂% | ၆% | ၅% | ၂% | ၇% | ၀% |
| မဖြေလိုပါ | ၃% | ၀% | ၀% | ၇% | ၆% | ၀% | ၀% |

# ၂

# တရုတ်နိုင်ငံ၏
# ဆွဲဆောင်မှုကိုအသုံးပြုသော
# အာဏာသြဇာအပေါ် အမြင်များ

မေးခွန်း-၇၉

## တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများ အကျိုးသက်ရောက်မှု ရှိ၊ မရှိ




တရုတ်နိုင်ငံက မြန်မာနိုင်ငံကို ပေးအပ်ခဲ့သော ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများသည် အကျိုးမရှိကြောင်းဖြေဆိုသူ **၅၅ ရာခိုင်နှုန်း**ရှိသည်။ အကျိုးရှိသည်ဟုဖြေဆိုသူမှာ **၄၀ ရာခိုင်နှုန်း**ရှိပါသည်။ ထူးခြားချက်အနေဖြင့် ၂၀၂၃ ခုနှစ် စစ်တမ်းနှင့် နှိုင်းယှဉ်ပါက အကျိုးရှိသည်ဟု ယူဆသူ **၂၄ ရာခိုင်နှုန်း** တိုးလာပြီး အကျိုးမရှိပါဟု ယူဆသူ **၂၅ ရာခိုင်နှုန်း** လျော့ကျသွားပါသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၇၉ ကို မေးမြန်းရာတွင် "မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာကနေ ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီတွေ လက်ခံရရှိလေ့ရှိပါတယ်။ တရုတ်နိုင်ငံက ပေးအပ်တဲ့ အကူအညီတွေဟာ မြန်မာနိုင်ငံတွင်းက လူမှုအသိုက်အဝန်းအတွက် ဘယ်လောက် အကျိုးသက်ရောက်ပါသလဲ။ အကျိုးသက်ရောက်မှု အတိုင်းအတာကို '၁'ကနေ '၄'အထိ သတ်မှတ်ထားပါတယ်။ '၁'က 'လုံးဝအကျိုးမရှိပါ'ဖြစ်ပြီး '၄'က 'အလွန်အကျိုးရှိပါတယ်' ဖြစ်ပါတယ်။ တခုကို ရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ အကျိုးမရှိကြောင်း ဖြေဆိုသူများတွင် **အရပ်ဘက်အဖွဲ့အစည်းများက** အများဆုံးဖြစ်ပြီး **၆၃ ရာခိုင်နှုန်း**ရှိသည်။ **ထင်ရှားသူများ၏ ၆၁ ရာခိုင်နှုန်း**နှင့် **PDFs/LDFs များ၏ ၅၇ ရာခိုင်နှုန်း**ကလည်း ထိုသို့ ဖြေဆိုကြသည်။ အကျိုးရှိကြောင်းဖြေဆိုသူများတွင် **နိုင်ငံရေးအသိုက်အဝန်း**က အများဆုံးဖြစ်ပြီး **၇၅ ရာခိုင်နှုန်း**ရှိသည်။ **စီးပွားရေးအသင်းအဖွဲ့များ၏ ၆၀ ရာခိုင်နှုန်း**ကလည်း အကျိုးရှိကြောင်း ဖြေဆိုကြသည်။ ထူးခြားချက်မှာ EAOs များဖြစ်ပြီး အကျိုးရှိကြောင်းနှင့် အကျိုးမရှိကြောင်း ဖြေဆိုသူ တူညီနေခြင်းဖြစ်ပြီး **၄၇ ရာခိုင်နှုန်း**စီရှိသည်။

မေးခွန်း-၇၉

‘တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများ အကျိုးသက်ရောက်မှု ရှိ၊ မရှိ’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၁၃% | ၁၉% | ၀% | ၂% | ၁၄% | ၀% | ၁၉% |
| အကျိုးမရှိပါ | ၄၂% | ၄၄% | ၁၉% | ၃၆% | ၄၇% | ၄၇% | ၃၈% |
| အကျိုးရှိပါသည် | ၄၀% | ၃၂% | ၇၅% | ၆၀% | ၃၃% | ၄၀% | ၃၈% |
| အပြည့်အဝအကျိုးရှိပါသည် | ၀% | ၀% | ၀% | ၀% | ၀% | ၇% | ၀% |
| မသိပါ | ၃% | ၂% | ၆% | ၂% | ၅% | ၇% | ၆% |
| မဖြေလိုပါ | ၂% | ၃% | ၀% | ၀% | ၂% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝအကျိုးမရှိပါ’နှင့် ‘အကျိုးမရှိပါ’ နှစ်ရပ်ပေါင်းကို ‘အကျိုးမရှိပါ’ဟုလည်းကောင်း၊ ‘အကျိုးရှိပါသည်’နှင့် ‘အလွန်အကျိုးရှိပါသည်’ နှစ်ရပ်ပေါင်းကို ‘အကျိုးရှိပါသည်’ဟုလည်းကောင်း ကောက်ယူပါသည်။

**မေးခွန်း-၈၀**

## တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုပုံစံက မြန်မာနိုင်ငံအတွက် အတုယူလေ့လာစရာဖြစ်သည်ဟုဆိုခြင်းကို သဘောတူ၊ မတူ




တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုပုံစံ (Economic Development Model) က မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အတုယူလေ့လာစရာဖြစ်သည်ဟု ပြောဆိုချက်များအပေါ် သဘောမတူကြောင်း **၅၆ ရာခိုင်နှုန်း**က ဖြေဆိုကြသည်။ သဘောတူကြောင်း ဖြေဆိုသူ **၄၀ ရာခိုင်နှုန်း**ရှိသည်။ သဘောမတူသူမှာ ၂၀၂၃ ခုနှစ်ကထက် **နှစ်ရာခိုင်နှုန်း**နှင့် ၂၀၂၂ ခုနှစ်ကထက် **ကိုးရာခိုင်နှုန်း** တိုးလာသည်။ သဘောတူသူမှာ ၂၀၂၂ ခုနှစ်ကထက် **ငါးရာခိုင်နှုန်း** လျော့ကျသွားသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၈၀ ကို မေးမြန်းရာတွင် "တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုပုံစံ (Economic Development Model) က မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အတုယူလေ့လာစရာဖြစ်တယ်ဆိုပြီး ပြောဆိုကြတာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး သဘောတူပါသလား"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ သဘောမတူကြောင်း ဖြေဆိုသူများတွင် **ထင်ရှားသူများ**က အများဆုံးဖြစ်ပြီး ၆၄ ရာခိုင်နှုန်းရှိသည်။ **အရပ်ဘက်အဖွဲ့အစည်းများ**၏ ၆၁ ရာခိုင်နှုန်း၊ EAOs များ၏ ၆၀ ရာခိုင်နှုန်းနှင့် PDFs/LDFs များ၏ ၅၆ ရာခိုင်နှုန်းတို့ကလည်း သဘောမတူကြောင်း ဖြေဆိုပါသည်။ သဘောတူကြောင်း ဖြေဆိုသူများတွင် **နိုင်ငံရေးအသိုက်အဝန်း**က အများဆုံးဖြစ်ပြီး ၆၃ ရာခိုင်နှုန်းရှိသည်။ **စီးပွားရေးအသင်းအဖွဲ့များ**၏ ၆၀ ရာခိုင်နှုန်းကလည်း သဘောတူကြောင်း ဖြေဆိုသည်။


မေးခွန်း-၈၀

‘တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုပုံစံက မြန်မာနိုင်ငံအတွက် အတုယူလေ့လာစရာဖြစ်သည်’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သဘောတူပါသည် | ၄၀% | ၃၄% | ၆၃% | ၆၀% | ၃၂% | ၃၃% | ၄၄% |
| သဘောမတူပါ | ၅၆% | ၆၁% | ၃၁% | ၃၈% | ၆၄% | ၆၀% | ၅၆% |
| မသိပါ | ၂% | ၃% | ၆% | ၀% | ၀% | ၇% | ၀% |
| မဖြေလိုပါ | ၂% | ၂% | ၀% | ၂% | ၅% | ၀% | ၀% |

**မေးခွန်း-၈၁**

## တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီကို မြန်မာနိုင်ငံတွင် အတုယူကျင့်သုံးသင့်သည်ဟုဆိုခြင်းကို သဘောတူ၊ မတူ




တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီစနစ်မျိုးကို မြန်မာနိုင်ငံအတွက်လည်း အတုယူကျင့်သုံးသင့်သည်ဟူသည့် အချက်ကို သဘောမတူကြောင်း ဖြေဆိုသူ **၉၀ ရာခိုင်နှုန်း**ရှိသည်။ သဘောတူကြောင်း ဖြေဆိုသူမှာ **ခုနစ်ရာခိုင်နှုန်း**ရှိသည်။ သဘောမတူသူမှာ ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်ကထက် **သုံးရာခိုင်နှုန်း** တိုးလာပြီး သဘောတူသူမှာ ၂၀၂၂ ခုနှစ်ကထက် **တစ်ရာခိုင်နှုန်း**နှင့် ၂၀၂၃ ခုနှစ်ကထက် **နှစ်ရာခိုင်နှုန်း** လျော့သွားသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၈၁ ကို မေးမြန်းရာတွင် **“တရုတ်နိုင်ငံကပြောနေတဲ့ တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီစနစ်မျိုးဟာ မြန်မာနိုင်ငံအတွက်လည်း အတုယူကျင့်သုံးသင့်တယ်လို့ ပြောဆိုနေကြတာ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး သဘောတူပါသလား”**ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ သဘောမတူသူမှာ **အရပ်ဘက်အဖွဲ့အစည်းများက** အများဆုံးဖြစ်ပြီး ၉၅ ရာခိုင်နှုန်းရှိသည်။ ထင်ရှားသူများ၏ ၉၄ ရာခိုင်နှုန်း၊ EAOs များ၏ ၉၃ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၈၈ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၈၁ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၇၄ ရာခိုင်နှုန်းတို့ကလည်း သဘောမတူကြောင်း ဖြေဆိုကြပါသည်။ သဘောတူပါသည်ဟု ဖြေဆိုသူများထဲတွင် **စီးပွားရေးအသိုက်အဝန်းက** အများဆုံးဖြစ်ပြီး **၁၉ ရာခိုင်နှုန်း** ရှိပါသည်။

မေးခွန်း-၈၁

‘တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီစနစ်ကို မြန်မာနိုင်ငံတွင် အတုယူကျင့်သုံးသင့်သည်’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သဘောတူပါသည် | ၇% | ၅% | ၆% | ၁၉% | ၃% | ၇% | ၆% |
| သဘောမတူပါ | ၉၀% | ၉၅% | ၈၁% | ၇၄% | ၉၄% | ၉၃% | ၈၈% |
| မသိပါ | ၁% | ၀% | ၁၃% | ၀% | ၀% | ၀% | ၆% |
| မဖြေလိုပါ | ၂% | ၀% | ၀% | ၇% | ၃% | ၀% | ၀% |

**မေးခွန်း-၈၂**

## တရုတ်နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ပုံစံကို မြန်မာနိုင်ငံတွင် အတုယူကျင့်သုံးသင့်သည်ဟုဆိုခြင်းကို သဘောတူ၊ မတူ




တရုတ်နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ပုံစံ (Governance Model) ကို မြန်မာနိုင်ငံတွင် အတုယူကျင့်သုံးသည်ဟူသည့်အချက်ကို သဘောမတူကြောင်း ဖြေဆိုသူ **၈၅ ရာခိုင်နှုန်း**ရှိသည်။ **၁၀ ရာခိုင်နှုန်း**က သဘောတူကြောင်း ဖြေဆိုကြသည်။ ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက သဘောမတူကြောင်း ဖြေဆိုသူမှာ **ခြောက်ရာခိုင်နှုန်း** တိုးလာပြီး သဘောတူကြောင်း ဖြေဆိုသူ **ခြောက်ရာခိုင်နှုန်း** လျော့ကျသွားသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၈၂ ကို မေးမြန်းရာတွင် "တရုတ်နိုင်ငံရဲ့ အုပ်ချုပ်ရေးစနစ်ပုံစံ (Governance Model) က မြန်မာနိုင်ငံအတွက် အတုယူကျင့်သုံးစရာ ပုံစံတခုဖြစ်တယ်လို့ ပြောဆိုကြတာတွေ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး သဘောတူပါသလား"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏အဖြေများကို နှိုင်းယှဉ်ရာ၌ **အရပ်ဘက်အဖွဲ့အစည်းများက** သဘောမတူကြောင်း အများဆုံးဖြေဆိုကြပြီး ၉၃ ရာခိုင်နှုန်းရှိသည်။ PDFs/LDFs များ၏ ၈၈ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၈၆ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၆၉ ရာခိုင်နှုန်းနှင့် စီးပွားရေး အသင်းအဖွဲ့များ၏ ၆၇ ရာခိုင်နှုန်းတို့ကလည်း သဘောမတူကြောင်း ဖြေကြပါသည်။ သဘောတူပါသည်ဟု ဖြေဆိုသူများထဲတွင် **နိုင်ငံရေးအသိုက်အဝန်းနှင့် စီးပွားရေးအသင်းအဖွဲ့များတို့က** အများဆုံးဖြစ်ပြီး ၂၅ ရာခိုင်နှုန်းနှင့် ၂၄ ရာခိုင်နှုန်း အသီးသီးရှိပါသည်။

မေးခွန်း-၈၂

‘တရုတ်နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ပုံစံက မြန်မာနိုင်ငံအတွက် အတုယူကျင့်သုံးစရာဖြစ်သည်’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သဘောတူပါသည် | ၁၀% | ၆% | ၂၅% | ၂၄% | ၅% | ၁၃% | ၆% |
| သဘောမတူပါ | ၈၅% | ၉၃% | ၆၉% | ၆၇% | ၈၆% | ၈၀% | ၈၈% |
| မသိပါ | ၂% | ၁% | ၆% | ၂% | ၂% | ၇% | ၆% |
| မဖြေလိုပါ | ၃% | ၀% | ၀% | ၇% | ၈% | ၀% | ၀% |

**မေးခွန်း-၈၃**

## တရုတ်နိုင်ငံက စီစဉ်ပေးသော ခရီးစဉ်များနှင့် သင်တန်းများ သွားရောက်ပါဝင်ဖူးသလား




တရုတ်နိုင်ငံအစိုးရ သို့မဟုတ် စီးပွားရေးကုမ္ပဏီများ၊ သို့မဟုတ် တရုတ်နိုင်ငံရှိ တက္ကသိုလ်နှင့် အဖွဲ့အစည်းများက စီစဉ်သည့် တရုတ်နိုင်ငံ လေ့လာရေးခရီးစဉ်နှင့် သင်တန်းများကို တကြိမ်မှ သွားရောက်ဖူးခြင်းမရှိဟု ဖြေဆိုသူ ၇၁ ရာခိုင်နှုန်းရှိသည်။ နှစ်ကြိမ်နှင့် ငါးကြိမ်အကြား သွားဖူးပါသည်ဟု ဖြေဆိုသူ ၁၃ ရာခိုင်နှုန်းရှိပြီး တကြိမ်သွားဖူးသည်ဟု ဖြေဆိုသူမှာ ၁၂ ရာခိုင်နှုန်းရှိပါသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၈၃ ကို မေးမြန်းရာတွင် "တရုတ်နိုင်ငံရဲ့အစိုးရ ဒါမှမဟုတ် စီးပွားရေးကုမ္ပဏီတွေ၊ ဒါမှမဟုတ် တက္ကသိုလ်နဲ့အဖွဲ့အစည်းတွေက စီစဉ်ပေးမှုနဲ့ တရုတ်နိုင်ငံကို လေ့လာရေး ခရီးစဉ်တွေ/သင်တန်းတွေ သွားရောက်ပါဝင်ဖူးပါသလား"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ တကြိမ်မှမသွားဖူးပါဟု PDFs/LDFs များက အများဆုံးဖြေဆိုကြပြီး ၉၄ ရာခိုင်နှုန်းရှိသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၆ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၆၉ ရာခိုင်နှုန်း**ကလည်း တကြိမ်မှမသွားဖူးပါဟု ဖြေဆိုသည်။ တကြိမ်သွားရောက်ဖူးသူများတွင် **စီးပွားရေးအသင်းအဖွဲ့များ**က အများဆုံးဖြစ်ပြီး **၂၁ ရာခိုင်နှုန်း**ရှိသည်။ နှစ်ကြိမ်နှင့် ငါးကြိမ်အကြား သွားဖူးသူများတွင်လည်း **စီးပွားရေးအသင်းအဖွဲ့များ**က အများဆုံးဖြစ်ပြီး **၂၆ ရာခိုင်နှုန်း**ရှိသည်။

မေးခွန်း-၈၃

‘တရုတ်နိုင်ငံက စီစဉ်ပေးသော ခရီးစဉ်များနှင့် သင်တန်းများ သွားရောက်ပါဝင်ဖူးသလား’အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| တကြိမ်မှ မသွားဖူးပါ | ၇၁% | ၈၆% | ၆၉% | ၄၃% | ၆၂% | ၆၇% | ၉၄% |
| တကြိမ် သွားဖူးပါသည် | ၁၂% | ၈% | ၁၃% | ၂၁% | ၁၅% | ၂၀% | ၀% |
| နှစ်ကြိမ်နှင့်ငါးကြိမ်အကြား သွားဖူးပါသည် | ၁၃% | ၆% | ၆% | ၂၆% | ၁၈% | ၁၃% | ၆% |
| ခြောက်ကြိမ်နှင့်အထက် သွားဖူးပါသည် | ၃% | ၀% | ၆% | ၁၀% | ၃% | ၀% | ၀% |
| မသိပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| မဖြေလိုပါ | ၁% | ၁% | ၆% | ၀% | ၂% | ၀% | ၀% |

# ၈

# တရုတ်နည်းပညာသုံး မိုဘိုင်းဖုန်းများ၊ အက်ပလီကေးရှင်းများနှင့် လုံခြုံရေးဆိုင်ရာ အီလက်ထရောနစ် ပစ္စည်းများ သုံးစွဲမှုအပေါ် အမြင်များ

**မေးခွန်း-၈၄**

## တရုတ်ကုမ္ပဏီများက ထုတ်လုပ်သည့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာပစ္စည်းများ အသုံးပြုမှု




တရုတ်ကုမ္ပဏီထုတ် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာပစ္စည်းများကို အသုံးမပြုကြောင်း စစ်တမ်းဖြေသူ ၂၈ ရာခိုင်နှုန်း ကဆိုပါသည်။ သို့သော် တရုတ်ကုမ္ပဏီထုတ်ဖုန်းများကို အသုံးပြုသူ ၅၀ ရာခိုင်နှုန်း၊ WeChat အသုံးပြုသူ ၂၅ ရာခိုင်နှုန်း၊ TikTok အသုံးပြုသူ ၂၅ ရာခိုင်နှုန်းနှင့် CCTV လုံခြုံရေးစနစ် အသုံးပြုသူ ၂၃ ရာခိုင်နှုန်း ရှိပါသည်။ ၂၀၂၃ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက သိသာသောပြောင်းလဲမှုမတွေ့ရှိရသော်လည်း ၂၀၂၂ ခုနှစ် စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက TikTok အသုံးပြုသူ ၁၇ ရာခိုင်နှုန်း ပိုများလာပါသည်။

◀ ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၈၄ ကို မေးမြန်းရာတွင် "အခုဖတ်ပြမယ့် တရုတ်ကုမ္ပဏီတွေက ထုတ်လုပ်တဲ့ ဆက်သွယ်ရေးပစ္စည်းတွေနဲ့ ကွန်ရက်တွေကို လက်ရှိအသုံးပြုနေပါသလား။ တခုထက်ပိုပြီးလည်း ရွေးနိုင်ပါတယ်"ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ တရုတ်ကုမ္ပဏီထုတ်ဖုန်းများကို PDFs/LDFs များနှင့် **နိုင်ငံရေးအသိုက်အဝန်း**က အများဆုံးအသုံးပြုကြပြီး **၆၉ ရာခိုင်နှုန်း**နှင့် **၆၃ ရာခိုင်နှုန်း** အသီးသီးရှိကြသည်။ TikTok ကို EAOs များက အနည်းဆုံးအသုံးပြုကြပြီး **ခုနစ်ရာခိုင်နှုန်း**သာ ရှိသည်။ WeChat နှင့် CCTV လုံခြုံရေးစနစ်ကို **စီးပွားရေးအသင်းအဖွဲ့များ**က အများဆုံးအသုံးပြုကြပြီး **၅၀ ရာခိုင်နှုန်း**နှင့် **၅၇ ရာခိုင်နှုန်း** အသီးသီးရှိသည်။

မေးခွန်း-၈၄

'တရုတ်ကုမ္ပဏီများက ထုတ်လုပ်သည့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာပစ္စည်းများ အသုံးပြုနေသလား'အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| အသုံးမပြုပါ | ၂၈% | ၂၈% | ၁၉% | ၇% | ၄၅% | ၄၀% | ၁၉% |
| တရုတ်ကုမ္ပဏီထုတ်ဖုန်းများ | ၅၀% | ၅၄% | ၆၃% | ၅၀% | ၃၃% | ၆၀% | ၆၉% |
| WeChat | ၂၅% | ၁၉% | ၁၃% | ၅၀% | ၂၄% | ၂၀% | ၁၉% |
| TikTok | ၂၅% | ၃၂% | ၃၀% | ၂၆% | ၁၅% | ၇% | ၁၉% |
| CCTV လုံခြုံရေးစနစ် | ၂၃% | ၂၀% | ၁၃% | ၅၇% | ၁၂% | ၂၀% | ၆% |
| မသိပါ | ၁% | ၀% | ၀% | ၂% | ၀% | ၀% | ၆% |
| မဖြေလိုပါ | ၀% | ၀% | ၀% | ၃% | ၂% | ၀% | ၀% |

မေးခွန်း-၈၅ မှ ၈၇ အထိ


## တရုတ်ကုမ္ပဏီထုတ် နည်းပညာပစ္စည်းများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှုအပေါ် သဘောထား

- လုံးဝလုံခြုံစိတ်ချရမှုမရှိပါ
- လုံခြုံစိတ်ချရမှုမရှိပါ
- ကြားနေ
- လုံခြုံစိတ်ချရပါသည်
- အပြည့်အဝလုံခြုံစိတ်ချရပါသည်
- မသိပါ
- မဖြေလိုပါ


■ မေးခွန်း-၈၅၊ ဖုန်းများ




■ မေးခွန်း-၈၆၊ WeChat




■ မေးခွန်း-၈၇၊ TikTok





မေးခွန်း-၈၅ ကနေ ၈၈ အထိကို မေးမြန်းရာတွင် "တရုတ်ကုမ္ပဏီတွေက ထုတ်လုပ်တဲ့ ဖုန်းအပါအဝင် သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးဆိုင်ရာနည်းပညာတွေ၊ ပစ္စည်းတွေကို အသုံးပြုတာက ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှုအပေါ် ဘယ်လိုသက်ရောက်ပါသလဲ။ တခုချင်းစီမှာ လုံခြုံစိတ်ချရမှုအခြေအနေကို '၁'ကနေ '၅'အထိ သတ်မှတ်ထားပါတယ်။ '၁'က 'လုံးဝလုံခြုံစိတ်ချရမှုမရှိပါ' ဖြစ်ပြီး '၅'က 'အပြည့်အဝလုံခြုံစိတ်ချရပါတယ်' ဖြစ်ပါတယ်။ တခုကိုရွေးပေးပါ"ဟု မေးမြန်းခဲ့ပါသည်။

မေးခွန်း-၈၈

## တရုတ်ကုမ္ပဏီထုတ် နည်းပညာပစ္စည်းများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှုအပေါ် သဘောထား

- လုံးဝလုံခြုံစိတ်ချရမှုမရှိပါ
- လုံခြုံစိတ်ချရမှုမရှိပါ
- ကြားနေ
- လုံခြုံစိတ်ချရပါသည်
- အပြည့်အဝလုံခြုံစိတ်ချရပါသည်
- မသိပါ
- မဖြေလိုပါ

■ **မေးခွန်း-၈၈၊ တရုတ်နည်းပညာသုံး လုံခြုံရေးစနစ်များ**




တရုတ်ကုမ္ပဏီထုတ်ဖုန်းများကို အများဆုံးအသုံးပြုနေကြသော်လည်း လုံခြုံစိတ်ချရမှုမရှိကြောင်း ယူဆသူ **၇၃ ရာခိုင်နှုန်း**ရှိပါသည်။ WeChat ကို အသုံးပြုရာတွင်လည်း လုံခြုံစိတ်ချရမှုမရှိကြောင်း ယူဆသူ **၆၄ ရာခိုင်နှုန်း**၊ TikTok ကို လုံခြုံစိတ်ချရမှုမရှိကြောင်းယူဆသူ **၆၃ ရာခိုင်နှုန်း**နှင့် CCTV လုံခြုံရေးစနစ်ကို လုံခြုံစိတ်ချရမှုမရှိကြောင်းယူဆသူ **၆၉ ရာခိုင်နှုန်း**ရှိသည်။ ၂၀၂၃ ခုနှစ် စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက တရုတ်ကုမ္ပဏီထုတ် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာပစ္စည်းအသီးသီးအပေါ် လုံခြုံစိတ်ချရမှုမရှိကြောင်း ယူဆသူမှာ အနည်းဆုံး **၁၃ ရာခိုင်နှုန်း**ကနေ အများဆုံး **၁၉ ရာခိုင်နှုန်း**အထိ ပိုများလာကြောင်း တွေ့ရှိရပါသည်။

ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၈၅ ကနေ ၈၈ အထိကို မေးမြန်းရာတွင် “တရုတ်ကုမ္ပဏီတွေက ထုတ်လုပ်တဲ့ ဖုန်းအပါအဝင် သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးဆိုင်ရာနည်းပညာတွေ၊ ပစ္စည်းတွေကို အသုံးပြုတာက ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှုအပေါ် ဘယ်လိုသက်ရောက်ပါသလဲ။ တခုချင်းစီမှာ လုံခြုံစိတ်ချရမှုအခြေအနေကို ‘၁’ကနေ ‘၅’အထိ သတ်မှတ်ထားပါတယ်။ ‘၁’က ‘လုံးဝလုံခြုံစိတ်ချရမှုမရှိပါ’ ဖြစ်ပြီး ‘၅’က ‘အပြည့်အဝလုံခြုံစိတ်ချရပါတယ်’ ဖြစ်ပါတယ်။ တခုကိုရွေးပေးပါ”ဟု မေးမြန်းခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ တရုတ်ကုမ္ပဏီထုတ် ဖုန်းများသည် လုံခြုံစိတ်ချရမှုမရှိကြောင်း **အရပ်ဘက်အဖွဲ့အစည်းများနှင့်** EAOs **များက** အများဆုံး ယူဆခဲ့ကြပြီး **၈၀ ရာခိုင်နှုန်း** ရှိသည်။ **ထင်ရှားသူများ၏ ၇၈ ရာခိုင်နှုန်းက** တရုတ်နည်းပညာသုံး လုံခြုံရေးစနစ်များမှာ လုံခြုံစိတ်ချရမှုမရှိကြောင်း၊ **၇၁ ရာခိုင်နှုန်းက** WeChat ကို သုံးစွဲရာတွင် လုံခြုံ စိတ်ချရမှုမရှိကြောင်းနှင့် **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၆ ရာခိုင်နှုန်းက** TikTok ကို သုံးစွဲရာတွင် လုံခြုံစိတ်ချရမှုမရှိကြောင်း ဖြေဆိုခဲ့ပါသည်။

မေးခွန်း-၈၅

‘တရုတ်ကုမ္ပဏီထုတ်ဖုန်းများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝလုံခြုံစိတ်ချရမှုမရှိပါ | ၃၇% | ၄၅% | ၁၉% | ၂၆% | ၃၈% | ၃၃% | ၃၁% |
| လုံခြုံစိတ်ချရမှုမရှိပါ | ၃၆% | ၃၅% | ၁၉% | ၄၀% | ၃၉% | ၄၇% | ၁၉% |
| ကြားနေ | ၁၃% | ၁၂% | ၃၁% | ၁၉% | ၈% | ၇% | ၁၉% |
| လုံခြုံစိတ်ချရပါသည် | ၃% | ၃% | ၀% | ၅% | ၀% | ၀% | ၁၃% |
| အပြည့်အဝလုံခြုံစိတ်ချရပါသည် | ၁% | ၁% | ၀% | ၀% | ၂% | ၀% | ၆% |
| မသိပါ | ၈% | ၂% | ၃၁% | ၇% | ၁၂% | ၇% | ၁၃% |
| မဖြေလိုပါ | ၂% | ၂% | ၀% | ၂% | ၂% | ၇% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝလုံခြုံစိတ်ချရမှုမရှိပါ’နှင့် ‘လုံခြုံစိတ်ချရမှုမရှိပါ’ နှစ်ရပ်ပေါင်းကို ‘လုံခြုံစိတ်ချရမှုမရှိပါ’ဟု လည်းကောင်း၊ ‘လုံခြုံစိတ်ချရပါသည်’နှင့် ‘အပြည့်အဝလုံခြုံစိတ်ချရပါသည်’ နှစ်ရပ်ပေါင်းကို ‘လုံခြုံစိတ်ချရပါသည်’ဟုလည်းကောင်း ကောက်ယူပါသည်။

မေးခွန်း-၈၆

‘WeChat အသုံးပြုခြင်းကြောင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝလုံခြုံစိတ်ချရမှုမရှိပါ | ၃၆% | ၄၈% | ၆% | ၁၇% | ၄၁% | ၃၃% | ၁၉% |
| လုံခြုံစိတ်ချရမှုမရှိပါ | ၂၈% | ၂၁% | ၁၉% | ၄၅% | ၃၀% | ၂၇% | ၃၈% |
| ကြားနေ | ၉% | ၈% | ၁၉% | ၁၄% | ၅% | ၁၃% | ၁၃% |
| လုံခြုံစိတ်ချရပါသည် | ၂% | ၄% | ၀% | ၂% | ၀% | ၀% | ၆% |
| အပြည့်အဝလုံခြုံစိတ်ချရပါသည် | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၆% |
| မသိပါ | ၂၂% | ၁၈% | ၅၆% | ၁၉% | ၂၃% | ၂၀% | ၁၉% |
| မဖြေလိုပါ | ၂% | ၂% | ၀% | ၂% | ၂% | ၇% | ၀% |

မေးခွန်း-၈၇

‘TikTok အသုံးပြုခြင်းကြောင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝလုံခြုံစိတ်ချရမှုမရှိပါ | ၃၆% | ၅၀% | ၁၃% | ၁၉% | ၃၃% | ၂၇% | ၃၁% |
| လုံခြုံစိတ်ချရမှုမရှိပါ | ၃၀% | ၂၆% | ၁၉% | ၄၀% | ၃၅% | ၂၀% | ၂၅% |
| ကြားနေ | ၈% | ၇% | ၁၃% | ၁၀% | ၅% | ၂၀% | ၆% |
| လုံခြုံစိတ်ချရပါသည် | ၄% | ၄% | ၀% | ၁၀% | ၂% | ၀% | ၁၃% |
| အပြည့်အဝလုံခြုံစိတ်ချရပါသည် | ၀% | ၁% | ၀% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၂၀% | ၁၂% | ၅၆% | ၁၉% | ၂၃% | ၂၇% | ၂၅% |
| မဖြေလိုပါ | ၂% | ၁% | ၀% | ၂% | ၃% | ၇% | ၀% |


မှတ်ချက် - မေးခွန်း ၈၈ အတွက် ဖြေဆိုချက်များ၏ အသေးစိတ်ဇယားကို ISP-Myanmar ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။

## မေးခွန်း-၈၉ မှ ၉၁ အထိ


### တရုတ်သတင်းဌာနများအပေါ် ယုံကြည်စိတ်ချရမှု

- လုံးဝမယုံကြည်ရပါ
- မယုံကြည်ရပါ
- ကြားနေ
- ယုံကြည်ရပါသည်
- အပြည့်အဝယုံကြည်ရပါသည်
- မသိပါ
- မဖြေလိုပါ


■ မေးခွန်း-၈၉၊ Xinhua Myanmar (ဆင်ဟွာမြန်မာပိုင်း)




■ မေးခွန်း-၉၀၊ CRI Myanmar




■ မေးခွန်း-၉၁၊ ပေါက်ဖော်





မေးခွန်း-၈၉ ကနေ ၉၂ အထိကို မေးမြန်းရာတွင် "မြန်မာဘာသာနဲ့ ထုတ်လွှင့်နေတဲ့ တရုတ်နိုင်ငံပိုင် သတင်းဌာနတချို့ကို ဖတ်ပြပါမယ်။ ဒီအထဲက ဘယ်သတင်းဌာနရဲ့ ထုတ်လွှင့်မှုတွေက ယုံကြည်စိတ်ချရမှုရှိတယ်လို့ ယူဆပါသလဲ။ ယုံကြည်ရမှု အတိုင်းအတာကို '၁'ကနေ '၅'အထိ သတ်မှတ်ထားပါတယ်။ '၁'က 'လုံးဝမယုံကြည်ရပါ'ဖြစ်ပြီး '၅'က 'အပြည့်အဝယုံကြည်ရပါတယ်' ဖြစ်ပါတယ်"ဟု မေးမြန်းခဲ့ပါသည်။ ဤမေးခွန်းများမှာ ယခုနှစ်စစ်တမ်းတွင် အသစ်ထည့်သွင်းထားခြင်းဖြစ်ပါသည်။

မေးခွန်း-၉၂

## တရုတ်သတင်းဌာနများအပေါ် ယုံကြည်စိတ်ချရမှု

- လုံးဝမယုံကြည်ရပါ
- မယုံကြည်ရပါ
- ကြားနေ
- ယုံကြည်ရပါသည်
- မသိပါ
- မဖြေလိုပါ

■ မေးခွန်း-၉၂၊ မင်္ဂလာ




မြန်မာဘာသာဖြင့် ထုတ်လွှင့်လျက်ရှိသည့် တရုတ်နိုင်ငံပိုင် သတင်းဌာနများနှင့်ပတ်သက်၍ 'Xinhua Myanmar' (ဆင်ဟွာမြန်မာပိုင်း)ကို ယုံကြည်ရမှုမရှိကြောင်းယူဆသူ ၄၄ ရာခိုင်နှုန်းနှင့် မသိသူ ၂၂ ရာခိုင်နှုန်း၊ 'CRI Myanmar' ကို ယုံကြည်ရမှုမရှိကြောင်းယူဆသူ ၄၄ ရာခိုင်နှုန်းနှင့် မသိသူ ၃၈ ရာခိုင်နှုန်း၊ 'ပေါက်ဖော်'ကို မယုံကြည်ရကြောင်း ဖြေဆိုသူ ၄၉ ရာခိုင်နှုန်းနှင့် မသိသူ ၃၉ ရာခိုင်နှုန်း၊ 'မင်္ဂလာ'ကို မယုံကြည်ရကြောင်း ၄၈ ရာခိုင်နှုန်းနှင့် မသိသူ ၃၇ ရာခိုင်နှုန်း အသီးသီးရှိသည်။

◀ ယခင်နှစ် စစ်တမ်းများကို ကြည့်ရှုရန်။

မေးခွန်း-၈၉ ကနေ ၉၂ အထိကို မေးမြန်းရာတွင် "မြန်မာဘာသာနဲ့ ထုတ်လွှင့်နေတဲ့ တရုတ်နိုင်ငံပိုင် သတင်းဌာနတချို့ကို ဖတ်ပြပါမယ်။ ဒီအထဲက ဘယ်သတင်းဌာနရဲ့ ထုတ်လွှင့်မှုတွေက ယုံကြည်စိတ်ချရမှုရှိတယ်လို့ ယူဆပါသလဲ။ ယုံကြည်ရမှု အတိုင်းအတာကို '၁'ကနေ '၅'အထိ သတ်မှတ်ထားပါတယ်။ '၁'က 'လုံးဝမယုံကြည်ရပါ'ဖြစ်ပြီး '၅'က 'အပြည့်အဝယုံကြည်ရပါတယ်' ဖြစ်ပါတယ်"ဟု မေးမြန်းခဲ့ပါသည်။ ဤမေးခွန်းများမှာ ယခုနှစ်စစ်တမ်းတွင် အသစ်ထည့်သွင်းထားခြင်းဖြစ်ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်း ခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ **နိုင်ငံရေးအသိုက်အဝန်း၏ ၄၄ ရာခိုင်နှုန်းက** Xinhua Myanmar (ဆင်ဟွာ မြန်မာပိုင်း) ကို မသိကြောင်း ဖြေခဲ့ကြသည်။ **ထင်ရှားသူများ၏ ၅၆ ရာခိုင်နှုန်းကမူ** မယုံကြည်ကြောင်း ဖြေခဲ့ပါသည်။ CRI Myanmar ကို မသိသူ အရေအတွက်လည်းများခဲ့ပြီး **အရပ်ဘက်အဖွဲ့အစည်းများ၏ ၄၁ ရာခိုင်နှုန်း၊** **နိုင်ငံရေးအသိုက်အဝန်း၏ ၇၅ ရာခိုင်နှုန်း၊ စီးပွားရေးအသိုက်အဝန်း၏ ၅၀ ရာခိုင်နှုန်းနှင့် EAOs များ၏ ၄၀ ရာခိုင်နှုန်း**ရှိသည်။ ပေါက်ဖော်သတင်းဌာနကို မသိသူလည်း များခဲ့ပြီး **PDFs/LDFs များ၏ ၆၃ ရာခိုင်နှုန်းက** မယုံကြည်ကြောင်း ဖြေခဲ့သည်။

မေးခွန်း-၈၉

‘Xinhua Myanmar (ဆင်ဟွာမြန်မာပိုင်း)ကို ယုံကြည်မှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမယုံကြည်ရပါ | ၁၈% | ၂၂% | ၀% | ၁၀% | ၂၃% | ၁၃% | ၁၉% |
| မယုံကြည်ရပါ | ၂၆% | ၃၀% | ၁၉% | ၇% | ၃၃% | ၁၃% | ၃၁% |
| ကြားနေ | ၂၄% | ၁၇% | ၃၁% | ၄၀% | ၁၈% | ၄၀% | ၃၁% |
| ယုံကြည်ရပါသည် | ၇% | ၅% | ၆% | ၁၂% | ၆% | ၁၃% | ၁၃% |
| အပြည့်အဝ ယုံကြည်ရပါသည် | ၂% | ၁% | ၀% | ၅% | ၂% | ၀% | ၀% |
| မသိပါ | ၂၂% | ၂၄% | ၄၄% | ၂၆% | ၁၇% | ၂၀% | ၀% |
| မဖြေလိုပါ | ၁% | ၁% | ၀% | ၀% | ၂% | ၀% | ၆% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝမယုံကြည်ရပါ’နှင့် ‘မယုံကြည်ရပါ’ နှစ်ရပ်ပေါင်းကို ‘မယုံကြည်ရပါ’ ဟုလည်းကောင်း၊ ‘ယုံကြည်ရပါသည်’နှင့် ‘အပြည့်အဝယုံကြည်ရပါသည်’ နှစ်ရပ်ပေါင်းကို ‘ယုံကြည်ရပါသည်’ဟုလည်းကောင်း ကောက်ယူပါသည်။

မေးခွန်း-၉၀

‘CRI Myanmar ကို ယုံကြည်မှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမယုံကြည်ရပါ | ၁၉% | ၂၂% | ၆% | ၇% | ၂၆% | ၁၃% | ၁၉% |
| မယုံကြည်ရပါ | ၂၅% | ၂၆% | ၁၃% | ၁၇% | ၃၀% | ၂၇% | ၃၁% |
| ကြားနေ | ၁၄% | ၉% | ၆% | ၂၄% | ၂၀% | ၁၃% | ၆% |
| ယုံကြည်ရပါသည် | ၃% | ၃% | ၀% | ၂% | ၀% | ၇% | ၁၃% |
| အပြည့်အဝ ယုံကြည်ရပါသည် | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၆% |
| မသိပါ | ၃၈% | ၄၁% | ၇၅% | ၅၀% | ၂၃% | ၄၀% | ၁၉% |
| မဖြေလိုပါ | ၁% | ၀% | ၀% | ၀% | ၂% | ၀% | ၆% |

မေးခွန်း-၉၁

‘ပေါက်ဖော်သတင်းဌာနကို ယုံကြည်မှု’အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမယုံကြည်ရပါ | ၂၄% | ၂၈% | ၆% | ၁၀% | ၂၉% | ၂၀% | ၃၈% |
| မယုံကြည်ရပါ | ၂၅% | ၂၅% | ၁၃% | ၁၉% | ၃၂% | ၂၀% | ၂၅% |
| ကြားနေ | ၁၀% | ၁၀% | ၆% | ၂၁% | ၈% | ၇% | ၀% |
| ယုံကြည်ရပါသည် | ၁% | ၂% | ၀% | ၀% | ၀% | ၇% | ၀% |
| အပြည့်အဝ ယုံကြည်ရပါသည် | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၃၉% | ၃၅% | ၇၅% | ၄၈% | ၂၉% | ၄၇% | ၃၈% |
| မဖြေလိုပါ | ၂% | ၁% | ၀% | ၂% | ၃% | ၀% | ၀% |

မှတ်ချက် - မေးခွန်း ၉၂ အတွက် ဖြေဆိုချက်များ၏ အသေးစိတ်ဇယားကို ISP-Myanmar ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။

# နောက်ဆက်တွဲ

# စစ်တမ်းကောက်ယူမှု သုတေသနနည်းနာ

ISP-Myanmar က ပြုလုပ်ခဲ့သော သုတေသနစစ်တမ်းတွင် ကိန်းဂဏန်းအခြေပြုလေ့လာ ဆန်းစစ်မှုနည်းစနစ်ကို အဆင့်လေးဆင့်ဖြင့် အကောင်အထည်ဖော်ခဲ့သည်။ ပထမအဆင့် အနေဖြင့် စစ်တမ်းအတွက် ကနဦးပြင်ဆင်ခြင်းနှင့် အချက်အလက်များဆန်းစစ်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ ထိုသို့ပြုလုပ်ရာတွင် ဒီဇိုင်းရေးဆွဲရန်ပြင်ဆင်ခြင်း၊ အသေးစိတ်အချိန် ဇယားသတ်မှတ်ခြင်းနှင့် စစ်တမ်းတွင်ပါဝင်မည့်သူများကို ကြိုတင်ဆက်သွယ်ကာ စစ်တမ်း အကြောင်းရှင်းပြခြင်း၊ စစ်တမ်းတွင် ပါဝင်ရန် တိုက်တွန်းခြင်းနှင့် စစ်တမ်းတွင်ပါဝင်မည့် သူများ၏ အချက်အလက်များ မှန်ကန်မှု ရှိ၊ မရှိကို တိုက်ဆိုင်စစ်ဆေးခြင်းတို့ ပါဝင်ခဲ့သည်။

ဒုတိယအဆင့်အနေဖြင့် သုတေသနပြုလုပ်ရာတွင် အဓိကကျသည့် မေးမြန်းမည့် လူပုဂ္ဂိုလ် များကို နမူနာအုပ်စုခွဲခြင်း၊ စစ်တမ်းနည်းနာအတည်ပြုခြင်း (sampling frame and survey method development)၊ မေးခွန်းပြင်ဆင်ခြင်းနှင့် တည်းဖြတ်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ ပါသည်။ မေးခွန်းပြင်ဆင်ရာတွင် ပြီးခဲ့သော စစ်တမ်းနှစ်ခု၏ ရလဒ်များအကြား အပြောင်း အလဲ ရှိ၊ မရှိ ဆန်းစစ်နိုင်ရန်အတွက်လည်း မေးခွန်းတခုချင်းစီကို ပြန်လည်ဆန်းစစ်ခဲ့ပါသည်။ ထို့အပြင် တရုတ်-မြန်မာ ဆက်ဆံရေးတွင် ဖြစ်ပေါ်နေသော အခြေအနေများအပေါ် မူတည် ကာ မေးခွန်းများ အသစ်ဖြည့်စွက်ခြင်းနှင့် ရှိရင်းစွဲမေးခွန်းများအနက် တချို့ကို ဖြုတ်ပယ်ခြင်း များလည်း ပြုလုပ်ခဲ့ပါသည်။ စစ်တမ်းပြုလုပ်မည့်ကာလတွင် ကြီးကြပ်သူများ၊ စစ်တမ်း အချက်အလက်ကောက်ယူသူများ လိုက်နာရမည့် လက်စွဲစာစောင်ကို ရေးဆွဲခြင်း၊ လုံခြုံရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်း သတ်မှတ်ခြင်းများ၊ အချက်အလက်ကောက်ယူသူများကို ရွေးချယ် ခြင်းနှင့် သင်တန်းပို့ချခြင်းများ ပါဝင်ခဲ့သည်။

တတိယအဆင့်အနေဖြင့် သုတေသနဆန်းစစ်ချက်များအတွက် သာဓကယူအုပ်စုများအဖြစ် လျာထားသည့် ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ပြီး စတုတ္ထအဆင့် အဖြစ် ရရှိလာသောအချက်အလက်များကို ထည့်သွင်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဆန်းစစ်ခြင်း နှင့်အစီရင်ခံစာရေးသားခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ ယခင်နှစ်အတိုင်းပင် ISP-Myanmar နှင့် ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လုပ်ရပ်များမှုအဖွဲ့ (PACE) တို့သည် စစ်တမ်းအတွက် ကနဦး ပြင်ဆင်မှု၊ ဒီဇိုင်းရေးဆွဲမှု၊ နည်းနာအတည်ပြုမှုတို့အပြင် ဆန်းစစ်ချက်များအတွက် မျှော်မှန်း ချက်များနှင့် နည်းနာများ ဆုံးဖြတ်ခြင်း၊ မေးခွန်းများ ပြင်ဆင်ခြင်း၊ နမူနာအုပ်စုခွဲခြင်းနှင့်

လျာထားသည့် ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းခြင်းတို့ကို အတူပူးတွဲ လုပ်ဆောင်ခဲ့ကြသည်။ စစ်တမ်းမပြုလုပ်ခင် နမူနာအုပ်စုခွဲရာတွင် စံသတ်မှတ်ချက်နှင့် ကိုက်ညီစေရန်အတွက် သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးသော အစည်းအဝေးများကို ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ယုံကြည်စိတ်ချရမှု (reliability) နှင့် ကျိုးကြောင်းညီညွတ်မှု (validity) အတွက် တိုင်းတာနိုင်ရန် လိုအပ်သည့် စံနှုန်းသတ်မှတ်ချက်များကို လိုက်နာခဲ့ပါသည်။ စစ်တမ်းဖြေဆိုရန် စံနှုန်းကိုက်ညီမှုရှိသည့်အုပ်စုထဲမှ ငါးဦးထက်မနည်းကို ရွေ့ပြေးလေ့လာမှုအနေဖြင့် စစ်တမ်းမေးခွန်းများ မေးမြန်းခဲ့ပြီး ၎င်းတို့ထံက သုံးသပ်ချက်များကို ရယူခဲ့သည်။

စစ်တမ်း၏အဓိကရည်ရွယ်ချက်အရ စစ်တမ်းဖြေဆိုသူများသည် တရုတ်-မြန်မာ ဆက်ဆံရေးနှင့်ပတ်သက်၍ အတိုင်းအတာတခုအထိ သိရှိထားရန် လိုအပ်ပါသည်။ ထို့ကြောင့် နမူနာအုပ်စုသတ်မှတ်ရာ၌ ကျပန်းနည်းဖြင့်သတ်မှတ်ရန် မဖြစ်နိုင်သဖြင့် စစ်တမ်းဖြေမည့် ပုဂ္ဂိုလ်များကို သရုပ်ခွဲရာတွင် ရည်ရွယ်ချက်ထား ရွေးချယ်ကောက်ယူနည်း (purposive sampling) ကို အသုံးပြုခဲ့ပါသည်။ ပုဂ္ဂိုလ်များကို သရုပ်ခွဲရာတွင် တရုတ်-မြန်မာ ဆက်ဆံရေးတွင် အဓိကျသည့် ကဏ္ဍအသီးသီး၌ ၎င်းတို့၏ခေါင်းဆောင်မှုနှင့် မူဝါဒရေးရာအရ လွှမ်းမိုးနိုင်မှုတို့အပေါ်မူတည်ပြီး ရွေးချယ်ခဲ့ပါသည်။

ISP-Myanmar အနေနှင့် တွေ့ဆုံမေးမြန်းရမည့်ပုဂ္ဂိုလ်များကို စံသတ်မှတ်ချက်များနှင့်အညီ အသိုက်အဝန်းခြောက်ခုကို ပိုင်းခြားသတ်မှတ်ပါသည်။ ယင်းတို့မှာ (၁) နိုင်ငံရေးပါတီနှင့် နိုင်ငံရေးသမားများပါဝင်သည့် နိုင်ငံရေးအသိုက်အဝန်း၊ (၂) အရပ်ဘက်အဖွဲ့အစည်းများ အသိုက်အဝန်း၊ (၃) စီးပွားရေးအဖွဲ့အစည်းများ အသိုက်အဝန်း၊ (၄) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (၅) ထင်ရှားကျော်ကြား လူသိများသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ၊ လူမှုရေး၊ ဘာသာရေးနယ်ပယ်မှ သြဇာရှိသူများနှင့် (၆) နွေဦးတော်လှန်ရေးတွင် အသစ်ပေါ်ပေါက်လာပြီး တရုတ်စီမံကိန်းများရှိရာ ဒေသများတွင် အခြေစိုက်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များဟူ၍ ဖြစ်သည်။

ISP-Myanmar သည် အသိုက်အဝန်းတခုချင်းစီတွင် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ အခြေခံအချက်အလက် (baseline data) ကို တည်ဆောက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) နှင့် မြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့၏ ဝက်ဘ်ဆိုက်စာမျက်နှာတို့ထံက အချက်အလက်များ ရယူခဲ့သည်။ အသိုက်အဝန်းအသီးသီး၏ ခေါင်းဆောင်များနှင့် အကြိုဆွေးနွေးတိုင်ပင်ခြင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင်ရှိသော အရပ်ဘက်လူမှုအသိုက်အဝန်း၊

တိုင်းရင်းသားတော်လှန်ရေးနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ဆက်သွယ်မေးမြန်းကာ စာရင်းပြုစုခြင်းများ လုပ်ဆောင်ခဲ့ပါသည်။ တရုတ်-မြန်မာ ဆက်ဆံရေးတွင် အရေးပါသည့် ကိစ္စရပ်များအပေါ် ရွေးချယ်ထားသည့် ပုဂ္ဂိုလ်တဦးချင်း၊ အဖွဲ့အစည်းတခုချင်းစီ၏ ကျွမ်းကျင်မှု၊ တတ်သိမှု၊ ပါဝင်ပတ်သက်မှု၊ မူဝါဒနှင့် ပထဝီရေးရာ အရေးပါမှုနှင့် တရုတ်-မြန်မာ မူဝါဒရေးရာတွင် လွှမ်းမိုးမှုကိုလည်း ကျွမ်းကျင်သူများ၏ အကြံပြုချက်များရယူကာ ဆုံးဖြတ်ခဲ့သည်။ ထိုအချက်အလက်များကို စစ်တမ်းမပြုလုပ်မီ နှစ်လအလိုတွင် အသစ်ထပ်မံဖြည့်သွင်းခြင်း၊ အချက်အလက်စစ်ဆေးခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

ထိုသို့စာရင်းပြုစုရာဝယ် နိုင်ငံရေးအသိုက်အဝန်းအတွက် ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲများတွင် လွှတ်တော်အသီးသီး၌ အနိုင်ရရှိထားသော နိုင်ငံရေးပါတီများနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) ၏ အဓိကဒေသများဖြစ်သည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် အခြေစိုက် လှုပ်ရှားနေသော နိုင်ငံရေးပါတီများကို ရွေးချယ်သတ်မှတ်ပါသည်။ သို့ရာတွင် အာဏာသိမ်းပြီးနောက် စစ်ကောင်စီက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို အသစ်ပြဋ္ဌာန်းခဲ့ရာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီအများစု ပြန်လည်မှတ်ပုံတင်ခြင်း မရှိခဲ့ပေ။ ယခုစစ်တမ်းတွင် အဆိုပါနိုင်ငံရေးပါတီများမှ နိုင်ငံရေးခေါင်းဆောင်များအပါအဝင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများနှင့်ပတ်သက်၍ ဝေဖန်အကြံပြု၊ လှုပ်ရှားဆောင်ရွက်လျက်ရှိသော နိုင်ငံရေးခေါင်းဆောင် ၇၃ ဦးကို ရွေးချယ်စာရင်းပြုစုခဲ့သည်။

အရပ်ဘက်အဖွဲ့အစည်းများအသိုက်အဝန်းနှင့်ပတ်သက်၍ တရုတ်-မြန်မာဆက်ဆံရေးကို သုတေသနလုပ်ငန်းများ ထဲထဲဝင်ဝင်လုပ်ဆောင်နေသော၊ သဘာဝပတ်ဝန်းကျင်၊ မြေယာအရေး၊ တရုတ်စီမံကိန်းများအရေးတို့ကို စောင့်ကြည့်လေ့လာနေသော၊ ဒေသခံပြည်သူလူထု၏ အခွင့်အရေးများဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နေကြသော အရပ်ဘက်အဖွဲ့အစည်းဝင် ၂၃၀ ဦးကို ရွေးချယ်စာရင်းပြုစုပါသည်။ စီးပွားရေးအသင်းများ/အဖွဲ့အစည်းများတွင် တရုတ်နိုင်ငံနှင့် စီးပွားရေးအရ ပတ်သက်ဆက်နွှယ်နေသည့် (အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးလုပ်ငန်းများတွင် ပါဝင်နေသည့်) အဖွဲ့အစည်းများနှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံတွင် တိုက်ရိုက်ပါဝင်ပတ်သက်သည့် ပြည်ထောင်စုအဆင့် စီးပွားရေးအသင်းများ/အဖွဲ့အစည်းများနှင့် ပြည်နယ်အခြေစိုက် စီးပွားရေးအသင်း/အဖွဲ့အစည်းများက လူပုဂ္ဂိုလ် ၁၅၁ ဦးကို ရွေးချယ်ခဲ့သည်။ ထိုသို့ရွေးချယ်ရာတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ထံကရရှိသော အချက်အလက်များအပေါ် အခြေခံထားပါသည်။ ထင်ရှားကျော်ကြားသြဇာလွှမ်းမိုးသူများ အသိုက်အဝန်းတွင်

- တရုတ်-မြန်မာဆက်ဆံရေးနှင့်ပတ်သက်၍ သုတေသနပြုလုပ်နေသူများ၊ မူဝါဒရေးရာတွင် လွှမ်းမိုးနိုင်သော ထင်ရှားသည့် အသိပညာရှင် အတတ်ပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူမှုရေး၊ ဘာသာရေးနယ်ပယ်မှ သြဇာကြီးသူ ၁၅၂ ဦးကိုလည်း တွေ့ဆုံမေးမြန်းရမည့်စာရင်းတွင် ထည့်သွင်းခဲ့ပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို သတ်မှတ်ရာတွင် တိုင်းရင်းသားအခြေပြု ပေါ်ပေါက်ခဲ့ပြီး ပြီးခဲ့သည့်အစိုးရနှစ်ဆက်၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အလုပ်သဘောနှင့် အလွတ်သဘောပါဝင်ခဲ့သော တိုင်းရင်းသားအဖွဲ့အစည်း ၂၃ ခုကို စာရင်းပြုစုခဲ့ပါသည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ရွေးချယ်သတ်မှတ်ရာတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ တည်ရှိရာ ပြည်နယ်နှင့်တိုင်းများတွင် အခြေစိုက်သည့်တပ်ဖွဲ့များကို ဦးစွာရွေးချယ်ခဲ့သည်။ ထို့နောက် တပ်ဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၀၀ ဦးဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့များကိုသာ ရွေးချယ်ခဲ့သည်။ တပ်ဖွဲ့များ၏ နယ်မြေကြီးစိုးနိုင်မှု (territorial control) နှင့်ပတ်သက်ပြီး ISP-Myanmar က သတ်မှတ်ထားသည့် အဆင့်သုံးဆင့်ဖြစ်သည့် လှုပ်ရှားအဆင့် (active)၊ စိုးမိုးအဆင့် (rule)၊ ထိန်းချုပ်အဆင့် (control) အနက် လှုပ်ရှားအဆင့်ရှိသည့် အဖွဲ့များကို ရွေးချယ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အင်အားနှင့် နယ်မြေကြီးစိုးနိုင်မှု သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ၆၆ ဖွဲ့ကို ရွေးချယ်ခဲ့သည်။

အာဏာသိမ်းမှုအလွန် နိုင်ငံရေးအခြေအနေများနှင့် ပဋိပက္ခအခြေအနေများကြောင့် နေရာရွှေ့ပြောင်းမှု၊ ဖုန်းအင်တာနက်နှင့် ဆက်သွယ်ရေးလိုင်းများပြတ်တောက်မှုနှင့် အဖွဲ့အစည်းရပ်တည်မှု အပြောင်းအလဲများ ရှိနေပါသည်။ ထို့ကြောင့် ယခုနှစ်တွင် ISP-Myanmar အနေနှင့် PACE နှင့်အတူ ဒေတာများကို ပူးပေါင်းသုံးသပ်ခြင်းနှင့် အတည်ပြုခြင်းများကို လေးကြိမ် ပြုလုပ်ခဲ့ပါသည်။ အခြေခံအချက်အလက်များ၏ ယုံကြည်စိတ်ချရမှုကို ထိန်းသိမ်းရန် တဦးချင်းအခြေအနေများနှင့် အဖွဲ့အစည်းဆိုင်ရာ အခြေအနေများကို အကဲဖြတ်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် ပဋိပက္ခဒေသများတွင်ရှိနေသည့် နမူနာစာရင်းက အဖွဲ့အစည်း၊ လူပုဂ္ဂိုလ် ၂၈၁ ဦးကို စစ်တမ်းမပြုလုပ်မီ တလအလိုတွင် ဆက်သွယ်ကာ အချက်အလက်များ ထပ်မံအတည်ပြုခဲ့ပြီး နိုင်ငံတွင်းရှိ စီးပွားရေးအသင်းအဖွဲ့များကို ကိုယ်စားပြုသူ ၁၄၉ ဦး၊ လူထုအခြေပြုအဖွဲ့အစည်းများက ၉၉ ဦး၊ ထင်ရှားကျော်ကြား သြဇာလွှမ်းမိုးသူများအသိုက်အဝန်းက ၁၁ ဦးနှင့် နိုင်ငံရေးအဖွဲ့အစည်းများက ၂၂ ဦးတို့ ပါဝင်ပါသည်။ ဤနည်းအားဖြင့် အသိုက်အဝန်းခြောက်ခုစလုံးအတွက် လူပုဂ္ဂိုလ် စုစုပေါင်း ၆၉၅ ဦးကို ရွေးချယ်ခဲ့ပြီး အခြေခံစာရင်း (baseline data) ကို ပြုစုနိုင်ခဲ့ပါသည်။ ■

# တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာရွေးချယ်သရုပ်ခွဲခြင်း

ယခုသုတေသနစစ်တမ်းအတွက် အခြေခံစာရင်းကို အခြေပြု၍ အသိုက်အဝန်းခြောက်ခု၏ လူစာရင်းအရေအတွက်ကို အချိုးအစားအလိုက်တွက်ချက်ကာ တွေ့ဆုံမေးမြန်းရန် နမူနာကို ရွေးချယ်သတ်မှတ်ခဲ့ပါသည်။ စစ်တမ်းသုတေသနအရ အခြေခံစာရင်းရှိနမူနာ (sample) ကို အချိုးကျ (proportion) တွက်ချက်ပြီး သရုပ်ခွဲခဲ့ပါသည်။ သို့သော် အသိုက်အဝန်းခြောက်ခုတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များသည် ကျန်အသိုက်အဝန်းလေးခုနှင့်စာလျှင် အရေအတွက် နည်းပါးနေပါသည်။ ထို့ကြောင့် စစ်တမ်းတွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာသည့်အခါ ၎င်းတို့ကိုကိုယ်စားပြုနိုင်မည့် ဖြေဆိုမှုများပါဝင်စေရန် အခြေခံစာရင်းတွင် စာရင်းပြုစုထားသည့် အရေအတွက်များအတိုင်း ထပ်တိုးနမူနာအဖြစ် တွေ့ဆုံမေးမြန်းရန်လည်း သတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့်စစ်တမ်းတွင်ပါဝင်မည့် ပုဂ္ဂိုလ်နမူနာများကို သရုပ်ခွဲရာတွင် ပေါင်းစပ်နမူနာ (mixed proportion) စနစ်ကိုအသုံးပြုကာ ရွေးထုတ်ခဲ့ပါသည်။

■ အခြေခံစာရင်း၊ ပေါင်းစပ်နမူနာနှင့် တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့သူ

| အသိုက်အဝန်း | အခြေခံစာရင်း | ပေါင်းစပ်နမူနာ | ဖြေဆိုသူဦးရေ |
|---|---|---|---|
| အရပ်ဘက်အဖွဲ့အစည်းများ | ၂၃၀ | ၁၀၅ | ၁၀၅ |
| နိုင်ငံရေးနယ်ပယ် | ၇၃ | ၃၅ | ၁၆ |
| စီးပွားရေးအသင်းအဖွဲ့များ | ၁၅၁ | ၆၅ | ၄၂ |
| ထင်ရှားကျော်ကြားသူများ | ၁၅၂ | ၆၆ | ၆၆ |
| EAOs | ၂၃ | ၂၃ | ၁၅ |
| PDFs/LDFs | ၆၆ | ၅၈ | ၁၆ |
| စုစုပေါင်း | ၆၉၅ | ၃၅၂ | ၂၆၀ |

စစ်တမ်းအတွက် တွေ့ဆုံမေးမြန်းရန် နမူနာရွေးချယ်သရုပ်ခွဲရာတွင် အမျိုးသား၊ အမျိုးသမီး ဦးရေ မျှတစေရန် ဦးစားပေးပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် စစ်တမ်းနည်းနာနှင့် စံသတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ထားသည့် နမူနာအရ မူဝါဒချမှတ်သူများတွင် အမျိုးသားဦးရေမှာ သိသိသာသာ များပြားနေခြင်း၊ အာဏာသိမ်းမှုအလွန် နိုင်ငံရေးအကျပ်အတည်းနှင့် ပဋိပက္ခများကြောင့် ထွက်ပြေးတိမ်းရှောင်ရသူများတွင် မူဝါဒအသိုက်အဝန်းက အမျိုးသမီးများ အများစုပါဝင်နေခြင်း၊ စီးပွားရေးအသင်းအဖွဲ့များကို ဆန်းစစ်ပါကလည်း ဦးဆောင်သူများတွင် အမျိုးသားများ အများစုဖြစ်နေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် PDFs/LDFs များ၏ ခေါင်းဆောင်များသည်လည်း အမျိုးသားများသာ ဖြစ်နေခြင်းကြောင့် အမျိုးသားနှင့် အမျိုးသမီး အချိုးညီရန် ခက်ခဲပါသည်။ ထို့အပြင် ယခုနှစ်တွင် မူဝါဒရေးရာအသိုက်အဝန်း၏ ဖြေဆိုသူများထဲတွင် လိင်စိတ်ခံယူမှုကွဲပြားသူများလည်း ပါဝင်ခဲ့သည်။ စစ်တမ်းတွင် အမျိုးသား ၁၉၃ ဦး၊ အမျိုးသမီး ၆၄ ဦးနှင့် အခြား သုံးဦး ပါဝင်ခဲ့ပါသည်။ ရာခိုင်နှုန်းအားဖြင့် အမျိုးသား ၇၄ ရာခိုင်နှုန်း၊ အမျိုးသမီး ၂၅ ရာခိုင်နှုန်းနှင့် အခြား တစ်ရာခိုင်နှုန်း ပါဝင်ခဲ့သည်။ ယခုစစ်တမ်းတွင် ပါဝင်ဖြေဆိုသည့် အမျိုးသမီးဦးရေမှာ နှစ်စဉ်တိုးလာပြီး ယမန်နှစ်ကထက် ငါးဦး၊ ရာခိုင်နှုန်းအားဖြင့် တစ်ရာခိုင်နှုန်း တိုးလာခဲ့ပါသည်။ ယခုနှစ်စစ်တမ်းတွင် အသိုက်အဝန်းခြောက်ခုမှ လူပုဂ္ဂိုလ် ၂၆၀ ဦးကို မေးမြန်းနိုင်ခဲ့ပါသည်။ ထိုအထဲတွင် အရပ်ဘက်အဖွဲ့အစည်းက ၁၀၅ ဦး၊ နိုင်ငံရေးနယ်ပယ်က ၁၆ ဦး၊ စီးပွားရေးအသင်းအဖွဲ့က ၄၂ ဦး၊ ထင်ရှားကျော်ကြားသူများက ၆၆ ဦး၊ EAOs က ၁၅ ဦးနှင့် PDFs/LDFs က ၁၆ ဦးတို့ ပါဝင်ပါသည်။

စစ်တမ်းမေးမြန်းမှုများမပြုခင်တွင် ISP-Myanmar နှင့် PACE တို့ပူးပေါင်းကာ စစ်တမ်းကောက်ယူသူများ လိုက်နာရမည့် လက်စွဲစာအုပ်လည်း ထုတ်ဝေခဲ့ပါသည်။ ထိုလက်စွဲစာအုပ်တွင် စစ်တမ်းနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ နမူနာရွေးချယ်မှုရလဒ်များနှင့် စစ်တမ်းအတွက် လုပ်ထုံးလုပ်နည်းများကို စနစ်တကျလမ်းညွှန်ထားပါသည်။ ထိုစာအုပ်တွင် စစ်တမ်းကောက်ယူသူများအနေနှင့် မေးခွန်းများမေးမြန်းခြင်း၊ အဖြေများကို မှတ်တမ်းတင်ခြင်းနှင့် ဖြေဆိုသူများ၏ လုံခြုံရေးကို အလေးထားခြင်း စသည်တို့နှင့်ပတ်သက်သော စည်းကမ်းများ၊ ကျင့်ဝတ်များနှင့် စံနှုန်းများကို အဆင့်ဆင့် ဖော်ပြထားပါသည်။ ထို့ပြင် ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများ၊ အတိုကောက်စကားလုံးများကို နားလည်စေရန်ကိုလည်း လက်စွဲစာအုပ်တွင် နောက်ဆက်တွဲအနေဖြင့် ဖော်ပြထားပါသည်။

ထိုလက်စွဲစာအုပ်ပါ အကြောင်းအရာများနှင့် စစ်တမ်းကောက်ယူသည့်နည်းနာတို့ကို စစ်တမ်းမပြုလုပ်ခင် နှစ်ရက်အလိုတွင် သင်တန်းပေးကာ လေ့ကျင့်ပေးခဲ့ပါသည်။ သင်တန်းတွင် စစ်တမ်းရည်ရွယ်ချက်များ၊ နည်းစနစ်များ၊ လူတွေ့မေးမြန်းခြင်းနည်းနာများ၊ ကျင့်ဝတ်များ၊

- ဘေးကင်းရေး ကြိုတင်ကာကွယ်မှုများနှင့် ပြင်ဆင်မှုများ ပါဝင်သည်။ ထို့အပြင် တရုတ်-မြန်မာ ဆက်ဆံရေးသိမှုကို မြှင့်တင်ရန်အတွက် မြန်မာ့နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ ပဋိပက္ခနှင့် အကျပ်အတည်းတွင် တရုတ်နိုင်ငံ၏ပါဝင်ပတ်သက်မှု၊ တရုတ်-မြန်မာကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသတွင်းပေါင်းစည်းရေး အစီအစဉ်များအကြောင်း အထူးသင်တန်းကိုလည်း ပြုလုပ်ပေးခဲ့ပါသည်။

## ● နိုင်ငံရေးနှင့် လုံခြုံရေးအန္တရာယ် လျော့ပါးရေး

စစ်တမ်းအတွက် သုတေသန မေးခွန်းများ မေးမြန်းရာတွင် ကျင့်ဝတ်ကို အထူးအလေးပေး ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံရေးအရ ထိလွယ်ရှလွယ်သော အသုံးအနှုန်းများကို သုတေသန ကျင့်ဝတ်နှင့်အညီ ရေးသားပြင်ဆင်ခြင်း ပြုလုပ်သည့်နည်းတူ သုတေသနမေးမြန်းစဉ် ဘက်အသီးသီးတွင် ဆိုက်ဘာလုံခြုံရေးအန္တရာယ်များ လျော့ပါးစေရန်အတွက်လည်း စနစ်တကျဆောင်ရွက်ခဲ့ပါသည်။ ISP-Myanmar အဖွဲ့ဝင်များနှင့် စစ်တမ်းကောက်သူများ၏ ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးအတွက် အထူးအလေးထား ဆောင်ရွက်ခဲ့သည့်အပြင် စိတ်ပိုင်းဆိုင်ရာလုံခြုံရေးအတွက် လစ်ဟင်းမှုမရှိစေရန်လည်း အာရုံစိုက်ခဲ့ပါသည်။ ■

# ISP-Myanmar အကြောင်း

၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISP-Myanmar) သည် လွတ်လပ်ပြီး ပါတီစွဲကင်းသော အစိုးရမဟုတ်သည့် သုတေသနအဖွဲ့ ဖြစ်ပါသည်။ ISP-Myanmar ၏ မျှော်မြင်ချက်မှာ မြန်မာနိုင်ငံကို ရှန်းထကြွခိုင်မှု အားကောင်းပြီး သည်းခံစိတ်ကြီးမားသော လူမှုအဖွဲ့အစည်းတရပ်အဖြစ် ပေါ်ထွန်းလာစေရေးဖြစ်သည်။ ဦးတည်ချက်အနေဖြင့် ဒီမိုကရေစီကျသော ခေါင်းဆောင်မှုကို မြှင့်တင်အားပေးရန်နှင့် နိုင်ငံ့အရေးတွင် နိုင်ငံသားများပါဝင်မှု အားကောင်းစေရန် ဖြစ်ပါသည်။ ISP-Myanmar အနေနှင့် အထက်တွင်ဖော်ပြခဲ့သော မျှော်မြင်ချက်နှင့် ဦးတည်ချက်နှစ်ရပ်ကို အခြေခံ၍ မြန်မာ့ဒီမိုကရေစီအရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် အရပ်ဘက်အဖွဲ့အစည်းများ ရှင်သန်အားကောင်းရေးအတွက် အဓိက အစီအစဉ်သုံးရပ်ဖြင့် လုပ်ဆောင်နေပါသည်။ ထိုအစီအစဉ်သုံးရပ်မှာ (၁) မူဝါဒဦးတည်သည့် သုတေသနလုပ်ငန်းများ၊ (၂) သုတေသန အရည်အသွေးမြှင့်တင်ရေးသင်တန်းများပို့ချခြင်းနှင့် ခေါင်းဆောင်အဆင့် ဆွေးနွေးထိစပ်ခြင်းများနှင့် (၃) မီဒီယာကြားခံပေါင်းစုံဖြင့် ဆက်ဆံဆက်သွယ်ရေးနှင့် ပြင်ပဆက်ဆံရေးလုပ်ငန်းစဉ်များ ဖြစ်ကြပါသည်။

ISP-Myanmar က သုတေသနပြု လေ့လာတင်ပြနေသော နယ်ပယ်လေးရပ်ရှိပြီး ၎င်းတို့မှာ (က) ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဏ္ဍ၊ (ခ) တရုတ်-မြန်မာဆက်ဆံရေးကို အခြေခံသော တရုတ်ရေးရာလေ့လာမှု၊ (ဂ) နိုင်ငံရေးဘောဂဗေဒနှင့် (ဃ)လူမှုစီးပွားသုတေသန လေ့လာမှုတို့ ဖြစ်ပါသည်။ ထိုကိစ္စရပ်များနှင့်ပတ်သက်၍ ဒေတာအချက်အလက်များကို ဖော်ပြခြင်း၊ ပိုင်းခြားစိတ်ဖြာသုံးသပ်ခြင်းနှင့် ဖြစ်တန်ခြေအကဲဖြတ်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်းကို ၂၀၂၂ ခုနှစ်ကစတင်၍ နှစ်စဉ်ပြုလုပ်လျက်ရှိသည်။ အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံအတွင်းရှိ လူမှုစီးပွား အခြေအနေများကို သုတေသနပြုဆန်းစစ်နိုင်ရန် ISP-Myanmar ၏ Research Network က ဒေသဆိုင်ရာအချက်အလက်များကို ရယူဖော်ပြလျက်ရှိပါသည်။ ထိုနည်းတူ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်ဆုံးရှုံးနေသည့် လူငယ်များအတွက် ကြားကာလပညာရေး ဖြည့်ဆည်းပေးမှုအဖြစ် Bridge Education Program (BEP) ကိုလည်း လုပ်ဆောင်နေပါသည်။ အချက်အလက် အသေးစိတ်ကို www.ISPMyanmar.com နှင့် 'ISP ကပြင်ရပ်ဝန်း' တို့တွင် လေ့လာနိုင်ပါသည်။

Institute for Strategy and Policy-Myanmar

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.

info@ISPMyanmar.com

www.ISPMyanmar.com